www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသူ ဦးအောင်မြင့်၊
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် အောင်မြင်ပုံနှိပ်တိုက်၊
ဖြန့်ချိရေး အောင်မြင်စာပေ။
ပထမအကြိမ် - ၂၀၁၂ ခုနှစ်၊ (စက်တင်ဘာလ)၊ အုပ်ရေ(၅၀၀)။

၈၉၅.၈၃
ဝိဇ္ဇာ
သိပ်နောက်တဲ့ တစ္ဆေ / ဝိဇ္ဇာ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၂။
၁၅၃ - စာ၊ ၁၃.၅ x ၂၁ စင်တီ။
(၁) ဝိဇ္ဇာ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

နံနက်ခင်းသည် ရေခဲခေတ်နှောင်းကာလကလို၊ ကျန်းမာသန်စွမ်း ခြင်းမရှိတော့သော်လည်း တာဝန်ကျေစွာပင် ဒယီးဒယိုင်နှင့် နိုးထလာသည်။

ခြေရာချန်ထားရိုးထုံးစံ မရှိသည့်ငှက်များက အတောင်ပံကို သုံး၍ ကောင်းကင်တွင် လမ်းလျှောက်နေကြ၏။ လေထဲမှငှက်များကို ငေးရင်း အားကျသလိုပင် ဖြစ်မိသည်။ သူတို့ဘယ်ကိုများ သွားနေကြတာလဲ။

ကြိုးကြာငှက်နှင့် ဆယ်လမွန်ငါးတို့ အိမ်ပြန်ခရီးသည် မိုင်



www.burmeseclassic.com

www.burmeseclassic.com



ထောင် ချီရှည်လျားကြောင်း ကျွန်တော်ကြားဖူးသည်။ ထိုခရီးရှည်ကြီးကို အပြင်းနှင်နေကြသည့် ကြိုးကြာများနှင့် ငါးများအတွက် ပတ်စပို့နှင့် ဗီဇာ မလိုအပ်ပါ။

သို့သော် ငါးဖြစ်စေ၊ ကြိုးကြာဖြစ်စေ မြန်မာပြည်ကို ဖြတ်သန်းသွားကြမည်ဆိုလျှင်တော့ ဆိုက်ရောက်ဗီဇာလုပ်ရန် လိုသကဲ့သို့ ဧည့်စာရင်းလည်း တိုင်ရပေမည်။

ဧည့်စာရင်းစာရွက်ဖိုး ကျသင့်ငွေကို ဒေါ်လာနှင့်ရှင်းရမလား FEC နှင့်ရှင်းရမလားဆိုတာတော့ ကျွန်တော်လည်း တိတိကျကျမသိပါ။

ပီကေဝါးရင်း ကျောင်းထဲဝင်လာခိုက် ကောင်းကင်ကိုမော့ကြည့်စဉ် တွေ့ရသည့် ငှက်များကို အကြောင်းပြု၍. . . ကျွန်တော် ပေါက်ကရတွေ တွေးနေမိခြင်းဖြစ်သည်။

ကျွန်တော်တို့၏ ဒဂုံတက္ကသိုလ်ကြီးတွင် ငှက်မျိုးစိတ် အတော်များများအပြင် ကျွဲ၊ နွားဆိတ်အစရှိသော ခြေလေးချောင်းသတ္တဝါများကိုလည်း ဖေါဖေါသီသီတွေ့နိုင်လေသည်။

တွေ့ရမှာပေ့ါ၊ လူနေရပ်ကွက်နှင့် ဝေးလှသည်ကိုး။ တက္ကသိုလ်ကောလိပ်ပေါင်းစုံတို့သည် လူနေထူထပ်ရာနှင့် (၅)မိုင်မှ (၁၅)မိုင်ခန့် အကွာအဝေးတွင် တည်ရှိနေကြသည်။

တောကြီးမျက်မည်းထဲမှာ ဆောက်ပေးထားခြင်းမဟုတ်၍သာ တော်တော့သည်။ နို့မို့ဆို ကျောင်းတက်ရသည်မှာ အာဖရိကသို့ ဆာဖရီ အိတ်စပရက် ခရီးထွက်ရသည်သို့ ရှိမည်ထင်၏။

ကျားတွေ ခြင်္သေ့တွေနှင့်အတူ စာအုပ်ထဲတွင် ဓါတ်ခွဲ့တွေ ဖေါ်ထုတ်စမ်းသပ်ကြရလိမ့်မည်။ (လက်တွေ့မှ မလုပ်ရတာကိုး. .



www.burmeseclassic.com

www.burmeseclassic.com



စာရွက်ပေါ် မှာပဲပေါ့)

ကျွန်တော်ပီကေကို မန်ယူ၏ဆရာကြီး ဖာဂူဆန်ကဲ့သို့ မေးရိုး ပြုတ်ထွက်မတတ် တရစပ်ဝါးရင်း ကင်န်တင်းကို ဖြတ်လျှောက်လာ၏။ အကြည့်များက ကျီးကန်းတောင်းမှောက်၊ ထင်သည့်အတိုင်းပဲ ဘော်ဒါ တွေတစ်အုပ်ကြီး ကင်န်တင်းမှာ ပါရဂူဘွဲ့အတွက် စာတမ်းပြုစုနေကြ သလို အုန်းအုန်းထနေသည်။

သွက်လက်သော ခြေလှမ်းများနှင့် သူတို့ရှိရာစားပွဲသို့ လျှောက် လာခဲ့လိုက်သည်။

ကောင်းမြတ်၊ ချစ်ဆွေ၊ တွယ်တာ၊ စုစုစံနှင့် မိုးမိုးဆွေတို့ ဆက် ရက်ယောင်ဆောင်ကာ စကားများလျက်ရှိကြသည်။ ခုံတစ်လုံးဆွဲယူ၍ အားပါပါနှင့် ဆောင့်ကြောင့်ထိုင်ပြီး စကားများနေသည့် ချစ်ဆွေဘေး တွင် နေရာယူလိုက်သည်။

မြီးရှည်တစ်ပွဲမှာလိုက်ပြီးနောက်. . .

"ဘာတွေ ဖေါရွှေနေကြတာလဲ"

"မင်းကို ငါတို့ အသင်းထဲက ထုတ်ပစ်မလို့"

"ဟုတ်တယ် ရန်နောင်ထွန်း. . နင့်ရဲ့နောက်ပြောင်မှုတွေကို ဘယ်သူမှ မခံစားနိုင်တော့လို့ အပေါင်းအသင်းအဖြစ်က ရပ်စဲပစ် ချင်နေတာ"

ချစ်ဆွေနှင့် စုစုစံက အတိုင်အဖေါက်ညီညီ ကျွန်တော့်ကို နှိပ်ကွပ်ကြသည်။

"အဟဲ. . . နင်တို့ကလည်းဟာ ဒီအုပ်စုမှာ ငါမရှိရင် ပျင်း ခြောက်ခြောက်ကြီးဖြစ်သွားမယ်နော် သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် မပျင်းအောင် အရသာရှိရှိ ရည်းစားပဲထားတော့မယ် နှင့်ကိုတော့. . တာ့တာ့ပဲ"

တွယ်တာကလည်း မလိုတမာနှင့် ဝင်ခွပ်၏။

ကျွန်တော် ပြန်ကလိ လိုက်သည်။

"ရည်းစားထားတော့မယ် ဟုတ်လား၊ ငါလည်းရွှေကောက်ပွဲ ဝင်မယ်လေ"

"ဘာ"

"လန့်လိုက်တာ တွယ်တာရာ၊ ဘာထဖြစ်တာလဲ. . ငါလိုလူမျိုး နှင့်ကို ကြိုက်မယ်ဆိုတာ နာစရာလား"

"နာတာပေါ့ သိပ်ကိုနာတာပေါ့၊ နှင့်လိုကောင်မျိုး လက်တွဲမိတဲ့ မိန်းကလေး. . တစ်သက်လုံး အိပ်ကောင်းခြင်း စားကောင်းခြင်းနဲ့ နေခွင့်ရမှာ မဟုတ်ဘူး"

"ဟာ. . နင်ကလည်း အဲဒီလောက်တော့၊ ငါ အားမပါ,ပါဘူး ဟ"

ကျွန်တော့်အဖြေကြောင့် တွယ်တာ့မျက်နှာ နီရဲသွားသလို ဘော်ဒါတွေလည်း ဝိုင်းဟားကြ၏။

"ဟဲ့. . အကောင်စုတ်၊ ငါပြောတာက နင် စပုံနောက်ပုံမျိုးနဲ့ ကောင်းကောင်းနေရမှာ မဟုတ်ဘူးလို့ပြောတာ"

"အေးလေ ငါကလည်း မိန်းမဖြစ်မယ့်သူကို စဖို့နောက်ဖို့ သိပ် အားမပါဘူးလို့ ပြောတာလေ"

"တော်စမ်းပါ"

"တော်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



တခိခိ တခွိခွိ ရယ်သံများနှင့် ကျွန်တော်တို့၏ Monday Talk အစီအစဉ် ခဏရပ်သွား၏။ ကျွန်တော်မှာထားသည့် မြီးရှည်လည်း ရောက်လာပြီမို့ 'တူ'အိတ်တစ်ခု လှမ်းဆွဲလိုက်သည်။ ပုလပ်စတစ်အိတ်ထဲမှ တူကို ထုတ်ဖို့ကြိုးစားရင်း အမှတ်တမဲ့စတိုင်နှင့် တူကို လွှတ်ချလိုက်၏။

"ဟာကွာ. . လက်ကလည်း"

ကျွန်တော် ပွစိပွစိပြောရင်း တူကိုလှမ်းကောက်ချင်ယောင်ဆောင်ကာ ပါးစပ်ထဲမှ ညက်ညက်ကျေနေသည့် ပီကေကိုထုတ်၍ ကြမ်းခင်းတွင် ကပ်ပြီး ချစ်ဆွေ၏ ဖိနပ်တစ်ဖက်နှင့် ဖိကပ်ထားလိုက်၏။

ပြီးမှ. . . တူကို ကောက်၍ အိတ်ထဲမှ ထုတ်ပြီး မြီးရှည်ကို နယ်ဖတ်နေလိုက်သည်။

"ဟိုကောင် ရန်နောင်ထွဋ် ဝင်နှောက်တာနဲ့ တို့စကားဝိုင်းတောင် ဘယ်ရောက်သွားလဲ မသိဘူး"

"ဟိုလေဟာ စက်ထဲ ဘာထည့်လိုက်ရင် ဘာထွက်လာတယ် ဆိုလားပဲ"

ကောင်းမြတ်နှင့် မိုးမိုးဆွေတို့ Monday Talk အစီအစဉ်ကို ပြန်လည်ထုတ်လွှင့်ဖို့ ကြိုးစားလာ၏။

"ဩော်. . အေး သတိရပြီ၊ တစ်ခါက ဟားဗတ်တက္ကသိုလ်က ကျောင်းသူကျောင်းသားတွေကို မီလျံနာ သူဌေးကြီးနှစ်ယောက်က သူဌေးဖြစ်အောင် ကြိုးစားနည်းခေါင်းစဉ်နဲ့ ဟောပြောပွဲ ကျင်းပပေးတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ပထမ သူဌေးကြီးက သူဟာ ဆင့်ငါးဆယ် အကြွေတစ်စေ့ ထည့်လိုက်ရုံနဲ့ မိန်းမတစ်ယောက် ထွက်လာတဲ့စက်ကို တီထွင်နိုင်လို့ ချမ်းသာလာတာလို့ ပြောသတဲ့၊ ခုဆို ဒေါ်လာဆယ်သန်း ပိုင်နေပြီလို့ ကြွားသေးတယ်လေ"

"ဟား. . မိုက်လှချီလားကွ၊ တို့ကျောင်းမှာလည်း အဲဒီစက်မျိုး ထားပေးရင် ကောင်းမယ်ကွာ. . ဟဲဟဲ"

ချစ်ဆွေက သဘောကျစွာ တဟဲဟဲနှင့် ရယ်ရင်းပြော၏။

တွယ်တာက မဖြစ်နိုင်ကြောင်း ဝင်ပြောသည်။

"ဘာမှ စိတ်ကူးယဉ်မနေနဲ့ တို့နိုင်ငံမှာ အကြွေစေ့လုံးဝမသုံးတော့ဘူး၊ ပြီးတော့ မိန်းမတစ်ယောက်ရဲ့ တန်ဖိုးက ဆင့်ငါးဆယ်ဆိုတာ မဖြစ်နိုင်ဘူး သန်းငါးဆယ်ဆိုတော်သေး"

"ထွတ်. . နင်လား ကျပ်သန်းငါးဆယ်တန်မှာ သန်းအကောင်ရေ ငါးဆယ်ဆို ဖြစ်နိုင်သေးတယ်"

"သေနာကောင်"

တွယ်တာ့ကို တစ်ယောက်တစ်ပေါက် ဝိုင်းဖဲ့နေကြသဖြင့် ကောင်းမြတ်စကားက လိုရင်းမရောက်ဖြစ်နေ၏။ သို့နှင့်ကျွန်တော်ကြားဝင်ကာ ဒိုင်လုပ်ပေးလိုက်၏။

"ကဲပါ. . ကောင်းမြတ် ပြီးအောင်ပြောပါစေဦးဟ"

"အေး. . ဟုတ်တယ် ကောင်းမြတ်. . နင်ဆက်ဖေါ်"

"အင်း. . ဒုတိယသူဌေးကြီးကလည်း သူဘယ်လိုကြိုးစားအလုပ်လုပ်ခဲ့ရတယ်ဆိုတဲ့အကြောင်း လူငယ်တွေအားကျအောင် နှီး



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ကွာ၊ အဲ. . နောက်ဆုံးကျမှ သူ့ကိုသူဌေးဘဝ အရောက်ပို့ပေးတဲ့ စက်အကြောင်း ပြောတော့တာ"

"ဘာစက်လဲ အကြွေထည့်ရင် ယောက်ျားထွက်လာတဲ့စက်လား"

စုစုစံက အားတက်သရော မေး၏။ ကောင်းမြတ်က ငါးပနော်ဆားသိပ်ထားသည့် ငါးပိကောင်ပြုံးလေး ပြုံးရင်း. . .

"မဟုတ်ဘူး စုစုစံ. .၊ မိန်းမတစ်ယောက် ထည့်လိုက်တာနဲ့ အကြွေတစ်စေ့ ပြန်ထွက်လာတဲ့စက်"

ကျွန်တော်တို့တစ်သိုက် အားပါးတရ ရယ်မိကြ၏။

ဒါယောက်ျားသဘာဝကို ပေါ်လွင်စေသော ဟာသတစ်ခုပင် ဖြစ်သည် မဟုတ်လား။ ကောင်းမြတ်က ဆက်၍ရှင်းလင်း၏။

"အဲဒီစက်ထဲ မိန်းမတစ်ယောက် ပြန်ထည့်ဖို့ ဝန်ဆောင်ခ ဒေါ်လာတစ်ရာနှုန်း သတ်မှတ်ခဲ့လို့ တစ်နှစ်အတွင်း သန်းကြွယ်သူဌေး ဖြစ်လာခဲ့တာတဲ့လေ"

"အတင်းဟင်း. . သူ့ပိုင်ဆိုင်မှုကကော ဘယ်လောက်တဲ့လဲ"

"မိန်းမရောင်းတဲ့ စက်ပိုင်ရှင်က ဒေါ်လာဆယ်သန်း၊ မိန်းမကို ငွေနဲ့ပြန်အမ်းပေးတဲ့ စက်ပိုင်ရှင်က ဒေါ်လာသန်းတစ်ရာ"

"ဟားဟားဟား. . ဒါဟာ အိမ်ထောင်ရှင်ယောက်ျားတိုင်း သူတို့မိန်းမတွေကို စက်ထဲပြန်ထည့်ကြတဲ့ အဓိပ္ပါယ်ပေါ့"

"အေး. . အဲဒါ ယောက်ျားတွေ သစ္စာမရှိတာကို သက်သေထူလိုက်တာပဲ၊ မရခင်ဖျာလိပ်လိပ် ထိပ်ပေါ်တင်ဆိုတဲ့ စကားပုံလို ဘယ်ယောက်ျားမှ မယုံရဘူး"



www.burmeseclassic.com

www.burmeseclassic.com





တွယ်တာက ဒေါ်နှင့်မောနှင့် ရန်တွေ့သလိုပြော၏။ ကျွန်တော် တွယ်တာ့ကို လေပြည်ထိုးမိသည်။

“စက်ထဲ အထည့်ခံရတဲ့ မိန်းမတွေက ဘယ်လောက်ဆိုးမှန်းမှ မသိတာ တွယ်တာရာ ဟုတ်ဘူးလား”

“ဟုတ်ဘူး နည်းနည်းလေးဝပြီး အလှပျက်သွားတာနဲ့ အချစ်တွေ ပြယ်သွားတတ်တဲ့ ယောက်ျားတွေရဲ့ မျောက်စိတ်ကိုပေါ်လွင်စေတာ”

“မှန်တယ် ဘယ်ယောက်ျားမှ စိတ်မချရဘူး”

“အမေနဲ့သမီး တွဲလျှောက်လာရင် သမီးကိုပဲ ငြိတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



နင်တို့ယောကျ်ားလေးတွေ ပြောနေကျပဲလေ"

တွယ်တာ၊ စုစုစံနှင့် မိုးမိုးဆွေတို့က ကျွန်တော်တို့ သုံးယောက်အား ပူးပေါင်းတိုက်စစ်ဆင်ကြတော့၏။ ဒီအတိုင်းကြီးတော့ ငုံ့မခံနိုင်၊ တစ်ခုခု ပြန်ပြောမှဖြစ်တော့မည်မို့. . .

"အောင်မာ နင်တို့ကကော ဘာထူးလို့လဲ၊ ဘယ်မှာလဲ သစ္စာမေတ္တာ ကြုံသမျှယောကျ်ားနဲ့ တွဲပြီးလို့ အားရမှ လင်တစ်ယောက်ယူတာလေ"

"ဟဲ့. . . အကောင် ရန်နောင်ထွဋ် နင့်တော်ကီက ဘလိုင်းကြီးပါလား"

"ဘလိုင်း မဟုတ်ဘူး၊ စာဆိုတောင်ရှိသေးတာ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်တဲ့. . . အဲဒါ နင်တို့မျက်နှာများတဲ့ သက်သေမဟုတ်လို့ ဘာလဲ"

"ဟုတ်တယ် ငါလည်းကြားဖူးတယ် သွားဦးကလေးက 'ဖ'မစစ်ဘူးတဲ့၊ အဲဒါနင်တို့ မိန်းကလေးတွေ ထိန်းသိမ်းမှုမရှိတာကို ပြတာ ပဲမဟုတ်လား"

"မှန်တယ် ရည်းစားဦးနဲ့ ကိုယ်ဝန်ရှိပြီးမှ မိဘပေးစားတဲ့သူနဲ့ လက်ထပ်ရတဲ့ ဇာတ်လမ်းတွေ အများကြီး၊ တို့ယောကျ်ားတွေမှာသာ ဒူးမနာသားတွေ ရှာကျွေးနေရတာ"

"အမလေး. . အဲဒါမျိုးက တစ်သောင်းမှတစ်ယောက် တစ်သိန်းမှာ တစ်ယောက်လောက်ပါဟယ်"

စုစုစံက လေသံပျော့ပျော့နှင့် တုံ့ပြန်သည်။ ကျွန်တော်လည်း အသာရခိုက် အပိနိုပ်ကွပ်မည်ဟု တွေးပြီး မဃဒေဝ လင်္ကာသစ် ပုတ္တော



www.burmeseclassic.com

www.burmeseclassic.com



ဝါဒထဲမှ ရယ်ခြင်းသုံးမျိုးကို အလွတ်ရွတ်ပြလိုက်သည်။

"မာယာတစ်သိန်း အပလိနိး အနန္တနဲ့ မြစ်လိုကွေ့ကောက်တတ်တဲ့ နင်တို့မိန်းကလေးတွေရဲ့အကျင့်ကို ပြဆိုထားတဲ့လင်္ကာ ငါရွတ်ပြမယ်"

"လုပ်စမ်းပါကွာ မလိမ်မိုး မလိမ်မာလေးတွေ ဗိုင်းကောင်းကျောက်ဖိဖြစ်သွားအောင်"

ကျွန်တော့်အမြောက်ကနံချက်ကို 'ကောင်းမြတ်'က ရင်ဘတ်နှင့်တား၍ ဂိုးရှေ့အရောက်ပို့သလိုမျိုး ကူညီအကွက်ဆင်၏။ ကျွန်တော် လည်ချောင်းရှင်းပြီး အလျှုခံမဏ္ဍပ်မှ နိဗ္ဗာန်ဆော်အသံမျိုးနှင့်. .

"အဟမ်းဟမ်း. . မိမိကိုယ်ကို အလိုရှိရာ ငါပြုနိုင်စွ အစိုးရဟုမှတ်ကြသူဝယ် သေမင်းရယ်၏၊ အကာယ်မာန်ကိုး မြေနှင့်မိုးကို အုပ်စိုးရသူ ငါလျှင်ဟူ၍ မှတ်ယူ 'မင်း'ဝယ် မြေကြီးရယ်၏၊ သက်လှယ်နှုတ္တွား ငါ့မယားက ဖွားသည့်သည်းချာ ငါ့သားသာဟု မှတ်ရှာသူဝယ် မယားရယ်၏တဲ့. . ကဲ ရှင်းရဲ့လား"

ကျွန်တော့် လင်္ကာအဆုံးတွင် မိန်းကလေးအုပ်စု မဲ့ကြရွဲ့ကြမျက်စောင်းထိုးကြသော်လည်း ကောင်းမြတ်နှင့်ချစ်ဆွေက အားပါးတရလက်ခုပ်တီးကာ မြှောက်ထိုးပင့်ကော် လုပ်ကြသည်။

"သိပ်မှန်တာပေါ့ကွာ ငါတို့ယောက်ျားတွေကို ငတုံးတွေလို့သတ်မှတ်ပြီး ကွယ်ရာက လှိမ့်ရယ်နေကြတာများ ဘယ်လောက်အသည်းယားဖို့ကောင်းလဲ"

"ဒီလောက်တုံးတဲ့ယောက်ျား ခံပစေပေ့ါဟဲ့ ဘာဖြစ်လဲ"

မိုးမိုးဆွေက ငါ့စကားနွှားရ ပုံစံမျိုးနှင့် မနိုင်,နိုင်အောင်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



တွယ်တာက ပြန်လည်ထိုးစစ်ဆင်နိုင်ရန် ဆင်ကြံ့ကြံပြီး ထိုးတော့မည့်ဆင်လို နောက်တစ်လှမ်း ဆုတ်သည်။ ရုတ်တရက် အတွေးပေါ်လာတန်နှင့်. . .

"အံမယ် နင်တို့ယောကျ်ားလေးတွေကတော ဘာထူးလို့လဲ မင်္ဂလာဆည့်ခံပွဲမှာ သတို့သမီးလက်ကို ဆုပ်ကိုင်ခွင့်ရထားတာတောင် မင်္ဂလာဆောင်ကိုလာတဲ့ ကောင်မလေးတွေကို လှမ်းပြီး ငမ်းကြောထသေးတာလေ"

"ဟုတ်တယ်. . ဟုတ်တယ်. . ဘာတဲ့ မင်္ဂလာမဆောင်ခင်မှာ တိုယ့်ချစ်သူက အလှဆုံး၊ မင်္ဂလာလည်းဆောင်ပြီးသွားရော ကိုယ့်မိန်းမတလွဲရင် ကျန်တဲ့မိန်းမတွေက ပိုလှတယ်လို့ ထင်ကြတာ. . . နင်တို့ယောကျ်ားတွေပဲ မဟုတ်လား"

တွယ်တာနှင့် စုစုစံက မဟာမိတ်ဖွဲ့ပြီး ဟစ်တလာကို ပြန်တိုက်မည့် အင်္ဂလန်နှင့်အမေရိကန်လို ကျောချင်းကပ်၍ ယောကျ်ားလေးအုပ်စုအား ပြန်ဖွဲ့သည်။ ချစ်ဆွေက မျက်နှာပြောင်ပြောင်နှင့် ကလိ၏။

"ဟဲဟဲ. . နင်တို့ကလည်းဟာ နေ့တိုင်းစမူဆာပဲ ဘယ်သူကစားချင်မှာလဲ၊ ဘဲသားပတ်ဖ်တို့ ဆိတ်သားဖတ်ဖ်တို့လည်း မြည်းကြည့်ချင်သေးတာပေါ့"

"အောင်မယ် နင်က မိန်းမတွေကို ဆိတ်သားပတ်ဖ်များ ထင်နေလို့လား"

"ပတ်ဖ်တော့ ပတ်ဖ်ပါပဲဟာ၊ ဆိတ်သားမဟုတ်လဲ တစ်ခုခုပေါ့"

"သေနာ တော်တော်ညစ်စုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



စကားဝိုင်းက ငါးစိမ်းတန်းဖြတ်လျှောက်ရသလို ညှိနှိုင်းထွက်လာ၍ ဗိုင်လူကြီး၏ ပွဲသိမ်းခရာမှုတ်ရန် ကျွန်တော်စကားစလိုက်သည်။

"ကဲပါ ယောက်ျားပဲဖြစ်ဖြစ် မိန်းမပဲဖြစ်ဖြစ် အမိက,က ကိုယ်ကျင့်တရားကောင်းဖို့ပဲ မဟုတ်လား၊ ဒီတော့. . တို့တွေရဲ့ အိမ်ကွင်းအဝေးကွင်း နှစ်ခုပေါင်းရလဒ်ကို သရေလို့သာ သဘောထားလိုက်တော့၊ နောက်နှစ် ရာသီအစကျမှ ပြန်ကန်ကြတာပေါ့ စားစရာရှိတာစား ကိုးနာရီထိုးတော့မယ် အတန်းတက်ရဦးမှာ"

"အေး. . အဲဒါမှန်တယ် ယောက်ျားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် မကောင်းတဲ့လူက ကောင်းကိုမကောင်းဘူး၊ ကဲ. . ဝါးကြ အချိန်မီ ပြေးရဦးမှာ"

ကျွန်တော်တို့ အုပ်စုစားလက်စများကို တက်သုတ်ရိုက်၍ ကျန်ဖြတ် ဖြတ်ကြ၏။ ကျသင့်ငွေကို နိုင်ငံကြီးသား ပီသစွာဖြင့် ကိုယ့်အတွက်ကိုယ် ရှင်းကြ၏။ ကျောပိုးအိတ်ကိုယ်စီဆွဲကာ ဆိုင်ထဲမှ ထွက်သည်။ ကျွန်တော်မိန်းကလေးတစ်စုနှင့် အတူပါသွားသော်လည်း အကြည့်က ချစ်ဆွေထံမှာ ကျန်ရစ်သည်။ ချစ်ဆွေ ဖိနပ်ကောက်စွပ်၍ ကျွန်တော်တို့ကို အမီလိုက်ရန် ခြေအကြွတွင် ဖိနပ်ပြတ်သွား၏။

ကျွန်တော့်ရည်မှန်းချက် အောင်မြင်သွားပြီမို့ ခွီခနဲ ရယ်လိုက်မိသည်။ ချစ်ဆွေ အရှူးမလင်လို ဖြစ်နေပြီ။

"ဟာ ဖိနပ် ပြတ်သွားပြီ"

ချစ်ဆွေက သူ၏ မန္တလေးဖိနပ်ဟောင်းကို ကောက်ယူကြည့်လိုက်ပြီးနောက် အားလုံးကို သဘောပေါက်သွားဟန်နှင့်. . .

"ဟေ့ကောင် ရန်နောင်ထွဋ်၊ ဒါ မင်းလက်ချက်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဆွေ ဒေါသ၏ တုန်ခါနှုန်းက ရစ်ချက်တာစကေး ရှစ်ဒသမ ရှစ်အဆင့် ခန့်ရှိနိုင်၏။ ကျွန်တော် မသိချင်ယောင်ဆောင်ပြီး လူရိုးကလေး ပုံစံနှင့်. . .

-“ဘာတွေ ပြောနေတာလဲ ချစ်ဆွေ. . ဘာဖြစ်လို့လဲ”

“ဟေ့ကောင် ရှူးချင်ယောင် ဆောင်မနေနဲ့၊ ဖိနပ်ကို ပီကေနဲ့ တပ်ထားလို့ ပြုတ်သွားပြီ. . မင်းလုပ်တာမဟုတ်လား”

“ဟာကွာ စွပ်စွပ်စွဲစွဲ”

“ဟဲ့. . ချစ်ဆွေ၊ ပီကေကပ်ရုံနဲ့ ဖိနပ်ကပြုတ်စရာလား နင့်ဖိနပ်က ရွဲနေလို့ဖြစ်မှာပေါ့”

“အေးလေ. . ပြုတ်ခါနီး ဖိနပ်စီးလာပြီးတော့များ”

တစ်ယောက်တစ်ပေါက် ဝိုင်းဖြကြသဖြင့် ချစ်ဆွေမျက်နှာလေး တို့ထိခံရသော ထိကရုန်းရွက်လို ညှိုးငယ်သွား၏။

“အခု ဘယ်လိုလုပ်မလဲ”

“ဒီအတိုင်း ကိုင်ခဲ့ပေါ့၊ ကျောင်းလွှတ်မှ ဖိနပ်ချုပ်ဆိုင်လိုက်ရှာ ဒါမှမဟုတ် အသစ်ဝယ်စီး”

ကျွန်တော်ပေးသည့် အိုင်ဒီယာကြောင့် ချစ်ဆွေ ဒေါသတစ်ရေးနိုး လာပြန်သည်။

“ရန်နောင်ထွဋ် ဒါမင်းလက်ချက်ဆိုတာ ငါသိတယ်၊ ကောင်းကောင်းသတိထားနေ ခွင့်တည့်လို့ ပြန်ဖွဲ့ရင် မခွဲနဲ့”

“ချစ်ဆွေ. . ချစ်ဆွေ၊ မင်းရဲ့ညစ်ပေနေတဲ့ စိတ်ဓါတ်နဲ့ ရုပ်တသိပ်ဟပ်နေပါလား. . ခန္တီပါရမီနဲ့ ဘရိန်းဝါရှ်ဒ် လုပ်လိုက်အုံး”

ကျွန်တော့်စကားက ချစ်ဆွေ၏ဒေါသမီးပုံအပေါ် မီးကိုသနော



www.burmeseclassic.com

www.burmeseclassic.com



ဖျန်းလိုက်သလို ဖြစ်သွားသည် ထင်၏။ ပြတ်သွားသည့် သူ့ဖိနပ်တစ်ဖက် ကျွန်တော့်နားထင်ဘေးမှ ပန်းကန်ပြားပျံတစ်စင်းလို ဝှီးခနဲဖြတ်သွားသည်။ အရှောင်ကောင်း၍သာ ဖိနပ်နှင့်ပါး မညားခြင်းဖြစ်၏။ ကျွန်တော် ချစ်ဆွေကို လျှာထုတ်ပြောင်ပြကာ စာသင်ဆောင်ဘက်သို့ ပြေးထွက်ခဲ့တော့သည်။

ဒါ ကျွန်တော့်ကာရိုက်တာအတိုင်း လှုပ်ရှားနေထိုင်တဲ့ တစ်နေ့တာပုံရိပ်ထဲက အစိတ်အပိုင်းလေးတစ်ခုလောက်ပဲ ရှိသေးတာနော်။ ဒါပေမယ့် အလျော်အစားကြီးသွားတယ်ဗျာ။

သူငယ်ချင်းအားလုံးက ကျွန်တော့်ကို ဝိုင်းဝန်းအပြစ်တင်ကြသလို ချစ်ဆွေအတွက်လည်း ဖိနပ်ဖိုးသုံးထောင် အလျော်ပေးခဲ့ရ၏။ ဘယ်လိုပင်ဖြစ်စေ ဤသို့နေထိုင်ရသည်ကို ကျွန်တော်ပျော်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

**ကျောင်း**ပိတ်ရက်တွင် ကျွန်တော်ဘာလုပ်ရမှန်းမသိအောင် ပျင်းနေ၏။ ဂျာနယ်သုံးလေးစောင်နှင့် လုံးထွေးနေရသည်မှာလည်း အလွတ်ရလုနီးပါး ဖြစ်နေခဲ့ပြီ၊ ဂျာနယ်အားလုံးတွင် လွှတ်တော်သတင်းများသာ လွှမ်းမိုးနေသည်။ မြန်မာ့နိုင်ငံရေး အပြောင်းအလဲဖြစ်မည့် အချိုးအကွေ့တစ်ခုဟုလည်း ဆိုကြ၏။

အားလုံးကောင်းပါသည်ခင်ဗျား ဟုပင် ပြောရမည်ထင်သည်။ ဂရမ်မီဆုပေးပွဲရက်တွင် ကွယ်လွန်ခဲ့သော ဝှစ်တနီဟူစတန်၏



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားများလေလံပစ်မည်ဟုလည်း သတင်းတွေ့ဖတ်ရသည်။ သူတို့ဆီမှာ နာမည်ကြီးပုဂ္ဂိုလ်ဖြစ်ရတာ အတော်အဆင်ပြေသည်။ မသေခင်လည်း ဒေါ်လာသန်းချီဝင်ငွေရပြီး အကောင်းဆုံးလောကီစည်းစိမ်များကို အပြည့်အဝခံစားခွင့်ရ၏။ ကံကုန်၍သေချင်းမျိုး မဟုတ်ဘဲ ထူးခြားဖြစ်စဉ်နှင့် သေခဲ့လျှင်လည်း သေပြီးနောက်ပိုင်း ပိုလို့ပင် နာမည်ကြီးနိုင်သေးသည်။ မာရီလင်မွန်ရိုး၊ ပရက်စလေ၊ မိုက်ကယ်ဂျက်ဆင်နှင့် ဂွစ်တနီဟူစတန်တို့က သက်သေပင်ဖြစ်၏။

ပရက်စလေ နောက်ဆုံးတည်းခိုခဲ့သည့် ဟိုတယ်မှ ပရက်စလေ နောက်ဆုံးတိုက်ခဲ့သည့် ဆပ်ပြာတုံးကအစ လေလံတင်ရောင်းလို့ ရသေးသည်။ ကောင်းလေစွ ကံအကောင်းဆုံးကဒတော့ မက်ဒေါနားပဲ ဖြစ်မည်ထင်၏။ အရှင်လတ်လတ်ဘဝနှင့်ပင် သူ့ အတွင်းခံဘောင်းဘီတွေ လေလံဈေးကွက်တွင် အလွန်ရေပန်းစားပြီး ရောင်းကောင်းသည်ဟု ကြားဖူး၏။ ဘယ်လိုလူစားတွေက ဝယ်ကြသည်လဲ မပြောတတ်၊ ဧကန္တ ပီယဆေးဖော်ဖို့ စုဆောင်းကြတာပဲ ဖြစ်မည်ထင်သည်။

ဒါမျိုး မြန်မာပြည်မှာသာ ဖြစ်ခဲ့လျှင် မက်ဒေါနား အတွင်းခံဘောင်းဘီအတု ဖန်တီးထုတ်လုပ်သူတွေပင် ပေါ်လာနိုင်သည်။ မြန်မာဆိုတာ အရာရာမှာတော်သည့် ဉာဏ်ကြီးရှင်များပင် ဖြစ်သည် မဟုတ်လား။ ကမ္ဘာမှာ မရှိသည့် 'ရေဆင်' ဆိုတာလည်း ဖော်ထုတ်ဖူးသည်။ တောက်တဲ့လည်း ဖမ်းတတ်သည်၊ မော်တော်ကားတို့ ဟန်းဖုန်းတို့ကိုလည်း ကမ္ဘာပေါ်တွင် ဈေးအကြီးဆုံးဖြစ်အောင် အရောင်းမြှင့်ပေးနိုင်ခဲ့သည်။ တော်သလားမမေးနှင့်ဟု ဩချရမည့် လူမျိုးပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်"

"ဟော"

"ခင် ရေချိုးမလို့ . . ကျောကုန်းကို ချေးတွန်းပေးစမ်းပါ"

"ဘာကွ"

ရုတ်တရက်ပေါ်ထွက်လာသည့် အသံများကြောင့် ကျွန်တော့် အတွေးတွေ ပြတ်သွားရသည်။ လှမ်းရှိုးလိုက်တော့ ကွန်ပျူတာနှင့် အလုပ်ရှုပ်နေသည့် ဖေဖေ့ကို မေမေလာရောက် အရေးဆိုနေခြင်းဖြစ်တာ တွေ့ရ၏။ ကျွန်တော် အကြည့်လွှဲပြီး နားစွင့်နေလိုက်သည်။

"ဒါက ဘယ်လိုဖြစ်တာလဲ ကိုအောင်. . ငြိုငြင်တာလား"

"အဲလိုတော့ ဟုတ်ဖူးလေကွာ၊ ဒီမှာ ကိုယ်အလုပ်များနေတာ မြင်ရဲ့သားနဲ့"

"အလုပ်က အရေးကြီးလား၊ ခင်က အရေးကြီးလား"

မေမေ့လေသံ မာနေတော့. . ဖေဖေ့လေသံ ပျော့သွားသည်။ သူတို့တွေ နာလန်ထတာ အကြောင်းမဟုတ်၊ လူပျိုပေါက်သားတစ်ယောက်လုံး ရှေ့မှာ ဆင်ခြင်မှုမရှိတာကတော့ နည်းနည်းဖေါင်းသည်။ အဝါကတ် တစ်ကတ်လောက်တော့ ထုတ်ပြလိုက်ဦးမည်ဟု စိတ်ထဲ တေးထားလိုက်၏။

"ဟဲဟဲ. . ခင်က အရေးကြီးတာပေါ့"

"ဒါဆို ထ"

"ကိစ္စပြီးရင် စာရင်းတွေ ကူလုပ်ပေးနော် ခင်၊ ကိုယ်က စီးပွားရှာတတ်တာလေ သင်္ချာမှာ အရမ်းညံ့တာ ဂဏန်းတွေပေါင်းရတာ မူးနောက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ. . ခုတော့ ရေချိုးခန်းလိုက်ခဲ့"

"အိုကေ"

ဖေဖေ မေမေ့နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားပြီး ရေချိုးခန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားကြ၏။ စချင်နောက်ချင်သည့် ကျွန်တော့်ဗီဇက ကြွထလာသည်။ မာတာနှင့် ပီတုကို နည်းနည်းတော့ လက်စင်ပေးရမည်။ ကျွန်တော် အဖေ့အလုပ်စားပွဲသို့ ရောက်သွားသည်။ ကွန်ပျူတာဖြင့် ဖေဖေ့ဖိုင်ကို ရှာလိုက်၏။ ထိုစာရင်းဖိုင်နေရာတွင် ဘီကနီဖက်ရှင်ရှိုးပွဲကို နေရာရွှေ့ထားလိုက်သည်။ ဒီလောက်ဆိုလျှင်တော့ ကျေးဇူးရှင် နာလန်ထမောင်နှံအတွက် လုံလောက်ပါပြီ။ ကျွန်တော် ကိုယ့်လုပ်ရပ်ကိုယ်တွေးပြီး သဘောကျကာ ပြုံးစိစိဖြစ်နေ၏။

သားလိမ္မာပီပီ ရေချိုးခန်းတံခါးကို နားနှင့်ကပ်၍ အသံဗလံ နားစွင့်ကြည့်သည်။ ရေသံတဝေါဝေါကြားမှ စကားသံသဲ့သဲ့ကိုကြား၏။

"အား. . ခိ ခိ ခိ. . ယားတယ် ကိုအောင်ရဲ့"

"ငြိမ်ငြိမ်နေစမ်းပါ ခင်ရာ. . ချော်ပြီးတလွဲတွေဖြစ်ကုန်ပြီ၊ ကျောကုန်းက ချေးကွက် မပြောင်သေးဘူးဟ"

"ရှင်ဟာလေ လက်မှန်းကို မတည့်ဘူး၊ ဟိုဆို ဒီရောက်နဲ့"

"အေးပါဟ ငြိမ်ငြိမ်နေ၊ ဒီမှာ ပြီးတော့မယ်"

"အင်း. . ဘယ်လိုဘာသာဗေဒတွေ ပြောနေကြမှန်းကို မသိဘူး သားတောင်ကြားရတာ နားရှက်လာပြီ"

ကျွန်တော် ဆက်နားမစွင့်ရဲတော့သဖြင့် အိမ်ပေါ်ထပ် တက်လာခဲ့သည်။ အခန်းထဲမှာ တီဗွီဖွင့်၍ P.S 2 နှင့် ဂိမ်းပြီး ဘောလုံးကန်



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်သည်။ တကယ်တော့ ကျွန်တော်က ဖေဖေ မေမေတို့၏ တစ်ဦးတည်းသောသားဖြစ်၏။ ဖေဖေက 'ပဲ'လုပ်ငန်းရှင်များ အသင်းမှ အမှုဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်သလို ကိုယ်တိုင်လည်း ပွဲရုံဖွင့်ကာ. . ပဲ အရောင်းအဝယ်လုပ်နေသူဖြစ်သည်။

ပဲအိတ်စပို့လုပ်ငန်း တစ်ခေတ်ထချိန်မှာ စီးပွားတက်လာခဲ့၍ မတောင့်မတ မကြောင့်မကျ နေခွင့်ရခဲ့သည်။ အိမ်ဖော်, လက်တိုလက်တောင်း, မာလီ, ခြံစောင့်, ဒရိုင်ဘာတို့နှင့် ပြည့်စုံစွာနေရသော်လည်း မွေးချင်းညီအစ်ကို မောင်နှမရင်းချာ မရှိ၍ ကျွန်တော်၏ အိမ်ရှေ့စံဘဝမှာ ခြောက်ကပ်ငြီးငွေ့ ပျင်းရိစရာ ကောင်းလွန်းနေ၏။

ကြာတော့ အိမ်ကဝန်ထမ်းတွေကို အနိုင်ကျင့်လိုက် စလိုက်နောက်လိုက်နှင့် နေလာရာမှ သူများကို မစရ မနောက်ရလျှင် မနေတတ်သည့်ရောဂါ စွဲကပ်လာခဲ့သည်။ တစ်နေ့အတွက် နှစ်ယောက်၊ သုံးယောက်လောက်ကို နောက်ပြောင်လိုက်ရမှ နေသာထိုင်သာရှိလာတော့၏။

ဂိမ်းထဲ စိတ်ဝင်စားနေခိုက် တစ်ဖက်ခန်းမှ အသံဗလံသဲ့သဲ့ ကြားရပြန်သည်။ ဖေဖေနှင့်မေမေ ရေချိုးပြီးသွားကြပြီထင်၏။ ခဏကြာတော့ တံခါးပိတ်သံနှင့်အတူ လှေကားမှဆင်းသွားသံကို ကြားရသည်။ ငါးမိနစ်လောက်စောင့်ပြီး လှေကားမှ ကျွန်တော်ချတ်နင်း၍ ဆင်းလာခဲ့၏။

လှေကားတစ်ဆစ်ချိုးရှိ ရွက်လှပန်းအိုးကြီးနှင့်ကွယ်၍ အောက်ထပ်မှ အဖြစ်ကို ရှုစားလိုက်သည်။ ဖေဖေက ကော်ဖီတစ်ခွက်ကိုမွှေပြီး ဆက်တီတွင် ဇိမ်နှင့်ထိုင်နေ၏။ မေမေ ကွန်ပျူတာကို ဖွင့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ စာရင်းများကို ကူညီစစ်ဆေးပေးရန် ပြင်ဆင်နေသည်။ စာရင်းဖိုင်ကို ရှာပြီး ဖွင့်လိုက်သည့်အခါမှာတော့. . .

"ဟင်"

"ဘာလဲ ခင်၊ စာရင်းပေါင်းစရာတွေများလို့ ခေါင်းကိုက်သွားပြီလား. . . အဲဒါ ယောက်ျားနေ့တိုင်း လုပ်နေရတာနော်"

မေမေက ဒေါ်ဖေါင်းနေပြီ၊ ဖေဖေက အေးဆေး။ အခြေအနေကို ကြည့်ပြီး ခွိခနဲ ကျွန်တော်ရယ်မိ၏။

"ဒါ. . ရှင်နေ့တိုင်း လုပ်နေရတဲ့ အလုပ်ပေါ့ဟုတ်လား"

"ဟုတ်တယ်လေ ခင်ရဲ့"

"တောက်. . ကိုအောင်သူ၊ ရှင်နေ့တိုင်းလုပ်တဲ့စာရင်း. . ရှင်လာကြည့်စမ်းပါ"

"နေစမ်းပါ မိန်းမရာ၊ လုပ်ရလွန်းလို့ လူလည်းမျော့နေပြီ ကော်ဖီတစ်ခွက် ဖျော်ဖျော်သောက်ပါရစေ"

"အပိုတွေ ပြောမနေနဲ့. . ရှင့်စာရင်း လှုပ်လီလှုပ်လဲ့လေးတွေ ခု လာကြည့်"

ဖေဖေက စိတ်ပျက်လက်ပျက်ဟန်နှင့် ထလာ၏။ မေမေ့နားသွား၍ ကွန်ပျူတာကို ကြည့်လိုက်သည်။

"ဟင်. . ဒါ ဒါ ဘာတွေလဲ"

"ဘာတွေ ရမှာလဲ၊ ရှင် ဘူးထပြီး ကြည့်ကြည့်နေတဲ့ အဘ ထရှူဆေးတွေလေ"

"ဟာ. . မဟုတ်ဘူး၊ မိန်းမ ဖိုင်မှားဖွင့်တာဖြစ်မှာ"

"မှားဖွင့်ရအောင် ကျုပ်ကို ကုန်းဘောင်ခေတ်က မိန်းမ မှတ်



www.burmeseclassic.com

www.burmeseclassic.com



နေသလား”

မေမေက အပြောတင်မဟုတ် လက်ပါ,ပါလာပြီ၊ မေမေ့လက်က ဖေဖေ့ပိုက်ခေါက် အထူအံပါးကို စမ်းသပ်စစ်ဆေးနေ၏။

“အား. . နာတယ် မိန်းမရ”

“နာအောင် လုပ်တာလေ နာမှာပေါ့၊ ဘယ့်နှယ်တော် ကိုယ့်အသက်အရွယ်မှ အားမနာ၊ စာရင်းလုပ်တယ် လုပ်တယ်ဆိုပြီး ဘီကနီရှိုး ထိုင်ကြည့်နေရလား. . ဒါတွေကြည့်ပြီး ပြစ်မှားနေတာပေါ့လေ”

“မဟုတ်ပါဘူး မိန်းမရာ၊ ဒါရိုမှန်းတောင် ကျုပ်မသိဘူး ဧကန္တ မင့်သားလက်ချက်ပဲ ဖြစ်ရမယ်၊ ဟုတ်တယ်. . ဟုတ်တယ် ဒီကောင်နှောက်သွားတာ သေချာတယ်”

အခြေအနေက တရားခံကို မှန်းဆမိသွားကြပြီမို့ ကျွန်တော် အိမ်ပေါ်ထပ် အမြန်ပြေးတက်ခဲ့ရသည်။ ပြီးတော့ ပိုက်ဆံအိတ်ဆွဲယူကာ နောက်ဖေးကြောင်လိမ်လှေကားမှ ဆင်းလာခဲ့၏။ ဒီအချိန်မှာ စတေးရှောင်နေတာ အကောင်းဆုံးဖြစ်မည်။ ဖေဖေနှင့် မေမေ့ကို ကလိခဲ့ရသဖြင့် နေသာထိုင်သာလည်း ရှိခဲ့ပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

ကျောင်းဝင်းထဲတွင် ကျောင်းသူကျောင်းသားများနှင့် သက်ဝင်လှုပ်ရှား စည်ကားနေပြီဖြစ်၏။ ကျွန်တော် ကျိုးကန်းတောင်းမျှော် အကြည့်များနှင့်. . မုဆိုးက သားကောင်ရှာသလို ကြည့်သည်။ အဆင်ပြေသော ပစ်မှတ်ကိုမတွေ့၊ အချောအလှလေးများကိုသာ မြင်နေရသည်။

သူများကို စဖို့နောက်ဖို့ပဲ အာရုံရောက်နေခဲ့၍ နောက်ဆုံးနေ ရောက်သည့်တိုင်၊ ကျွန်တော့်မှာ အမှုးပြေရှုစရာ ရည်းစားသနာပင် မရှိသေး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အုပ်စုထဲမှ တွယ်တာ့ကိုတော့ ကျွန်တော် သဘောကျ၏။ ရည်းစားစကားပြောဖို့ ခဏခဏကြံစည်ဖူးသည်။ သို့သော် ကျွန်တော်က သန္တေမကောင်းသည့် လူတစ်ယောက်ဖြစ်နေခဲ့ပြီ၊ ရည်းစားစကား ပြောရမည့်အစား နောက်ပြောင်ဖို့သာ ပို၍အားပါနေ၏။ သို့နှင့်ယခုထိ တွဲစရာအဖော်မရှိ ဗလာနတ္ထိဘဝနှင့် မှတ်ပုံတင်ပျောက်သလို ဖြစ်နေရသည်။

ကျွန်တော်ကျောင်းထဲမှ ရေခဲမုန့်ဆိုင်နားတွင် ရပ်၍ ပစ်မှတ်ကို ရှာရတာပင် ဆယ့်ငါးမိနစ်ခန့်ကြာခဲ့ပြီ၊ လောက်လောက်လားလား တစ်ကောင်မှမတွေ့သေး၊ နောက်ဆုံးတော့ မူလလက်ဟောင်း စ,စရာ၊ နောက်စရာ လူသားဖြစ်သည့် ကောင်းမြတ်လျှောက်လာတာ လှမ်းမြင်လိုက်ရ၏။

ပစ်မှတ်ကိုတွေ့ပြီမို့ မုဆိုးကျော်ဖိုးထော်ကဲ့သို့ပင် ပစ်ခတ်ရန် နှစ်လုံးပြူးထဲ ကျည်ထည့်လိုက်သည်။ ကျည်ဆံက ဝါးတူတစ်ချောင်းပင်ဖြစ်၏။

"ရေခဲမုန့်နှစ်ခု ကတော့နဲ့ပေး"

"ဟုတ်ကဲ့"

"တစ်ခုကို ဟောဒီတူတစ်ချောင်း အလယ်မှာစိုက်ပြီးမှ ရေခဲမုန့်နဲ့ ဖုံးပေးပါ"

"ရှင်"

"အဟဲ သူငယ်ချင်းကို နောက်မလို့"

ရေခဲမုန့်ရောင်းသည့် ကောင်မလေး တအံ့တဩဖြစ်နေရာမှ သဘောပေါက်သွားပြီး ပြုံးစိစိနှင့် ပြင်ဆင်ပေးသည်။ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲ ရေခဲမုန့်ရောက်သည့်အချိန်မှာ ကောင်းမြတ်လည်း ခြေသုံးလှမ်းအကွာသို့ ရောက်နေပြီမို့ ကွက်တိဖြစ်သွားသည်။ ကျွန်တော်က ဝါးတူမပါသည့် ရေခဲမုန့်ကို အားရပါးရစားပြီး ကောင်းမြတ်အား မမြင်ဟန်နှင့် လှည့်ထွက်ခဲ့၏။ အငတ်ကောင် ကောင်းမြတ် ပြေးလိုက်လာသည်။

"ဟေ့ကောင် ရေခဲမုန့် တစ်ခုကျွေးစမ်း"

ကောင်းမြတ် ပြောပြောဆိုဆိုနှင့်လုသည်။ ရေခဲမုန့်သူ့လက်ထဲ ပါမသွားအောင် ကျွန်တော်ကာကွယ်လိုက်သည်။ မကျွေးချင်မှန်းသိတော့ ပိုပြီးငတ်ကြီးကျသွားသည့် ကောင်းမြတ် အတင်းလိုက်လုတော့၏။

အားမတန် မာန်လျှော့ရသည့်ပုံနှင့် ရေခဲမုန့်ကို ပေးလိုက်သည်။ ဒုက္ခကို မရမက လုယူရရှိသွားသည့် ကောင်းမြတ် ရေခဲမုန့်ကို အားရပါးရစားသည်။ ရေခဲမုန့်က ကတော့ပေါ်တွင် သုံးလက်မခန့်ရှိ၏။

အပေါ်ပိုင်း တစ်လက်မခန့် စားလိုက်လျှင် ဝါးတူ ပေါ်လာလိမ့်မည်။ ထိုအခါ ဘာတွေဖြစ်လာမည်လဲဆိုတာ မကြာခင်မှာပင် သိရတော့မည်။

ကောင်းမြတ်မှာ ငါးစာသာမြင်ပြီး ငါးမျှားချိတ်မမြင်သည့် ရေသတ္တဝါလို ရေခဲမုန့်ကို အပြတ်တွယ်နေ၏။ လျှာနှင့်လျက်စားရတာ အားမရတော့ဟန်နှင့် ရေခဲမုန့်ကို ကိုက်စားလိုက်သည်။

"အား. . လား. . လား. . လား. . "

ကောင်းမြတ်ထံမှ အချိမဆန့်အော်သံကြီး ထွက်လာသည်။ ကျွန်တော်ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ထားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"အား . . ဘာကြီးလဲ၊ ဟင် . . ဝါး . . ဝါးတူကြီးပါလား၊ သွားတောင် ပဲ့ထွက်သွားပြီ . . ဟော့ကောင် ရန်နောင်ထွင်၊ မင်း . . မင်း . . မင်း . . မိုက်ရိုင်းလှချီလား"

"ကောင်းမြတ် ဘာဖြစ်တာလဲ၊ ဘာကိစ္စ ဘလိုင်းကြီး လာကောနေရတာလဲ"

"ဘာကွ . . ငါက ဘလိုင်းကောတယ် ဟုတ်လား၊ ဒီမှာကြည့်ရေခဲမုန့်ထဲ ဒီတူက ဘယ်လိုလုပ် ပါလာတာလဲ"

ကောင်းမြတ်က ရေခဲမုန့်ကို ညွှန်ပြရင်း ပြော၏။ ဒါကို ခုမှတွေ့မိဟန်နှင့် . . .

"ဟင် . . ရေခဲမုန့်ထဲမှာ တူပါလာတယ် ဟုတ်လား၊ တော်တော် နမော်နမဲ့နိုင်တာပဲ၊ တောက်! . . လာ . . ဆိုင်ကို ပြန်သွားဖြီးကောမယ်"

"ဟော့ကောင် . . လုပ်မနေနဲ့၊ မင်း ရေခဲမုန့်ရောင်းတဲ့လူနဲ့ပေါင်းပြီး ငါ့ကိုရိုက်တာ"

"မဟုတ်ပါဘူးကွာ အဲဒါမင်းဖို့မဟုတ်ဘူး၊ တွယ်တာ မှာလိုက်လို့ ဝယ်လာတာ . . မင်းပဲ အတင်းလုစားတာလေ"

"လာဖေါ်မနေနဲ့ ချေးငုံပြီးပြောရင်တောင် မင်းစားနေကျမို့စားတာလို့ပဲ မှတ်လိုက်မယ် ပေါက်လား"

"အဟဲ . . ဘာပဲဖြစ်ဖြစ် မင်း လုစားတာလေ"

"အေး ဒီတစ်ခါတော့ ငါ့အပြစ်နဲ့ငါမို့ မင်းသက်သာသွားတယ်မှတ်၊ မင်းလိုကောင်ဆီက လုစားမိတာကိုက ငါ့အမှား"

ကောင်းမြတ် နှာတင်းပြီး ရေခဲမုန့်ကို လွှင့်ပစ်ကာ ထောင့်တစ်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲနေသော နွားကဲ့သို့ ဘောက်ဆတ်ဘောက်ဆတ်နှင့် လျှောက်သွား၏။ ကျွန်တော် တစ်ယောက်တည်း သဘောကျစွာရယ်၍ ကျန်ရစ်ခဲ့သည်။

ဈေးဦးတော့ပေါက်ခဲ့ပြီ၊ ကျွန်တော့်ကျောပိုးအိတ်ထဲမှာ နောက်ထပ်လက်နက်ဆန်းတစ်ခု ကျန်နေသေး၏။ ရေခဲမုန့်ကို လက်စဖြတ်ပြီး ကျွန်တော်ရှင်မြူးစွာနှင့် စာသင်ဆောင်သို့ ဆက်လျှောက်လာခဲ့သည်။

အတန်းထဲရောက်တော့ မိုးမိုးဆွေရှေ့တွင် လက်ဆောင်ထုပ်တွေ သုံးလေးမျိုးတွေ့သည်။ ဒီနေ့ မိုးမိုးဆွေ မွေးနေ့၊ ကျွန်တော့်ကို မြင်သည်နှင့် ချစ်ဆွေက မေး၏။

"ဟေ့ကောင် ရန်နောင်ထွဋ် နောက်ကျလိုက်တာကွာ၊ ငါတို့ ယောကျ်ားလေးတွေစုပြီး ပေးမယ့်လက်ဆောင်ကော ပါလာရဲ့လား"

"ပါ,ပါတယ်ကွာ အဆင်သင့်ပဲ"

ကျောပိုးအိတ်ထဲမှ မွေးနေ့လက်ဆောင် ပက်ကင်ထုပ်ကို ကျွန်တော် ထုတ်ယူလိုက်သည်။ ပက်ကင်စက္ကူ လှလှလေးနှင့် သပ်ရပ်စွာ ထုပ်ပိုးထားသည့် လေးထောင့်စပ်စပ်ဘူးလေးကို အားလုံးစိတ်ဝင်စားသွားကြ၏။

မွေးနေ့ရှင် မိုးမိုးဆွေက. . .

"ဒါ နင်တို့သုံးယောက် စုပြီးပေးတဲ့လက်ဆောင်ပေါ့ ဟုတ်လား ဘာများလဲ"

"သိချင်ရင် ဖွင့်ကြည့်ပေါ့ဟ ငါတို့ ပိုက်ဆံတော်တော်ကုန်သွားတာနော် အကျွေးအမွေးက ရှယ်မဟုတ်ရင် ရှုံးပြီ"

"အမယ်လေး စိတ်ချစမ်းပါ ရန်နောင်ထွဋ်ရယ် ကျောင်းကင်န်



www.burmeseclassic.com

www.burmeseclassic.com



တင်းမှာ စိတ်ကြိုက်သာမှာ မရှိုးစေရဘူး”

“အိုကေ ဒါဆို လက်ဆောင်ကို ဖွင့်ကြည့်ဦး”

မိုးမိုးဆွေ ကြည်နူးကျေနပ်စွာပြုံးရင်း ပက်ကင်ထုပ်ကိုဖြည်သည်။ အားလုံး၏ အကြည့်က အထုပ်ဖြည်နေသော မိုးမိုးဆွေ လက်များဆီသို့ ရောက်နေ၏။

မိုးမိုးဆွေ သိချင်စိတ်များနှင့် စိတ်လှုပ်ရှားစွာဖြင့် ပက်ကင်ထုပ်ကို ဖွင့်လိုက်သည်။ စက္ကူဂျပ်ဘူးထဲမှ စလောင်းဖုံးပါသော မြေအိုးလေးတစ်လုံး ထွက်လာသည်။

မိုးမိုးဆွေ မျက်နှာပျက်သွား၏။

“ရန်နောင်ထွန်း. . နင် ပေါက်ကရတွေ လုပ်လာပြန်ပြီလား”

“ကြံကြံဖန်ဖန်ဟာ မွေးနေ့မှာ ငါကနောက်စရာလား။ ပြီးတော့လည်း ဒါသုံးယောက်ပေါင်းပြီးပေးတဲ့ လက်ဆောင်လေ. . . ယုံယုံကြည်ကြည်နဲ့ ဖွင့်ကြည့်လိုက်”

ကျွန်တော့် တော်ကီတွင် မျောသွားသည့် မိုးမိုးဆွေက စလောင်းဖုံးကို ဆတ်ခနဲအဖွင့် တစ်ညလုံးလှောင်ပိတ်ခံထားရသည့် ဖားပြုပ်က ဖျတ်ခနဲ ခုန်ထွက်လာသည်။

အညောင်းမိနေဟန်တူသော ဖားပြုပ်မှာ သိပ်မြင့်မြင့် မခုန်နိုင်ရှာ၊ ရိမုဒ်နှင့်ထိန်းချုပ်ပြီး လွှတ်လိုက်သလို မိုးမိုးဆွေ၏ ရင်ဘတ်ပေါ်တည့်တည့်မတ်မတ် ရောက်သွား၏။

“အောင်မလေး ပလုတ်တုတ် ဘာကြီးလဲ၊ ဟာ. . ဖား. . ဖား”

မိုးမိုးဆွေ ငယ်သံပါအောင် အော်ဟစ်ခုန်ပေါက်ရင်း ဖားကို ပုတ်ထုတ်ဖယ်ရှားသည်။ မြင်ကွင်းက ချာလီချက်ပလင် ဇာတ်ကား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရသလိုမို့ ကျွန်တော် ဟက်ဟက်ပက်ပက်ရယ်လိုက်မိ၏။ မိုးမိုးဆွေ လှုပ်ရှားမှုက ခွေးချေးပုံတက်နင်းမိသလိုလို လမ်းပေါ်က မြွေကိုခုန်ပြီးရှောင်သလိုလို ခြေကားယား လက်ကားယားနှင့်ဆိုတော့ ရယ်စရာကောင်းနေသည်။

မိုးမိုးဆွေ ရင်ဘတ်ပေါ်မှ ဖားက အောက်ပြုတ်ကျပြီး ဟိုခုန်သည်ခုန်နှင့် လွတ်လမ်းရှာတော့ တွယ်တာနှင့် စုစုစံတို့ပါ ဝရုန်းသုန်းကား ဖြစ်ကုန်သည်။ ကောင်းမြတ်နှင့် ချစ်ဆွေလည်း ကူညီရမလို ရယ်ရမလို ဖြစ်နေကြ၏။

"ဟဲ့ . . ဟဲ့ . . လှုပ် . . လှုပ်ကြပါဦး၊ ဟဲ့ . . ဖား၊ ဟဲ့ . . ဖား"

ကိုရွှေဖားပြုပ်က တွယ်တာ့ ခြေခုံပေါ် လှမ်းတက်၏။ တွယ်တာ လေဖြတ်သူ ဘောလုံးကန်သလို ကန်ထုတ်သည်။ ပြုတ်ကျလာသော ဖားက စုစုစံပေါ် ခုန်တက်ပြန်၏။ အားလုံးစင်ပေါ်တက် ဘရိတ်ဒန့်စ်ဆွဲနေစဉ် ဓါတ်လိုက်ခံရသလို ဖြစ်ကုန်သည်။

ကျွန်တော်မြင်တွေ့ရသမျှ လှုပ်ရှားမှုတွေက တကယ့်ဟာဒယ ရွှင်ဆေး ဖြစ်နေ၍ အားမနာပါးမနာ ရယ်နေမိသည်။ ကောင်းမြတ်တဘယ်ကဘယ်လို ရှာလာမှန်း မသိသည့် တံမြက်စီးတစ်ချောင်းနှင့် ဖားကို မောင်းထုတ်နေသည်။

သူ့ပုံစံက မြို့ထဲဝင်ကာ သောင်းကျန်းဖျက်ဆီးနေသည့် ဂေါ်ဇီလာကြီးကို ဖယ်ရှားရှင်းလင်းပစ်နိုင်သူလို မာန်ဝင်နေ၏။

အခြေအနေတွေ အေးဆေးသွားတော့ . . .

"ရန်နောင်ထွင့် နင်သိပ်လွန်လာပြီနော် နင်တစ်ယောက်တည်း ပျော်ဖို့အတွက် ဒီလိုပဲဒုက္ခတွေ လိုက်ပေးနေမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . သိပ် စုတ်ပဲ့တာပဲ စိတ်ခါတ်ကိုက"

"အေးလေ သူများမွေးနေ့ကို အထိတ်တလန့်ဖြစ်အောင် လုပ်ရတယ်လို့"

"ရတယ် . . ရတယ်၊ ဒီလက်ဆောင်က နင်တို့သုံးယောက်စုပေးတာနော်. . ဒီတော့ ငါပြန်ပြီး ပြုစုမယ့်စားသောက်ပွဲက နင်တို့နဲ့ မဆိုင်တော့ဘူး ဒါပဲ"

ကျွန်တော့်ကို ဝိုင်းဝန်းအပြစ်တင်ကြရင်း ပြောလိုက်သည့် မွေးနေ့ရှင်၏ နောက်ဆုံးစကားကြောင့် ချစ်ဆွေတို့ မခံမရပ်နိုင်ဖြစ်သွားကြ၏။

"ဟာ. . မိုးဆွေကလည်း ဘာဆိုင်လဲဟ ဒီကိစ္စ ရန်နောင်ထွန်း တစ်ယောက်တည်း လုပ်တာ၊ နင်လည်း သူ့အကြောင်းသိရဲ့သားနဲ့ ငါတို့ မပါဘူး"

"ဒါ နင်တို့အတွေးလေ ငါ့အတွေးကတော့ နင်တို့ကို ရေတောင်မတိုက်ချင်ဘူး ဒါပဲ၊ ကဲ. . တွယ်တာနဲ့စုစု . . လာ သွားမယ် ကင်န်တင်းကို"

မိန်းကလေးသုံးယောက် လက်တွဲကာ ခေါင်းမော့ရင်း ထွက်သွားကြ၏။ ချစ်ဆွေနှင့် ကောင်းမြတ်၏ ဒေါသမျက်ဝန်းများက ကျွန်တော့်အပေါ် စုပုံကျလာသည်။

"မင်းရဲ့သောက်ကျင့်ကြောင့် ငါတို့ ဝါးတီးတစ်ပွဲလွတ်သွားပြီ ရန်နောင်ထွန်း"

"ဟုတ်တယ် ငါတို့နှစ်ယောက်ရဲ့ ပိုက်ဆံငါးထောင်ပြီးပြန်ပေး ပြီးတော့ ဝါးတီးအတွက် မင်းဘယ်လို လျော်ပေးမလဲဆိုတာ သိချင်

www.burmeseclassic.com

www.burmeseclassic.com



တယ်"

ရေခဲမုန့်ကိစ္စနှင့် အစာမကျေဖြစ်နေဆဲ ကောင်းမြတ်က ဒေါသ စကားဆိုသည်။ ဘာမှမတတ်နိုင်တော့၊ ကျွန်တော့်အနောက်အပြောင် ကိစ္စများက နောက်ဆုံးမှာ အလျော်အစားကြီးမားရတာ ထုံးစံလိုဖြစ်နေပြီ မဟုတ်လား။

သူတို့ထည့်ဝင်ငွေ ငါးထောင်စီပြန်ပေးရသည့်အပြင် ဘီယာဘားတွင် ပြုစုပါ့မည်ဟု လေပြည်ထိုးလိုက်မှ နှစ်ယောက်သား မျက်နှာရွှင်ပျ ပန်းလိုလှသွား၏။

ကျွန်တော်တို့ လက်တွေ့သင်ခန်းစာများကို ဘီယာဆိုင်သို့ ပြောင်း၍ ဆက်လက်လေ့လာဖြစ်ကြသည်။

ပုစွန်အစိမ်းသုပ်၊ ဆလားဗီးယား ငါးကင်၊ နံရိုးကြော်၊ ကန်စွန်းပလိန်းတို့နှင့် မြိုင်ဆိုင်လှသော ဘီယာဝိုင်းကြောင့် ကောင်းမြတ်တို့ ကျွန်တော့်ကို ခွင့်လွှတ်ကြမည်မှာ သေချာနေ၏။

"ကဲ စိတ်အဆာပြေ သိက္ခာတွေ ဘေးချိတ်ပြီး သောက်တော်မူပါ့ သူဖုန်းစား. . အဲ ဆောရီး. . သောက်တော်မူပါ့ အရှင့်သားတို့"

"အိမ်း ကောင်းပေစွ ကောင်းပေစွ ငယ်ကျွန်ကြီး"

"မင်း ဘိုးအေ ငယ်ကျွန်ကြီးလား၊ ဟွန်း. . သောက်ရစားရတော့ အခွက်တွေကတစ်မျိုး၊ ခုနတုန်းကတော့ မယ်ကုဝဏ် စီပလပ်စ်သောက်ထားတဲ့ စတိုင်နဲ့"

ကျွန်တော့်၏ မလိုတမာအပြောကို မနာသလို စပ်ဖြဲဖြဲပြုံးပြီး ချစ်ဆွေက စကားဆက်ခိုင်း၏။

"အခုကော ငါတို့ပုံစံ ဘယ်လိုဖြစ်နေလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"အမှန်အတိုင်း ပြောရမလား"

"ပြောသာပြော အားမနာနဲ့၊ ဒါတွေ မင်းဒကာခံတာပဲဟာ ဘာပြောပြောရတယ်"

"သက်(တ်) ရိုက်(တ်)"

"ဒါဆို အားမနာတော့ဘူး၊ အခုမင်းတို့ပုံစံက အမဲသားတွေ သရဲ ဆွဲသလို. . ခေါ်စာခွက် တစ္ဆေနှိုက်သလို. . ဖြစ်နေတာလေ"

"ဟား. . ဟား. . ဟား. . ရတယ်. . ရတယ်၊ တစ္ဆေဖြစ်ဖြစ် သရဲဖြစ်ဖြစ် အလကားမူးရတာနဲ့တင် အပြောခံရတာတန်တယ်၊ ဟား ဟား. . ဟား. ."

ကောင်းမြတ်က ကျွန်တော့်အပေါ် အာဃာတများ မရှိတော့ သလို တဟားဟား ရယ်ကာ ကိုကြီးကျော်ဝင်ပူးနေသည့် နတ်ကတော် လို ဘီယာကို မော့နေ၏။

"နတ်ကတော်ဖြစ်ဖြစ် တစ္ဆေသရဲဖြစ်ဖြစ် မထူးပါဘူးကွာ၊ အရက်သမားတွေချည်းပဲ မဟုတ်လား"

"အင်း. . တစ္ဆေသရဲဆိုလို့ ကြုံတုန်းမေးရဦးမယ် မင်းတို့ တစ္ဆေ သရဲဆိုတာ ယုံသလား၊ တကယ်ရှိတယ်လို့ကော ထင်လား"

ဘီယာသောက်ပြီး သရဲစကားပြောလာသော ကောင်းမြတ်ကို ကျွန်တော်နှင့်ချစ်ဆွေ ပြိုင်တူကြည့်လိုက်ကြသည်။ ချစ်ဆွေက အနည်း ငယ် စဉ်းစားလိုက်ပြီးနောက်. . .

"မရှိဘူးလို့တော့ ပြောရခက်တယ် ဟိုတစ်နေ့ကပဲ National Geographic နဲ့ Discovery Channel က Ghost lab ဆိုတဲ့အစီအစဉ် လွှင့်သွားတယ်၊ သရဲတစ္ဆေတွေ ရှိတဲ့နေရာကိုသွားပြီး သိပ္ပံနည်းကျ



www.burmeseclassic.com

www.burmeseclassic.com



သူတေသနပြုကြတာ၊ အနီအောက်ရောင်ခြည်သုံး ကင်မရာတွေနဲ့ ဓါတ်ပုံရိုက်တယ်. . အသံတွေ ဖမ်းတယ်. . တကယ့်ကို အပီလုပ်နေကြတာဆိုတော့ တကယ်ရှိလို့ နေမှာပေါ့"

"အေး ငါလည်းကြည့်ဘူးတယ်၊ ဒါတင်ကမလား အင်ဒိုနီးရှားက ပယောဂဆရာတွေ သရဲဖမ်းတာကို Live လွှင့်တာလေ အဲဒါကော မကြည့်ဖူးဘူးလား သိပ်နှာမည်ကြီးတာ"

ကောင်းမြတ်နှင့် ချစ်ဆွေက တစ်ပါတီတည်း ဖြစ်သွားကြ၏။ ဒီမိုကရေစီ နည်းလမ်းကျအောင် အတိုက်အခံတော့ရှိမှဖြစ်မည်ဟု တွေးကာ သရဲမယုံသူများပါတီတွင် ဥက္ကဋ္ဌလုပ်ဖို့ ဆုံးဖြတ်ပြီး. . .

"သရဲ ယုံတယ် မယုံဘူးဆိုတာ စိတ်ခံစားမှုနဲ့ပဲဆိုင်တယ်. . ငါတော့ မယုံဘူး"

"မယုံလို့မဖြစ်ဘူး ရန်နောင်ထွဋ် သရဲဆိုတာရှိတယ်"

"ပေါက်ကရတွေကွာ ကောင်းမြတ်ရာ ရှိရင် လူတိုင်းမြင်ရမှာပေါ့"

"ကဲ ရန်နောင်ထွဋ် ရှိတာ မရှိတာ. . ယုံတာ မယုံတာ အသာထား၊ ဒီကိစ္စက မင်းပြောသလို စိတ်ခံစားမှုနဲ့ ဆိုင်တယ်ဆိုတာတော့ ငါလက်ခံတယ်"

"လက်ခံရမယ်လေ ဒါအမှန်ပဲဟာ"

"ယုံတဲ့သူနဲ့ မယုံတဲ့သူ ခံစားမှုခြင်းကွာတာကို သက်သေပြဖို့ရတဲ့ အဖြစ်မှန်တစ်ခု ငါကြားဖူးတယ်"

"လုပ်စမ်းပါဦး ချစ်ဆွေရာ အပျင်းပြေပေါ့"

"အင်း. . အဲဒါကို ငါ့အဘိုးပြောပြခဲ့တာ၊ ဒီလိုကွာ အင်္ဂလိပ်



www.burmeseclassic.com

www.burmeseclassic.com



ခေတ်တုန်းက ငါ့အဘေးက နယ်မြို့တစ်မြို့မှာ ဗိုလ်တဲစောင့်လုပ်ဖူးတယ်၊ မြို့ပိုင်မင်းနေတဲ့အိမ်ပေါ့ အဘေးက မြန်မာပီပီ သရဲကြောက်တယ်. . အင်္ဂလိပ်မြို့ပိုင်က မကြောက်ဘူး၊ တစ်ညမှာ အချိန်မတော်ကြီး မြို့ပိုင်က ခေါက်ဆွဲကြော်ဝယ်ခိုင်းသတဲ့"

"ထမင်းချက်တွေ စားဖိုမှူးတွေ လုပ်ခိုင်းရောပေါ့"

"တနင်္ဂနွေဖြစ်လို့ နေမှာပေါ့ကွာ မင်းကလည်း စားဖိုမှူး ဂျူတီအော့(ဖ်)လေ"

"အေး အေး. . ဆက်ပြော"

"ဗိုလ်တဲက မြို့စွန်မှာ၊ ခေါက်ဆွဲဆိုင်က မြို့ထဲမှာ အဲဒါအပြင်သင်္ချိုင်းကို ဖြတ်သွားရသေးတာ"

"မင်း အဘေးတော့. . ပွဲကြီးပွဲကောင်းပေါ့"

"အေးပေါ့. . အသွားမှာ ဘာပြဿနာမှ မဖြစ်ပေမယ့် အပြန်ကျတော့. . သရဲက သင်္ချိုင်းဝ လက်ပံပင်ကြီးပေါ်ကနေ စောင့်ပြီးခြောက်ရော၊ ပြီးတော့ ခေါက်ဆွဲကြော်ကိုပါ လုစားသတဲ့"

"ဟား ကြမ်းလှချည်လားကွ"

"အေး အဘေးလည်း သေးဖြန်းဖြန်းပါပြီး ထွက်ပြေးတာပေါ့ မြို့ပိုင်ကိုပြောပြတော့ သူ့ခေါက်ဆွဲကြော်လုစားရမလားဆိုပြီး ဒေါပွပွနဲ့ခြောက်လုံးပြူးဆွဲလို့ သင်္ချိုင်းကို လိုက်သွားတယ်"

"သတ္တိခဲ ပဲနော်"

"ဟိုရောက်တော့ သရဲကမြို့ပိုင်ကို အပီဖြဲခြောက်တာပေါ့၊ လက်ပံပင်မှာ တွဲလောင်းခိုရင်း မျက်လုံးပြူးပြ၊ မြေကြီးပေါ် ဘာရွှတ်တိုက်အောင် လျှာကြီးထုတ်ပြ၊ သစ်ကိုင်းတွေတွဲလောင်းခိုပြီး တစ်ပင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ပင်ကူးပြန့် လုပ်ပြီး ခြောက်သတဲ့"

"မြို့ပိုင်ကြောက်ပြီး ရှောသွားရောလား"

"အဲဒါ မင်းပြောတဲ့ စိတ်ခံစားမှုပဲလေ ကြောက်စိတ်အခံမရှိတော့ လုံးဝမကြောက်ဘူးပေါ့၊ ကြည့်ကောင်းကောင်းနဲ့ ကြည့်ပဲနေတာတဲ့"

"တကယ့် သတ္တိခဲပဲ"

"ငါ့အဘေးလည်း မြို့ပိုင်ကြီး ပြန်ရောက်သင့်တဲ့အချိန်ထိ ရောက်မလာလို့ စိတ်ထဲမှာတော့ သရဲကုပ်ချိုးသတ်လို့ သေနေတဲ့ မြို့ပိုင်အလောင်းကိုထမ်းပြီး ပြန်လာရမယ်ပဲ ထင်ထားကြတာ၊ အဲဒီအချိန်မှာ မြို့ပိုင်ကို ခြောက်နေတဲ့ သရဲလည်း တော်တော်စိတ် ညစ်နေပြီ၊ သူဘယ်လိုခြောက်ခြောက် မြို့ပိုင်က မကြောက်တော့ ဒုက္ခတွေရောက်နေတာပေါ့၊ သရဲသိက္ခာတော့ အကျမခံနိုင်ဘူးဆိုပြီး တတ်အားသရွေ့ ခြောက်နေလိုက်တာ ခြောက်ပုံခြောက်နည်းတွေတောင် ထပ်ကုန်ရောတဲ့"

"ဟား. . ဟား. . ဟား. . ချစ်ဆွေ မင်းရဲ့သရဲက ငပေါဖြစ်နေပြီကွ. . ဟား. . ဟား. . ဟား"

"ကဲပါ ကောင်းမြတ်ရာ သူ့ဇာတ်လမ်း မဆုံးသေးဘူး. . ပြီးအောင် ပြောပစေ"

ကျွန်တော် ဟန့်လိုက်မှ ကောင်းမြတ် အမြည်းစုံနှိုက်ဝါးပြီး သူ့ပါးစပ်သူပိတ်လိုက်သည်။

"အေး သချိုင်းဝက လက်ပံပင်ကိုရောက်တော့ သရဲခြောက်တာကို ပွဲကြည့်သလိုကြည့်နေတဲ့ မြို့ပိုင်ကိုတွေ့ပြီး အားလုံးအံ့ဩကုန်ကြတယ်၊ မြို့ပိုင်ကလွဲပြီး ကျန်တဲ့လူတွေအားလုံး သရဲကိုကြောက်



www.burmeseclassic.com

www.burmeseclassic.com



နေကြပြီ"

"အေးလေ ငါဆိုလည်း ကြောက်မှာပဲ"

"ငါ့အဘေးက မနေနိုင်တော့တာနဲ့. . မြို့ပိုင်ကို သခင်ကြီး မကြောက်ဘူးလားလို့မေးတယ်. . . အဲဒီမှာ မြို့ပိုင်က ဘာကြောက်စရာရှိသလဲ လူကလေး ကျွန်ုပ်တစ်သက်နဲ့တစ်ကိုယ် ဒီလောက်ကောင်းတဲ့ ဆပ်ကပ်မျိုး ဒီတစ်ခါပဲ ကြည့်ဖူးသေးတယ်လို့ ပြန်ပြောတာဟေ့"

ကျွန်တော်နှင့် ကောင်းမြတ် ဘီယာသီးမတတ် ရယ်လိုက်ကြ ၏။

"အေး အဲဒီတော့ သရဲရှိမရှိ ဆိုတာထက် ကိုယ့်စိတ်အခံက ကြောက်မကြောက်ဆိုတာ ပိုပြီးအရေးကြီးပါတယ်ကွာ"

"အဲဒါထက် ပိုအရေးကြီးတာက မိုးဆွေတို့ကို ဘယ်လိုချော့မလဲ ဆိုတာပဲ ရန်နောင်ထွန်း"

"ဟုတ်တယ် ရန်နောင်ထွန်း မိုးဆွေ ရေလည်တင်းသွားတာ နော်"

"အေးပါ. . ငါ့မှာ အစီအစဉ်ရှိပြီးသား မွေးနေ့လက်ဆောင် အကောင်းစားဝယ်ပြီး ချော့မှာပါကွ"

"သူငယ်ချင်းကို ချော့ရတာ ရည်းစားကိုချော့ရသလောက် တော့ ခက်မယ် မထင်ပါဘူးကွာ"

"အဲဒါတော့ ဟုတ်မယ်၊ သူငယ်ချင်းအကန့်က သန့်တယ် ကတ်သီးကတ်သပ် ဟာသတွေမှာလဲ လင်မယားဟာသ သမီးရည်းစား ဟာသများတာ သူငယ်ချင်းဟာသ သိပ်မရှိဘူး'

"လုပ်စမ်းပါဦး ချစ်ဆွေမင်းက ပေါက်ကရဆို ပြောတတ်



www.burmeseclassic.com

www.burmeseclassic.com



လွန်းလို့"

ကျွန်တော် ပင့်ပေးလိုက်သဖြင့် ချစ်ဆွေ မြောက်တောက်တောက် ဖြစ်သွားပြီး. . ဘီယာကို ကြွက်တွင်းထဲလောင်းထည့်သလို သောက်၍ စကားစ၏။

"အဟမ်း. . တစ်ခါက လက်ထပ်ဖို့အချိန်ဆွဲနေတဲ့ ကောင်မလေးကို ကောင်လေးက အကျပ်ကိုင်တယ်၊ အမြန်ဆုံးလက်ထပ်မယ်လို့ ကတိမပေးရင် ခင့်ရှေ့မှာပဲ သတ်သေလိုက်မယ်လို့ ပြောလိုက်တယ်"

"ဒီတော့"

"အဲဒီတော့ ကောင်မလေးက. . အို ဒီလိုမလုပ်ပါနဲ့ အစ်ကို ရယ်ပေါ့၊ အဲဒီမှာ ကောင်လေးအားတက်သွားပြီး ဒါဆိုကိုယ့်ကို လက်ထပ်တော့မယ်ပေါ့ ဟုတ်လားလို့ မျှော်လင့်ချက်တွေနဲ့ မေးတာပေါ့"

ချစ်ဆွေက သူ့စကားကို စိတ်ဝင်စားနေမှန်းသိ၍ အမြည်းစားပြီး အချိန်ဆွဲနေသည်။ ကောင်းမြတ် မနေနိုင်တော့. . .

"ဟော့ကောင် ကောင်မလေး ဘာပြန်ပြောလဲ"

ချစ်ဆွေက ပါးစပ်ထဲမှ အမြည်းစုံကို ဘီယာနှင့်မျှောချပြီးမှ စကားဆက်၏။

"ကောင်မလေးက ခင့်ရှေ့မှာတော့ သတ်မသေပါနဲ့မောင်ရယ် ခင် မျက်မြင်သက်သေ ဖြစ်သွားလိမ့်မယ်၊ ခင်က ရဲစခန်းဆို သိပ် ကြောက်တာလို့ပြောတာပေါ့"

"ဟား. . ဟား. . ဟား. . ပေါက်ပေါက်ရှာရှာကွာ၊ ဟင်းဟင်း ဒါနဲ့ လင်မယားဟာသလေးဘာလေး မရှိဘူးလား၊ လုပ်စမ်းပါဦး အခန်း ခါသနာပါလို့"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ရှိတာပေါ့ကွာ. . နေဦး ငါဆီဖြည့် လိုက်ဦးမယ်"

ချစ်ဆွေက ဘီယာသောက်လိုက် အမြည်းဝါးလိုက်နှင့် ကော
မြတ်ကို မချင့်မရဲဖြစ်အောင် လုပ်နေ၏။ ကျွန်တော်ကတော့ စိတ်မ
စားသလို အိုက်တင်ခံရင်း နံရိုးကြော်ဝါးပြီး ဘောပွဲကြည့်နေလိုက်သည
ကော်နာနှစ်ကြိမ် ဖရီးကစ်တစ်ကြိမ်ကန်ပြီးမှ ချစ်ဆွေ စကားဆ
သည်။

"တစ်ခါက အသက်ခုနစ်ဆယ်ကျော် သူဌေးကြီးတစ်ယော
ဆယ့်ရှစ်နှစ်အရွယ် ကောင်မလေးကို လက်ထပ်ယူလိုက်တယ်၊ အိ
ထောင့်သုခကို အပြည့်အဝခံစားချင်တဲ့ သူဌေးအဘိုးကြီးက တိုင်းရင
သမားတော်ကြီးဆီသွားသတဲ့"

"ဟဲဟဲ. . အားဆေးသွားဖော်တာပဲ ဖြစ်ရမယ်၊ ဟုတ်လား. .
ချစ်ဆွေ"

"သေချာတာပေါ့ ကောင်းမြတ်ရာ ဒါပေမယ့် သမားတော်
ခေါင်းရမ်းပြီး သူ့ဘာမှမကူညီနိုင်တော့ဘူးလို့ ပြောတော့တာလေ
သူဌေး ကြီးကလည်း ဇွတ်ပဲ၊ ပျားရည်သောက်ရင်ကော မဖြစ်နိုင်ဘူ
လားဆရာလို့ မေးပြန်ရော"

"ဒါဖြစ်နိုင်တယ်လေ၊ ပျားရည်တို့ ဖျံ့သိုတို့က အဲဒီကိစ္စကို အာ
ပေးတယ်"

"အေး. . ဆေးဆရာကလည်း ပျားရည်သောက်ပါဆိုတဲ့ ဆေ
ညွှန်း ကျုပ်ရေးပေးလိုက်လို့ရတယ်၊ ပျားလို တစီစီမြည်နေအောင်လည
လုပ်ပေးလို့ရတယ်. . ဒါပေမဲ့ ပျားလိုတုပ်နိုင်ဖို့ ဆိုတာတော့ဘယ်လို
မဖြစ်နိုင်တော့ပါဘူးဗျာလို့ ပြောသတဲ့"



www.burmeseclassic.com

www.burmeseclassic.com






ကျွန်တော်နှင့် ကောင်းမြတ် ပိုးစိုးပက်စက် ရယ်မိကြသည်။ ကောင်းမြတ်က ဖင်ဆောင့်၍လည်း ရယ်သည်။ စားပွဲထု၍လည်း ရယ်သည်၊ သမားတော်၏ စကားကိုလည်း ထောက်ခံသည်။

"ဟား. . ဟား. . ဟား. . ဟုတ်ပကွာ၊ ပျားလို တစီစီမြည်အောင်ပဲ ကူညီနိုင်မယ်ပေ့ါ ဟုတ်လား၊ ဟားဟားဟား မိုက်တယ်ကွာ"

ကျွန်တော်တို့ ဘီယာဝိုင်းက အားကောင်းပြီး အရှိန်ရနေပြီ၊ စားသောက်စရာတွေ အလျှံပယ်ဖြစ်နေသည့်အပြင် ချစ်ဆွေအပြောများကြောင့်လည်း ပျော်နေရ၏။ ကောင်းမြတ်က ချစ်ဆွေအား ဧည့်ခံပွဲတောင်းပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လုပ်စမ်းပါဦး ချစ်ဆွေရာ ပေါက်ကရလေးဆယ်တွေ ရှိသေးတယ်မဟုတ်လား"

"အေး. . သိပ်ချစ်တတ်တဲ့ လင်မယားတွေ အကြောင်းပေါ့ကွာ၊ ဟင်း. . ဟင်း. . ရွာတစ်ရွာမှာ လင်မယားနှစ်ယောက်ရှိတယ်၊ တစ်နေ့မှာ မိန်းမက ရေတွင်းထဲ ပြုတ်ကျသွားသတဲ့ ဘေးပတ်ဝန်းကျင်က လူတွေလည်း ဝိုင်းလာပြီး ဆယ်ဖို့ပြုဖို့ ဝိုင်းလုပ်ကြတာပေါ့၊ ကာယကံရှင် ယောကျ်ားကတော့ အေးဆေးပဲတဲ့"

"သိပ်ချစ်တဲ့ သဘောပေါ့"

"အိမ်း. . ဆိုပါတော့ အိမ်နီးချင်းတွေက လှေကားရှိလား ကြိုးရှိလား မေးပြီး ပျာယာခတ်နေတာကို ကြည့်ရင်း အိမ်ရှင်ယောကျ်ားက ဘာလို့ ဒီလောက် အလောတကြီးဖြစ်နေကြတာလဲဗျာ. . ကျွန်တော် အဲဒီတွင်းထဲက ရေကို သောက်တာမှ မဟုတ်တာ၊ ဒီလောက် အရင်မလိုပါဘူးလို့ ပြောတာဟ"

ကျွန်တော်တို့နှစ်ယောက် ရယ်ရတာ အူတွေပင် နာလာ၏။ ချစ်ဆွေက ပြောလို့ကောင်းနေတုန်း။

"တစ်ခါကလည်း မိတ်ဆွေနှစ်ယောက် ဆုံကြတယ်၊ တစ်ယောက်က မီးလောင်လို့ အိမ်မီးထဲပါသွားတာမို့ တစ်ယောက်က သတင်းမေးတာပေါ့၊ ခင်ဗျားအိမ် မီးထဲပါသွားလို့ဆို သတင်းကြားရတာ စိတ်မကောင်းလိုက်တာလို့ပြောတော့ မီးဘေးဒုက္ခသည်က အိမ်တင် ဘယ်ကမလဲ မိန်းမပါမီးထဲပါသွားတာလို့ ဖြေတယ်၊ ဒီတော့. . တစ်ယောက်က ပိုသနားသွားပြီး ဖြစ်မှဖြစ်ရလေဗျာ ဘယ်လိုမှ ကယ်လို့မရဘူးလားလို့ ထပ်မေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အရမ်းမီးသတ် အဲလေ အရန်မီးသတ်တို့ ကြက်ခြေနီတို့ မရှိဘူးလား"

"အသာနားထောင်စမ်းပါ ရန်နောင်ထွဋ်ရာ၊ အဲဒီမှာ မီးလောင်ခံရတဲ့ အိမ်ရှင်က မီးစလောင်တော့ ကျွန်တော် အိပ်ခန်းထဲပြေးဝင်သွားတယ် မိန်းမက ဘာမှမသိဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာ တွေ့ရတော့ မနိုးရက်တာနဲ့ အဖိုးတန်ပစ္စည်းတွေပဲ ယူပြီးပြန်ထွက်လာခဲ့တာပါဗျာလို့ ပြန်ဖြေတယ်လေ"

"ဟားဟားဟား. . တော်ပါတော့ ချစ်ဆွေရာ ရယ်ရလွန်းလို့ အမူး တောင်ပြေသွားပြီ တော်တော့ ဘာမှမပြောနဲ့တော့ ဘီယာလည်း ထပ်မှာ မပေးနိုင်တော့ဘူး ဟားဟားဟား"

ချစ်ဆွေကို ဘာမှ ဆက်မပြောတော့ရန် တောင်းပန်ပြီး တပင်ရွှေထီး အရမ်းကြိုက်ခဲ့သည့် ဖြစ်ရည်ခေါ် ဘီယာကို အရသာခံ၍ သောက်ကြသည်။ ဝက်အသေကောင်၏နံရိုး၊ ငါးအသေကောင်နှင့် ပုစွန်မသာကောင်များကို သချိုင်းနှင့်တူသည့် လူခံတွင်းပေါက်ထဲသို့ ပစ်ထည့်ကာ သင်္ဂြိုဟ်ပေးလိုက်ကြ၏။ သတ္တဝါများ ကောင်းရာသုဂတိလားပါစေပေါ့။

"အင်း. ငါတို့တွေလည်း ဖိုင်နယ်တောင်ရောက်နေပြီ ဘယ်သူမှ ရည်းစားမရှိကြသေးဘူး"

"အဲဒီတော့ မင်းဘာလုပ်ချင်လဲ ချစ်ဆွေ"

"နောက်လာ နောက်သားတွေကို ပြန်ပြောလို့ရအောင် မြန်နိုင်သမျှ မြန်မြန်ရည်းစားရအောင် ကြိုးစားရမှာပေါ့ဟ ကောင်းမြတ်ရ"

"အေး အဲဒါလည်း မှန်တာပဲ၊ သူ့အရွယ်နဲ့သူ လုပ်စရာရှိတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ မလုပ်မိရင် နောင်တရစရာတွေ ဖြစ်ကုန်လိမ့်မယ်၊ ငါလည်း တွယ်တာ့ကို ဆွဲစိလိုက်တော့မယ်ကွာ"

"ရင်ခုန်ရင် လုပ်လိုက်ပေါ့ ရန်နောင်ထွဋ်ရာ ငါကတော့ မိုးဆွေ ဆီမှာရာထူးတိုး လျှောက်လွှာတင်မလားလို့"

"ကောင်းတယ် ဒီအတိုင်းကျောင်းပြီးသွားရင် ပျင်းစရာကြီးဖြစ် နေလိမ့်မယ်၊ ဒါပေမဲ့ ခက်နေတာက ငါတွယ်တာကိုနောက်ပြီး ရည်းစား စကား ခဏခဏပြောဖူးတယ်ကွာ. . ခုမှ တကယ်ပြောလည်း သူယုံမှာ မဟုတ်တော့ဘူး"

"အဲဒါတော့ ကိုယ့်အပြစ်နဲ့ကိုယ်ပဲလေ ဒီလိုလုပ်ကြည့်ပါလား ရန်နောင်ထွဋ်. . ပါးစပ်ကမပြောဘဲ စာပေးကြည့်လိုက်"

"အင်း အဲဒီလိုပဲ လုပ်ကြည့်ရတော့မှာပေါ့ကွာ"

ထိုနေ့က ကျွန်တော်တို့ ဘီယာဝိုင်းမှာ ရည်းစားရရှိရေး. . ဒို့အရေး. . ဟူသော ကြွေးကြော်သံနှင့် အောင်မြင်စွာပြီးဆုံးခဲ့၏။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄)

**ကျောင်း**ပိတ်ရက်မို့ ကျွန်တော် အိပ်ရာထတော့ မနက်ကိုးနာရီ ရှိနေပြီ၊ ကျွန်တော်မီးဖိုခန်းသို့ ဝင်လာခဲ့၏။ နံနက်ခင်း မီးဖိုချောင်၏ ထုံးစံအတိုင်း အခန်းထဲတွင် အကြော်အလှော်ညှော်နံ့များ သင်းနေသည်။ ထမင်းချက်အဒေါ်ကြီး လုပ်ကိုင်နေသမျှကို အမေက ဝင်ရောက် နှမ်းဖြူးနေသည်။ အမေ့စတိုင်က Myanmar Cooking Master ပြိုင်ပွဲဝင်တစ်ယောက်လို၊ ကျွန်တော် အမေ့ကိုကြည့်ပြီး ပြုံးမိ၏။

"အမေ. . ဘာ. . ဟင်း. . ချက်"



www.burmeseclassic.com

www.burmeseclassic.com



"ဪ . . သား နိုးလာပြီကိုး၊ ဟင်းကတော့ အစုံပဲသားရေ ငါးသလောက်ပေါင်း၊ ကြက်သားအစိမ်းကြော်၊ ချဉ်ပေါင် ချဉ်ရည်ဟင်း ငပိထောင်း"

"ဟား . . ဝွတ်ရှယ်ပဲ"

အာလာပ သလ္လာပပြောပြီး အမေ့မျက်နှာကို အကဲခတ်ကြည့်၏။ ကြည်လင်ရွှင်ပျနေသဖြင့် အခြေအနေကောင်းသည်ဟု ယူဆလိုက်သည်။ ကျွန်တော် အသုံးအစွဲများသွား၍ တစ်လစာမုန့်ဖိုးနှင့် လမ်းစရိတ်က နှစ်ပတ်လောက်နှင့် ခါလီဖြစ်သွားခဲ့ပြီ၊ အမေ့ထံမှ ရတတ်သရွေ့ မုန့်ဖိုးကို ဆိုမာလီပင်လယ်ဓားပြလို တောင်းယူရန် ကြံစည်နေခြင်းလည်း ဖြစ်၏။ အမေကြည်သာနေသည်မို့ ကျွန်တော့် အိတ်ကပ်ထဲမှ လက်နက်ပုန်းဖြစ်သော ဘောက်ချာတစ်စောင်ကို ထုတ်၍. . .

"မေမေ. . မေမေ့ကို ဖေဖေဆူသေးလား"

"ဟင်းအင်း မဆူပါဘူး ဘာဖြစ်လို့လဲ"

"ဟုတ်လား ဒါဆို ဒီဘောက်ချာလေး အဖေမတွေ့သေးဘူးပေါ့၊ တော်သေးတယ် ဒါကို အမေတို့အိပ်ခန်းတံခါးနားက ကောက်ရလာတာ"

ကျွန်တော် ဘောက်ချာကို အမေ့အားပေးလိုက်၏။ ဘောက်ချာကိုဖြန့်ကြည့်ရင်း အမေ ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။ ရွှေနှစ်ကျပ်ခွဲသား ဆွဲကြိုးထပ်ဝယ်သည့် ငွေချေပြေစာက အမေ့လက်ထဲတွင် တုန်ခါနေ၏။ ဒါ ထပ်မံဖိအားပေးရမည့် အချိန်ကောင်းပဲဖြစ်သည်။

"ပြီးခဲ့တဲ့ အပတ်ကပဲ မေမေစိန်လက်စွပ်တစ်ကွင်း ဝယ်သေး



www.burmeseclassic.com

www.burmeseclassic.com



တယ်နော်"

"သား မဖွနဲ့ပေါ့ . . ဒါဆိုပြီးပြီပဲဟာ"

"အင်း ဖွတော့ မဖွချင်ပါဘူး၊ ဒါပေမဲ့ ပိုက်ဆံတွေ လျော့တာ ပျောက်တာ သားကြောင့်လို့ ထင်သွားရင် ဘယ်လိုရှင်းမလဲ"

"အမေရှင်းမယ် မင်းသာပါးစပ်ပိတ်နေ"

"ဟဲဟဲ . . အဲလို ပါးစပ်ပိတ်ထားဖို့ဆိုတာ"

ကျွန်တော် စကားကို ဆုံးအောင်ပင် မပြောလိုက်ရ၊ အထာနပ်နေပြီဖြစ်သည့် အမေက . . .

"သား ပါးစပ်ပိတ်ဖို့ သုံးသောင်းလောက်ဆို ဖြစ်မလား"

"ဟာ မေမေကလည်း သားအမိချင်း ဒါတွေ မလိုပါဘူး"

"သားရယ် အပိုတွေပြောမနေပါနဲ့ မနက်ဖြန်ကျောင်းသွားခါနီး ပိုက်ဆံလာယူ"

'ဗျာ . . ဟုတ်ကဲ့၊ ဒါ အမေ့ဟာ အမေပေးတာနော်"

"အေးပါဟယ် အေးပါ၊ မင်း ပါးစပ်သာ ပွင့်မလာစေနဲ့"

"အိုကေ သိုင်းကျူး၊ သား လက်ဖက်ရည်ဆိုင်သွားလိုက်ဦးမယ် တော့တာ"

ကျွန်တော် ပေါ့ပါးသွက်လက်စွာဖြင့် အိမ်ရှေ့ထွက်လာခဲ့၏။ ခြံထဲက ခုံတန်းမှာ ဖေဖေထိုင်ပြီး ဂျာနယ်ဖတ်နေတာတွေ့သည်။

ဒရိုင်ဘာကိုမြင့် ပြောပြထားသော လျှို့ဝှက်သတင်းတစ်ခု ကျွန်တော့်ဆီမှာ ရှိနေသေးသည်။ ကျွန်တော် ကျေနပ်စွာပြုံးရင်း အဖေ့ထံ လျှောက်လာခဲ့သည်။

"ဖေဖေ ဘယ်လိုလုပ်လိုက်တာလဲ ရှက်လိုက်တာဗျာ တော်ကြာယ်



www.burmeseclassic.com

www.burmeseclassic.com



ပဲ သူငယ်ချင်းတွေကြားမှာ ဘယ်လောက်အပြောခံရတယ် မှတ်လဲ၊ ဒီကိစ္စ မေမေသိလို့ကတော့ မလွယ်ဘူး"

"ဟော့ကောင်. . . မင်း ငါ့ကို ဆုံးမနေတာလား အပေါက် သဟန်းနဲ့. . ဒီမှာငါ့သား မင်းအမေသိလို့ ကျိုင်ပူမယ့်ကိစ္စ ဘာမှမရှိဘူး"

"တကယ်လား၊ ဒါဆို တစ်နေ့ညက အဖေဘီယာစတေရှင်မှာ စင်တင်အဆိုတော်မလေး တစ်ယောက်တည်းကို ပန်းကုံးသုံးကုံး စွပ်"

ကျွန်တော် တမင်ပင် အသံကျယ်ကျယ်နှင့် ပြောလိုက်၍အဖေ ကြက်ခြေမရဖြစ်ပြီး ကျွန်တော့်ပါးစပ်ကို အတင်းလိုက်ပိတ်၏။

"အဟဲ. . အဲဒါ အဲဒီညတစ်ညတည်းပါကွာ မနေ့ညကလည်း မသွားဘူး ဒီညလည်း သွားမှာမဟုတ်ဘူး၊ ဒါနဲ့ အဲဒါ မင်း ဘယ်လိုသိလဲ"

"သား သူငယ်ချင်းတွေ့ခဲ့လို့ ပြန်ပြောတာ၊ ဒီကောင် အဲဒီကို အိမ်က ဂဏန်းမဆလာချက် ဝယ်ခိုင်းလို့ ပါဆယ်လာဆွဲရင်း အဖေ့ကို တွေ့ခဲ့တာတဲ့"

"ဟဲဟဲ. . ဘီယာသောက် ပန်းကုံးစွပ် ဒါပဲ၊ ကျန်တာ ဘာအ ကန့်မှ မရှိဘူး"

"အကန့် မရှိပေမယ့် အကုန်အကျရှိတယ်လေ ပန်းကုံးသုံး ကုံးဆိုတာ နည်းသလား၊ ဒါ ဘီယာဖိုး မပါသေးဘူး အဖေဒီလို ဖြုန်းနေ တာ အမေသိရင်"

"ဟော့ကောင်. . တော်တော်၊ မင်း ဟန်းဆက်လဲချင်လို့ဆို ဈေး တစ်သိန်းယူသွား ပါးစပ်လည်းပိတ်ထား"

ဖေဖေက စားပွဲပေါ်ရှိ သူ့ပိုက်ဆံအိတ်ကြီးထဲမှ တစ်သောင်း တန် စာစ်ထုပ်နှိုက်ယူပေးသည်။ အဟား အောက်ပြည်အောက်ရွာက



www.burmeseclassic.com

www.burmeseclassic.com



ငွေရှာလို့ တယ်ကောင်းပါလားဟု တွေးမိပြီး ကျွန်တော်ပြုံးပျော်သွား၏။ တစ်ထောင်တန်အုပ်ကို တဖျပ်ဖျပ်ရိုက်ရင်း. . .

"ဒီတစ်ခါတော့ ထားလိုက်ပါတော့ နောက်တစ်ခါဆိုရင် မလွယ်ဘူးနော်၊ သားပါးစပ်မှာ စပီကာပါတယ်ဆိုတာ ဖေဖေသိပါတယ်"

"အေးပါ ကျေးဇူးရှင်ရယ်၊ ကြွ. . ကြွ. . လွတ်ရာကို ကြွမြန်းစံစားတော်မူပါဗျာ ကြွပါတော့"

"အိုးခေ ဖေဖေ"

ကျွန်တော် တစ်သိန်းထုပ်ကို ဘောင်းဘီအိတ်ထဲသို့ ထိုးထည့်ရင်း လက်ဖက်ရည်ဆိုင်သို့ ကြွမြန်း. . အဲ. . ထွက်လာခဲ့၏။ ကျောင်းဖွင့်ရက်မှာ ဖလန်းဖလန်းထအောင် လျှမ်းပြလို့ရမည့် ငွေအမောင့်နှံက ကျွန်တော့် လက်ထဲရောက်နေပြီ မဟုတ်လား။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၅)

စာသင်ဆောင်ထဲမှ တိုးဝှေ့ထွက်လာကြသည့် ကျောင်းသူကျောင်းသားများကို ကြည့်ရသည်မှာ ဆူနာမီအန္တရာယ် ကာကွယ်ရေးလေ့ကျင့်ခန်းဆင်းကြသည့် လူအုပ်ကြီးနှင့်တူနေ၏။ စာသင်ခန်းကို ဆူနာမီ ရေလှိုင်းကြီးလို သဘောထားပြီး ဝေးရာသို့ ပြေးနေကြသည်မှာ အနာဂတ် ခေါင်းဆောင်လောင်းလျာများပင် မဟုတ်လား။

နေ့ခင်းနှစ်နာရီ နေကအရေပြားကို အပ်နှင့်ဆွသကဲ့သို့ အစွမ်းအစများ ရှိနေဆဲပင်ဖြစ်၏။ ကျွန်တော်တို့အုပ်စုမှ စုစုစံနှင့် မိုးမိုးဆွေတို့ ကော်ရစ်ဒါအဆုံးရောက်သည်နှင့် ထီးကိုယ်စီဖွင့်ဆောင်းလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တွယ်တာ ကောင်းကင်ကိုလက်နှင့်ကာ၍ မော့ကြည့်ရင်း. .

"ကျွတ်. . နေကလည်း ပူလိုက်တာ ထီးလည်းပါမလာဘူး"

အကွက်ဝင်လာပြီမို့ ကျောပိုးအိတ်ထဲမှ ထီးကိုဆွဲထုတ်၍ တွယ်တာ့ အားပေးလိုက်သည်။

"ရော့ တွယ်တာ. . နင့်အတွက် ငါ့ရဲ့ အိုအေစစ်လေး"

"တယ်ဟုတ်ပါလား အလိုက်တွေသိနေလိုက်တာ"

"အော်တို ခလုတ်ထီးနော်"

"အေးပါ သိပါတယ်"

ထီးကိုယ်စီနှင့် သူငယ်ချင်းများက ကျွန်တော်တို့နှစ်ယောက်ကို လှမ်းကြည့်ရင်း စောင့်နေကြသည်။ တွယ်တာထီးဖွင့်ဖို့ ဟန်ပြင်နေပြီ၊ ကိုယ့်လက်နက်အကြောင်း ကိုယ်သိထားသည့်အတွက် ကျွန်တော် ခပ် လှမ်းလှမ်းသို့ မသိမသာ ရှောင်ထွက်လာခဲ့၏။ တွယ်တာ ထီးခလုတ်ကို နှိပ်လိုက်သည်။ ခလုတ်ကောင်းသဖြင့် ထီးက ချက်ချင်းပွင့်လာ၏။

သို့သော် ထီးက အရိုးပြိုင်းပြိုင်း၊ ထီးရွက်တွေက စုတ်ပြတ် သတ်နေ၏။ အရှုးတောင် ဆောင်းမည့်ထီးမျိုး မဟုတ်၊ ချစ်ဆွေတို့ စုစုစံတို့ အုပ်စုထံမှ ခွက်ထိုးခွက်လန် ရယ်သံတွေ ထွက်လာသည်။

ထိုအခါမှ တွယ်တာသတိပြုမိပြီး ထီးကိုမော့ကြည့်၏။

"ဟင်. . ထီးစုတ်ကြီး၊ ဟဲ့ သေနာကောင်စုတ် ရန်နောင်ထွင် ကဲဟယ်"

တွယ်တာက ထီးကိုပိတ်ပြီး အရိန္ဒမာလှံလို သဘောထားကာ ကျွန်တော့်ထံ ချိန်ရွယ်ပစ်လွှတ်လိုက်သည်။ တွယ်တာ့ကို မျက်ခြည်မ ပြတ် ကြည့်နေသည့် ကျွန်တော်က. . တဟားဟား ရယ်ရင်းနှင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



အသာအယာ ရှောင်ပေးလိုက်၏။ အရိန္ဒမာထီးစုတ်ကြီး ကျွန်တော့်ရင်ဘတ်တွင် လာမစိုက်သော်လည်း. . .

"ဘုတ်"

"အင့်. . အား. . အောင်မလေးဗျ၊ ဟင်. . မင်း. . မင်း. . သက်သက်ရန်စတာပေါ့လေ"

အခြေအနေက ရှုပ်ထွေးသွား၏။ အတန်းထဲမှ တစ်ကိုယ်တော် မှန်ကြောင် ကိုရှုပ်ဆိုးအား အရိန္ဒမာ ခသွားသဖြင့် ဒေါ်ပွပြီးရန်တွေ့နေပြီ။ တွယ်တာ လန့်သွား၏။

"မတော် မတော်လို့ပါရှင်၊ တောင်းပန်ပါတယ်နော် ဘယ်နားထိသွားလဲဟင်. . တော်တော် နာသွားလား"

တွယ်တာ တတွတ်တွတ် တောင်းပန်၏။

မှန်ကြောင် ဇော်လင်းခိုင်က ပေါင်ခြံကို လက်နှင့်အုပ်ပြီး. . တကျွတ်ကျွတ်နှင့် စုတ်သပ်နေသည်။

"မတော်ရာကို. . ထိ. . ထိ၊ အား. . နာလိုက်တာဟာ မတွယ်တာ ခင်ဗျား ဘာအငြိုးနဲ့ ကျွန်တော့်ကို နှိပ်ကွပ်ရတာလဲ ပြောစမ်းပါဦး"

"တကယ့်ကို မတော်တဆ ဖြစ်တာပါ ကိုဇော်လင်းခိုင် ခွင့်လွှတ်ပါနော်"

"လူကို တည့်တည့်ချိန်ပြီး ပစ်လိုက်တာ မတော်တဆလား"

ရှင်းမရ ဖြစ်နေသော သူတို့နှစ်ယောက်နားသို့ ကျွန်တော်တို့ အုပ်စုရောက်သွားကြ၏။ ဇော်လင်းခိုင်ကို အားလုံးဝိုင်းတောင်းပန်ကြသည်။ ဒါတောင်သူ့ကို လူညွန့်တုံးအောင် လုပ်ပါသည်ဆိုပြီး ဇော်လင်းခိုင်က မကျေနပ်။ တွယ်တာ့အကြည့်က ကျွန်တော့်ထံရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ပြဿနာကိုယ်ရှင်း ဆိုသည့်သဘော၊ ကျွန်တော်မနေသာတော့။

"ဟား ဇော်လင်းခိုင် ကိုယ်ရှင်းပြပါရစေကွာ၊ တကယ်တော့ တွယ်တာ ယတြာချေတာပါ ဗေဒင်အလိုအရ မျက်စိမှိတ်ပြီး ထီးစုတ်နဲ့ ပစ်လိုက်ရင် ဖူးစာရှင်တွေ့မယ်ဆိုလို့ အဲဒီလို လုပ်လိုက်တာပါ"

"ဟဲ့ ရန်နောင်ထွဋ်"

"အသာနေစမ်းပါ တွယ်တာရာ၊ ဇော်လင်းခိုင် ကျေနပ်ဖို့က အရေးကြီးတာ မဟုတ်လား"

တွယ်တာက ဝင်ဟန့်သဖြင့် ကျွန်တော်တီးတိုးဖြေရှင်းရသေးသည်။ တွယ်တာက ဇော်လင်းခိုင်ကိုတော့ ကြောက်၏။

"ရန်နောင်ထွဋ် ထီးစုတ်နဲ့ ပစ်ရင် ဘာဖြစ်တယ်. . နောက်တစ်ခေါက်လောက် ရှင်းပြပါဦး"

အရေးထဲ ဇော်လင်းခိုင်က တစ်မျောက်. . .

"အဲ. . . ဒီလိုလေကွာ၊ ထီးစုတ်နဲ့ပစ်ရင် ဖူးစာရှင်တွေ့မယ့် ယတြာလေ. . ဟဲဟဲ"

"ဩော်. . ဒါဆို အခုကိုယ်က တွယ်တာ့ ဖူးစာရှင်ဖြစ်သွားပြီ ပေါ့ ဟုတ်လား"

"သဘောတရားအရတော့ ဟုတ်ပါတယ်"

"သဘောတရားတွေ ဘာတွေ လုပ်မနေပါနဲ့ကွာ တွယ်တာလို မိန်းကလေးမျိုးနဲ့ဆို ကိုယ်ငြင်းလို့ ဘယ်ကောင်းမလဲ လက်ခံမှဖြစ်မှာပေါ့"

မှန်ကြောင်ရုပ်ဆိုး ဇော်လင်းခိုင်က အပြောမဟုတ် အလွန်နှင့် သက်သေပြတော့မလို ပုံစံနှင့် တွယ်တာ့နားကပ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"တွယ်တာ ကိုယ်ဟာ မင်းရဲ့ဖူးစာရှင် ဖြစ်သွားပြီနော် ကိုယ့်မိဘတွေနဲ့ အခုလိုက်တွေ့မလား အမေတို့ကလည်း အလိမ္မာ အိမ်ပါမယ့် ချွေးမချောကို သဘောကျကြမှာပါ"

"အို . . ဘာတွေ လာပြောနေတာလဲ"

"ကိုယ် မလောပါဘူး၊ ကျောင်းပြီးမှ လက်ထပ်မှာပါ"

ကျွန်တော်မွေ့လိုက်သည့် ကိစ္စက ဒီလောက်ထိကြီးမား ကျယ်ပြန့်သွားလိမ့်မည်ဟု မထင်ခဲ့၊ အပေါင်းအသင်းအားလုံးလည်း ရယ်ရမလို ဝင်ပြီးဖြန်ဖြေရမလို ဖြစ်ကုန်ကြ၏။ တွယ်တာလည်း မျက်နှာကြီးရဲလာပြီး . . .

"ရန်နောင်ထွဋ် နင့်ပြဿနာ နင်ရှင်းနော် ငါတော်တော်တင်းနေပြီ"

"အေး . . အေး . . ပါဟာ"

တွယ်တာ့မျက်နှာ အခြေအနေကိုကြည့်ပြီး ကျွန်တော်ပါ စိုးရိမ်သွားရ၏။ သို့နှင့် ဇော်လင်းခိုင်ရှေ့ ဝင်ရပ်ပြီး တွယ်တာ့ကို ကာထားလိုက်သည်။

"ကဲ ဇော်လင်းခိုင် ယကြာအရ ဖူးစာရှင်ဆိုတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ အဆင့်ကျော်လို့ မရဘူးလေ . . ပရိုစီကျာအတိုင်း လုပ်မှဖြစ်မှာ မင်းခိုက်ရင် ပရိုပို့စ်လုပ်ပေါ့၊ တွယ်တာဘက်က မီးစိမ်းပြမှ ကျန်တာ ဆက်လုပ်လို့ရမှာလေ"

"ဪ ဒီလိုလား၊ အင်း . . ဖြစ်ပါတယ်လေ အဲလိုပဲ လုပ်ရမှာပေါ့ ကိုယ့်မှာပေဒင်အလိုအရ ဖူးစာရှင်ဆိုတဲ့အားသာချက် ရှိနေပြီပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့. . မင်း သဘောပေါက်ပါတယ်၊ ကဲ. . သွားမယ်နော် နောက်နေ့ကစပြီး ကြိုးစား. . ဟုတ်လား"

"အိုကေ အိုကေ"

"ဒါဆို သွားမယ်၊ လာ. . တွယ်တာ"

ဇော်လင်းခိုင်ရှေ့မှ တွယ်တာ့ကိုခေါ်ထုတ်၍ ကျွန်တော်တို့ အုပ်စု ထွက်လာခဲ့ကြသည်။ ခပ်လှမ်းလှမ်းရောက်မှ အားလုံး ဟားတိုက် ရယ်လိုက်ကြ၏။

"မင်း တော်တော်ထွေးတဲ့ကောင်ပဲကွာ ပြဿနာကို ဒစ်စကာ ဗာရီ လုပ်တဲ့နေရာမှာ တကယ့်ဆရာကောင်ပဲ"

"နင့်ကို ငါလုံးဝမကျေဘူး ရန်နောင်ထွဋ်၊ ထီးစုတ်နဲ့ အရှက်ခွဲ ခဲ့တဲ့အပြင် နင့်နှမယောက်ျားနဲ့ပါ ငါ့ကို ဂျင်းထည့်ရတယ်လို့"

"ဆောရီးဟာ ထီးနဲ့ပေါက်ခံရလို့ ဒေါဖေါင်းနေတဲ့ ဇော်လင်း ခိုင် ငြိမ်သွားမလားလို့ ပြောမိပြောရာ ပြောလိုက်မိတာ ဒီလောက်ထိ ဖြစ်သွားလိမ့်မယ်လို့ မထင်မိဘူး. . တောင်းပန်ပါတယ်ဟာ"

"နင် ဘယ်လိုပဲ တောင်းပန် တောင်းပန်. . ငါမကျေနပ်ဘူး ရန်နောင်ထွဋ် ပြီးတော့လည်း တစ်ခါတည်း မှာထားလိုက်မယ် နောက် ထပ် ငါ့ကို လုံးဝမစပါ မနောက်ပါနဲ့ ဒါပဲ"

"အေးအေး ပါဟာ. . ငါသတိထားပါ့မယ်"

တွယ်တာ့ ဆက်ဆံရေးက ရေခဲမှတ်အောက်ရောက်နေ၍ ကျွန်တော် သွေးပျက်သွားခဲ့သည်။ နောင်တများနှင့် တွယ်တာ့ကို ရိုသေ စွာ ကြည့်မိ၏။ ကျောင်းဝင်းထဲမှ ကားမှတ်တိုင်တွင် ကျွန်တော်တို့ လမ်းခွဲခဲ့ကြသည်။ တွယ်တာနှင့် ကားတစ်စီးထဲ ကျွန်တော်မလိုက်ရဲတော့



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ကျွန်တော့်နားတွင် ချစ်ဆွေနှင့်ကောင်းမြတ်တို့တော့ ကျန်နေခဲ့ပါသေးသည်။ ကောင်းမြတ်က. . .

"ဒါ တိုက်ရိုက်အနီကတ်ပဲ ရန်နောင်ထွဋ်၊ ဂိုးဧရိယာထဲမှာ နောက်ကနေ အတင်းဝင်ဖျက်လိုက်သလိုပဲ ပိုင်နယ်တီပါပေးရဦးမှာ"

ကောင်းမြတ်အပြောကြောင့် ကျွန်တော့်စိတ်ဓါတ်တွေ တန်းဆင်းဇုံသို့ ရောက်သွားသည်။ အဆင့်နှစ်ဆယ်နေရာမှ နိုင်ပွဲအနည်းဆုံး၊ ပေးဂိုးအများဆုံး အနေအထားနှင့် အသင်းအားကိုင်တွယ်ရသည့် နည်းပြတစ်ယောက်ကဲ့သို့ စိတ်ဓါတ်ချွတ်ခြုံကျသွား၏။

"မင်းရဲ့ အချစ်တွေ ဖွင့်ဟဖို့တောင် အခြေအနေပေးမယ် မထင်ဘူး ရန်နောင်ထွဋ်"

ချစ်ဆွေ၏ မှတ်ချက်ကလည်း စံဇာဏီဘို ဟောစာတမ်းလို မှန်နေသည်။

"ငါ. . ငါ. . ဘာဆက်လုပ်ရမလဲ သူငယ်ချင်းတို့"

"မင်းရဲ့ မိစ္ဆာအယူဝါဒကို စွန့်လွှတ်လိုက်ပေါ့"

"ဟုတ်တယ် ဧဒဝဒတ်ရဲ့ ဂိုက်လိုင်းအတိုင်း ဆက်သွားနေရင် နှလုံးသားစာမေးပွဲမှာ မင်းကျလိမ့်မယ် မော်ရေးရှင်းတောင်ဝင်မှာ မဟုတ်ဘူး"

ကောင်းမြတ်နှင့် ချစ်ဆွေက အခွင့်သာခိုက် ကျွန်တော့်ကို ပယ်ပယ်နယ်နယ် ဝေဖန်ကြသည်။ သူတို့စကားကြောင့် ကျွန်တော် ကိုယ့်ကိုယ်ကို ပြန်မြင်ရသည်သို့ရှိ၏။

"အေးပါကွာ ငါ့အကျင့်ဆိုးကို ငါပြင်ပါတော့မယ်၊ ဒီနေ့ကစပြီး ငါဘယ်သူ့ကိုမှ မစ,မနောက်တော့ပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် ကတိကြောင့် ကောင်းမြတ်နှင့် ချစ်ဆွေပြုံးသွားကြသည်။ ရှေ့လျှောက် ကျွန်တော်လည်း ပြုံးနိုင်လိမ့်မည် ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၆)

ကိုရီးကားကြည့်နေသည့် ဇနီးသည်ကိုငေးရင်း ဦးအောင်သူ ဂနာမငြိမ်ဖြစ်နေသည်။ သူ့စိတ်က ဘီယာစတေရှင်သို့ ခရီးဆန့်နေ၏။

ဘယ်လို ဘတ်ပြီးထွက်ရမလဲဆိုတာတွေးရင်း အာရုံများနေရှာသည်။

မဆီမဆိုင် SKY NET နှင့် 5 SERIES များကို စိတ်ကိုမိ၏။ လွှင့်လည်း လွှင့်နိုင်ကြသည်။

အချိန်မရွေး ဇာတ်လမ်းတွဲတွေလာနေတော့ မိန်းမကို အပြင်ထွက်ဖို့ စည်းရုံး၍မရတော့။



www.burmeseclassic.com

www.burmeseclassic.com



သူ့အာရုံတွေ ပျံ့လွင့်နေတာ မိန်းမ,မသိအောင် ဘာတွေပြနေမှန်းမသိဘဲ မိန်းမရယ်လျှင် လိုက်ရယ်သည်။ မိန်းမဒေါပွလျှင် သူလည်း တောက်ခေါက်သည်။

ဘာလို့ဒီလောက်တောင် စိတ်ဝင်စားနေလည်း သိချင်၍ တီဗွီကိုလှမ်းကြည့်တော့ ထုံးစံအတိုင်း အမျိုးအမည်စုံလင်လှသည့် ထမင်းဝိုင်းကို တွေ့၏။

ဦးအောင်သူ ခေါင်းထဲ လက်ခနဲ အကြံပေါ်လာသည်။

"ဟာ ဘာတွေလဲကွာ၊ စားချင်စရာပဲနော်"

"အင်းလေ စုံနေတာပဲ သူတို့တွေ ထမင်းစားခန်းရိုက်ပြတိုင်း သွားရည်ကျတယ်"

"ခင် စားချင်လို့လား ကိုအောင်သွားဝယ်လိုက်မယ်လေ"

"နေပါစေ ကိုအောင်ရယ်"

သူမျှော်လင့်နေသည့် အကွက်ဆိုက်နေသည်မို့ ရအောင် ပြောပြီး အပြင်ထွက်မည်ဟု ဆုံးဖြတ်လိုက်ရင်း. . .

"ပြောစမ်းပါခင်ရယ် ကြည့်ပြီးသွားရည်ကျမနေနဲ့ ဒီမှာအကုန်ဝယ်လို့ရတယ် စားချင်တာသာပြော ကိုအောင်ပြေးလိုက်မယ်"

ဦးအောင်သူ အားတက်သရော ပြောသည်ကိုကြည့်ပြီး ဇနီးသည် ခင်က. . .

"ကိုအောင် ရှင်ဘယ်လိုဖြစ်နေတာလဲ မသွားပါနဲ့ဆို"

"မဟုတ်သေးပါဘူးကွာ ရည်းစားဘဝတုန်းက ခင့်အတွက်မွေ့စံကြယ် ဆွတ်ပေးမယ်လို့တောင် ကတိပေးထားသေးတာလေ ကိုရီးယားအစားအစာ သွားဝယ်တာလောက်တော့ အပျော့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



'ဒီမယ် ကိုအောင်၊ ဓူဝံကြယ်လည်းမလိုဘူး ရေညှိထမင်းလိပ်နဲ့ ပဲခေါက်ဆွဲလည်းမလိုဘူး ရှင်အပြင်ထွက်ချင်လို့ ဉာဏ်ဆင်နေတာ မသိဘူး မှတ်နေလား"

မှန်တာပြောတော့ အနာပေါ်တုတ်ကျသလို အခံရခက်သွား၏။

ဦးအောင်သူ ရှုံ့ရှုံ့ရှားရှားဖြစ်သွားသည်။

"မင်းကွာ စေတနာကို အိုးမည်းသုတ်ပြီး ပါးပိတ်ရိုက်လိုက်တာပဲ"

"ဟားဟားဟား. . . လို့တောင် ရယ်လိုက်ချင်သေးတယ် ကိုအောင်၊ ရှင် ကျွန်မလက်အောက်ရောက်နေတာ နှစ်ဆယ့်နှစ်နှစ်ရှိပြီ ရှင့်ပါးစပ် ဟလိုက်တာနဲ့ အံဆုံးမှာ ကပ်နေတဲ့ သွားချေးဖတ်ကိုကြည့်ပြီး ဘာဟင်းနဲ့ ထမင်းစားခဲ့သလဲဆိုတာ အတပ်ပြောနိုင်တယ်. . လာပြီး ခွင်ဆင်မနေနဲ့"

"ခင် မင်းပြောတာ သိပ်ဖေါင်းဖြစ်နေပြီနော်"

"ဖေါင်းဖြစ်နေပြီ ဟုတ်လား၊ ရှင် ကျွန်မကို ပဲခေါက်ဆွဲ ကျွေးချင်တာလား ပဲများများနဲ့ ညပြတဲ့ အဆိုတော်မလေးကို မျက်စိအစာကျွေးချင်တာလား. . ကဲ ပြောပါဦး"

"တော်. . . တော်ကွာ၊ စေတနာက ဝေဒနာဖြစ်သွားပြီ"

"ဟင်. . ဟုတ်လား တောင်းပန်ပါတယ်ရှင်၊ ဟင်း. . ဟင်း. . ဟင်း. . ဆောရီး"

"မလျှောင်ပါနဲ့ကွာ"

"ဩော်. . လျှောင်တာ မခံနိုင်ဘူးပေါ့၊ ကျွန်မက ရှင်လျှောင်



www.burmeseclassic.com

www.burmeseclassic.com



တာကို လွှန်ခဲ့တဲ့ ဆယ့်ကိုးနှစ်ကတည်းက ခံစားလာခဲ့ရတာပါ"

"ပေါက်ကရတွေကွာ"

"ပေါက်ကရ မဟုတ်ဘူး သားလေးစကားပြောတတ်ခါစက သားမေးတာကို ရှင်ဘယ်လိုဖြေခဲ့သလဲ"

"ဘယ်လိုလုပ် မှတ်မိမှာလဲဟ"

"ရှင် မမှတ်မိရင် ကျွန်မပြောပြမယ်၊ သားက ဖေကြီး ဖေကြီး မေမေ့ကိုဘာလို့ လက်ထပ်ခဲ့တာလဲလို့ မေးတော့. . ရှင်က 'ကြားတယ် မဟုတ်လား ကလေးတောင် ငါ့အပြုအမူတွေကို နားမလည်ဘူး' ဆိုတာလေ"

ဦးအောင်သူ ရေးတေးတေး ပြန်မှတ်မိသွားပြီး ရှက်တက်တက် ဖြစ်သွား၏။

သူ့ဇနီးခင်၏ ပါးစပ်ကို ပိတ်ထားရန် မတတ်နိုင်တော့. . .

"ဒါတင်ကမလား သားလေး ငါးနှစ်အရွယ်မှာ အရမ်းသိချင် စူးစမ်းချင်စိတ်ရှိ ခဲ့တာလေ. . ညဏ်ကလည်း ကောင်းသလားမမေးနဲ့ သူစပ်စုလွန်းလို့ ကျွန်မမှာ ပေါက်ကရ အမေးတွေကို ဖြေခဲ့ရတာ ခေါင်းတောင် ချာချာလည်တယ်"

"မင်း ဘာပြောချင်တာလဲ တိုတိုပြောကွာ"

"အဟင်း. . . မတိုမရှည်လေးတော့ ပြောမှဖြစ်မယ်၊ ဒါမှ လိပ်ပတ်လည်မှာ သားက မေမေရေ သားတို့မိသားစုမှာ ဖေဖေက ဘာလဲ ဟင်. . တဲ့၊

ကျွန်မလည်း နားအေးရင် ပြီးရောဆိုပြီး ဖေဖေက သမ္မတပေါ့ လို့ ဖြေခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူက သဘောကျသွားမှာပေါ့ သူ့အဖေတော်တာ သိရလို့"

ခင်က ကိုအောင့်ထံသို့ ကလပ်စတာ ဗုံးတွဲနှင့်တူသော မျက်စောင်းကိုပစ်လွှတ်၏။

"အဲဒါနဲ့ ပြီးသွားတာ မဟုတ်ဘူး၊ မေမေကရောလို့ ထပ်မေးသေးတာလေ ဒါနဲ့ပဲ လိုက်လျောညီထွေဖြစ်အောင် မေမေကအစိုးရဲ့ ဘွားဘွားက အလုပ်သမားသမဂ္ဂ, သားလေးက လုပ်သားပြည်သူ့နဲ့ တူတယ်လို့ တစ်ခါတည်းပြောလိုက်ရတာ"

"ဟဲဟဲ. . အစိပ္ပါယ်ရှိရှိ မင်းပြောတတ်တာပဲ"

"ကျွန်မတင်ဇာမလား သားကလည်း ချက်ကျလက်ကျ ပြောတတ်တာပဲ၊ ဒါနဲ့ အဲ့ဒီအချိန်လောက်က ကျွန်မအမေ နေမကောင်းလို့ နယ်ကိုခဏပြန်ပြီး ပြုစုရတာ ရှင်မှတ်မိရဲ့လား"

"မှတ်မိပါတယ်ကွာ မင်း အပြုစုကောင်းလွန်းလို့ ယောက္ခမ အသက်ခုနစ်ဆယ်ကျော်ထိ နေသွားရတယ်လေ"

"အင်း အဲဒီတုန်းကပေါ့ ကျွန်မနယ်ကို ရောက်လို့ တစ်ပတ်အကြာမှာပဲ သားက ကျွန်မဆီ ဖုန်းဆက်တယ်လေ"

"အမေ့ကိုလွမ်းတဲ့ အကြောင်းလား"

"ဘယ်ဟုတ်ရမှာလဲ ရှင်ကမြင်းကြောထတဲ့ ကိစ္စကို သတင်းပို့တာ"

ဦးအောင်သူ အတိတ်ကိုသတိရပြီး မျက်နှာမည်းသွားရပြန်သည်။

"သားက. . မေမေရတဲ့ အိမ်ကသမ္မတကြီးက အရှိရသစ်နဲ့ ပလူးပလဲလုပ်နေပြီး အလုပ်သမား သမဂ္ဂကလည်း သူ့ဘာကို အကာ



www.burmeseclassic.com

www.burmeseclassic.com



အကွယ် ပေးနေတယ်၊ ဒါကိုသိရတဲ့ လုပ်သားပြည်သူအဖို့ စိုးရိမ်စိတ်နဲ့ ရင်ထိတ်နေရပြီလို့ သတင်းပို့ခဲ့တာ၊

အစိုးရဟောင်းအနေနဲ့ တရားဝင် တည်ရှိချင်သေးရင်. . . အင်အားစုပြီး အစိုးရသစ်ကို တိုက်ထုတ်ဖို့ လိုလိမ့်မယ်လို့တောင် အကြံ ပေးသေးတယ်လေ. . ၊ ကဲ. . . သားဘယ်လောက် ဉာဏ်ကောင်းသလဲ"

"ခင်ကလည်း ချေးခြောက်ကို ရေခဲသေတ္တာထဲ ထည့်သိမ်းပြီး တသသလုပ်နေတာကိုး၊ ကိုအောင့်ခေါင်းထဲမှာ ဘာအကန့်မှမရှိတော့ဘူး"

"သိပါတယ် ခင်ဆိုတဲ့ အကန့်ကစပြီးတော့ ဘာမှကို မရှိတာ တုတ်တယ်ဟုတ်"

"အေးလေ မင်းနယ်ကပြန်လာပြီး ခြိမ်းခြောက်စကားပြောလို့ ငါပဲ ဦးဆောင်ပြီး အစိုးရသစ်ကိုဖြုတ်ချခဲ့တယ် မဟုတ်လား"

"ကျွန်မက ဘာများခြိမ်းခြောက်မိလို့တုံး"

"အင်း ပြောတဲ့သူကမေ့သွားပေမယ့် ခံရတဲ့သူမှာ တနင့်နင့်နဲ့ပါ တွာ၊ မင်းသိပ်ရက်စက်တယ်ခင် သိလား"

"ကျွန်မ ဘာပြောခဲ့လို့လဲ"

"လယ်ထွန်စက် တစ်စီးရှိတာနဲ့ သူများလယ်တွေချည်း သွားထွန်မနေနဲ့ ကိုယ့်လယ်လည်း ကိုယ်ထွန်ဦး ရှင်မထွန်နိုင်ဘူးဆိုရင် အငှားချ လိုက်တော့မယ်လို့ ပြောခဲ့တာလေ၊ ကဲ မှတ်မိပြီလား အဲဒီအချိန်ကတည်းက ငါလည်း လယ်စောင့်တဲပေါ်က မဆင်းရတော့ဘာ ခုထိပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com






"အဲဒါကြောင့်ပဲ ရှင်ငြိမ်သွားတာလေ၊ ကျွန်မတို့က အပြောပဲရှိတာ လက်တွေ့မပါဘူး"

"ဟဲဟဲ. . လက်တွေ့မပါလို့ သားဒီအချိန် ပြန်ရောက်တာပေါ့ မေမေရဲ့ စောတယ်မဟုတ်လား မေမေ သားအချိန်စာရင်းကို ကြည့်ထားပြန်ပြီ ထင်တယ်"

ကျွန်တော်အိမ်ပြန်ရောက်တော့ လက်တွေ့ဆိုသည့် စကားကို ကြားရသည်နှင့် ကျွန်တော့်အကြောင်း ပြောနေတာဖြစ်ရမည် ဟုတွေး ကာ အိမ်ပြန်စောရခြင်းအကြောင်းကို ဖြေရှင်းချက်ပေးမိ၏။ ဖေဖေ နှင့်မေမေ အူကြောင်ကြောင် ဖြစ်နေကြသည်။

"ဟင်. . ဩော်. . အဟဲ. . ဟုတ်တယ်၊ သားအချိန်စာရင်း



www.burmeseclassic.com

www.burmeseclassic.com



မေမေ ကြည့်ထားတာ လက်တွေ့မပါတော့ စောစောပြန်ရောက်မှာပဲလို့ သားအဖေကို ပြောနေတာ"

"အဟဲ ဟုတ်တယ်ကွ၊ ဒါနဲ့ ငါ့သားတောင်ကျောင်းပြီးတော့ မယ်နော်"

"ဒါတင်ကမလားရှင် နောက်ဆယ်ရက်လောက်ဆို အသက်နှစ်ဆယ်ပြည့် မွေးနေ့ရောက်ပြီ၊ ဆယ်ပြည့်မွေးနေ့ဆိုတော့ မွေးနေ့ပွဲလေးတော့ လုပ်ပေးရမယ်"

"ဟာ မေမေတကယ်ပြောတာလား"

"သံယာဆယ်ပါးပင့်ပြီး ဆွမ်းကပ်မယ် အန္တရာယ်ကင်းပရိတ်ရွတ်မယ် သားသူငယ်ချင်းတွေကို ရှယ်ကျွေးမယ်ကွာ"

"အဟား ကောင်းတယ်မေမေ၊ သားလူကြီးဖြစ်မှ မွေးနေ့မလုပ်ဖူးသေးဘူး၊ ဘော်ဒါတွေကို ကောင်းကောင်းပြုစုရမယ်၊ ရှယ်ပဲ သေချာရင် သားသူငယ်ချင်းတွေကို ကြွားထားလိုက်တော့မယ်နော်"

"ကြွားပေါ့ကွ ဘယ်လောက်ကုန်မှာမို့လဲ. . လွန်ရောကျွံရော ဆယ်သိန်းပေါ့"

"ဆယ်သိန်း အဟား. . မိုက်သွားပြီဗျာ၊ သိုင်းကျူးကျေးဇူးတွေ တွန်တိန်နာတစ်လုံးစာလောက်တင်တယ်. . သိလား. . ဒယ်ဒီပါပါးနဲ့ မာမားမေမေ"

ကျွန်တော် အပျော်များနှင့် အိမ်ပေါ်ပြေးတက်လာခဲ့၏။ မွေးနေ့ကို အကြောင်းပြု၍ ဘော်ဒါတွေထံမှ လက်ဆောင်တောင်းမည် ကိုယ်ကလည်း ပြန်ပေးမည်။ အားလုံးကို ညအိပ်လာခိုင်းပြီး ကူလုပ်ပေးရမည်ဟု အကျပ်ကိုင်မည်။ ပျော်စရာအကောင်းဆုံး မွေးနေ့ဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရမည်ဟု စိတ်ကူးမိ၏။ အသက်နှစ်ဆယ်ပြည့် မွေးနေ့ပြီးလျှင်တော့ ရင့်ကျက်သည့် ယောက်ျားတစ်ယောက်ဖြစ်လာအောင် ကြိုးစားမည်၊ ဘယ်သူ့ကိုမှ မစ၊ မနောက်တော့ဟုလည်း ဆုံးဖြတ်လိုက်သည်။

မွေးနေ့ပွဲအတွက် ကြိုတင်ရင်ခုန်ပြီး အစီအစဉ်များကို အသေးစိတ်ချမှတ်ရသည်နှင့်ပင် ကျွန်တော်မအားတော့. . .။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၇)

**ကျောင်း** သူကျောင်းသားတို့၏ အတင်းဒိဒန့်သည် စာသင်ဆောင်မှာထက် ကင်န်တင်းတွင် ပိုများ၏။ ဆရာ၊ ဆရာမတို့ထက် စာလျှင် ဆိုင်ရှင်၊ စားပွဲထိုးတို့နှင့် ပို၍ရင်းနှီး၏။ အဆိုင်းမင့်များထက် စာလျှင် မြေအိုးမြီးရှည်နှင့် ဟမ်ဘာဂါအကြောင်း ပိုနားလည်၏။

(၁၈)နှစ်ဝန်းကျင်များမှ လူကြီးဖြစ်ပြီး မဲပေးခွင့်ရပြီမဟုတ်လား ဆိုသည်ကို သိပ်ယ်သန်ရာကိုယ်လုပ်ကြတာ အကောင်းဆုံးပဲဖြစ်သည်။ ကင်န်တင်းတွင် တွယ်တာတို့အုပ်စုနှင့် ချစ်ဆွေတို့အုပ်စု ဆုံနေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုအကောင် နောက်ကျလိုက်တာ"

"ဘာလဲ ရန်နောင်ထွဋ်ကို မျှော်နေတာလား၊ အဲဒါကြောင့် ဟိုကောင်မာန်တက်နေတာ သူမရှိရင် ငါတို့ပျင်းနေမှာဆိုပြီး"

"မျှော်တာမဟုတ်ဘူး ချစ်ဆွေ၊ မတွေ့လို့ ရိုးရိုးမေးမိတာ"

"ဒီကောင် မနေ့ကတော့ တကယ်နောင်တရသွားပုံပဲ စုစုစံ"

"ခွေးမြီးကောက် ကျည်တောက်စွပ်ပဲ ဖြစ်မှာပါ"

ရန်နောင်ထွဋ် ရောက်မလာသေး၍ မျှော်နေမိကြသော်လည်း တစ်ယောက်မှ ဝန်မခံကြ။ ရန်နောင်ထွဋ်၏ တာဝန်ကို ကောင်းမြတ်က လက်လွှဲယူသလို လေသံမျိုးနှင့်. . .

"တွယ်တာ ညက ဇော်လင်းခိုင်ကြောင့် နင် အိပ်မပျော်ခဲ့ဘူး မဟုတ်လား"

"ကောင်းမြတ်နော် အဲ့ဒီကောင်အကြောင်း မပြောစမ်းပါနဲ့ အော့နှလုံးနာလွန်းလို့"

"ကြည့်တော့လုပ်နော် တွယ်တာ၊ ဇော်လင်းခိုင်က ဖွဲကောင်းတယ် ဆုပ်မိမလွတ်နဲ့ဆိုတဲ့ အစားထဲက၊ တော်ကြာ အမြင်ကတ်ကတ် နဲ့ပဲ မင်္ဂလာဆောင်နေရဦးမယ်၊ အဲ့ချစ်ဆိုတာ မျက်စိပါတာ မဟုတ်ဘူး"

"ပါ,ပါတယ်ဟာ မျက်မှန်ထူကြီးတောင် တပ်ထားသေးတဲ့ဟာ ကို နာမည်က ဇော်လင်းခိုင်တဲ့"

တွယ်တာမှလွဲ၍ အားလုံးပေါ့ပေါ့ပါးပါး ရယ်မိကြ၏။

ရန်နောင်ထွဋ် မလာသေး၍ ဆရာကြီး ဖြစ်ချင်နေသော ချစ် ဆွေက. . .

"နင်တို့ အချစ်ကို ကိုးကွယ်သလား၊ ဒါမှမဟုတ် ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဖနေးရှင်း ဖွင့်ထားကြလဲ"

ချစ်ဆွေ၏ အမေးကို ပညာရှိများ တန်းစီ၍ ဖြေကြ၏။

"အချစ်ဆိုတာ စွန့်လွှတ်အနစ်နာခံပေးဆပ်မှု"

"အချစ်ဆိုတာ ပိုင်ဆိုင်လိုမှု"

"အချစ်ဆိုတာ တစ်ကိုယ်ကောင်းဆန်မှုနဲ့ အတ္တကို ဖော်ကျူးတာ"

ချစ်ဆွေက ယောမင်းကြီးလိုလို စလေဦးပုညလိုလို စတိုင်ဖမ်းကာ ခေါင်းတညိတ်ညိတ်လုပ်ရင်း. . .

"မိုးမိုးဆွေပြောတာ နီးစပ်တယ် အတ္တနဲ့ တစ်ကိုယ်ကောင်းဆန်ခြင်းဟာ အချစ်ပဲ"

"ယောယောရှိ မလုပ်နဲ့လေကွာ သက်သေပြဦးမှပေါ့"

"သက်သေတွေမှ တစ်ပုံကြီးရယ်၊ တစ်ခါက သုံးကြိမ်လောက်ပဲ ဆုံဖူးကြတဲ့ ကောင်လေးက ကောင်မလေးကို လက်ထပ်ခွင့်တောင်းတယ်တဲ့၊ ဒီတော့. . ကောင်မလေးက သုံးခါပဲတွေ့ဖူးရုံနဲ့ လက်ထပ်ချင်တယ်ဆိုတော့ မလွန်ဘူးလားလို့ မေးတယ်"

"အေးလေ လွန်တာပေါ့"

"အဟင်း. . ကောင်လေးက ပြန်ဖြေတယ် မလွန်ပါဘူးကွာ မင်းကို ကိုယ်သိနေတာကြာပြီပဲဟာ လို့ဖြေတော့ ကောင်မလေး အံ့သြပြီး ဘယ်လိုသိတာလဲ လို့မေးတယ်"

"ဟုတ်တယ်လေ ဒါမေးရမှာပေါ့"

မိုးမိုးဆွေက ချစ်ဆွေ ဖေါ်အားရှိအောင်. . စကားထောက်ထောက်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"အေး အဲ့ဒီတော့မှ ကောင်လေးက မင်းဘက်မှာ ငွေတွေ အများကြီး ခဏခဏလာအပ်နေကတည်းက ကိုယ်သိနေတာ ကိုယ်က အဲ့ဒီဘက်ရဲ့ လုံခြုံရေးလေလို့ ဖြေသတဲ့"

အားလုံး တသိမ့်သိမ့် ရယ်ကြ၏။ မျက်နှာရှစ်ခေါက်နှင့် တစ်ဝက်တိတိ ချိုးထားသော တွယ်တာပင် ပြုံးယောင်သမ်းလာသည်။ ချစ်ဆွေကတော့ အရှိန်ရသွားပြီထင်၏။

"တစ်ခါကလည်း ဘတ်(စ်)ကားပေါ်မှာ ကောင်မလေး နှစ်ယောက် အချစ်နဲ့ပတ်သက်ပြီး ဆွေးနွေးတာ ငါနားနဲ့ဆတ်ဆတ် ကြားခဲ့ရတယ်ကွ"

"လုပ်စမ်းပါဦး ဘယ်လိုဆွေးနွေးကြလဲဆိုတာ"

"သူတို့ မျှော်လင့်ထားတဲ့ ချစ်သူတွေရဲ့ အရည်အချင်းတွေပေါ့ကွာ. . . တစ်ယောက်က ငါတော့ ချမ်းသာတဲ့ ကောင်လေးတစ်ယောက်နဲ့ပဲ ချစ်သူဖြစ်ချင်တယ်တဲ့"

"အင်း. . ဆင်းရဲမှာ ကြောက်တဲ့သဘောပေါ့။ နောက်တစ်ယောက်ကကော"

"နောက်တစ်ယောက်ကတော့ ငါက သူ့ကိုယ်သူ ချမ်းသာတယ်လို့ ထင်နေတဲ့ ကောင်လေးနဲ့ပဲ ဆုံချင်တယ်. . အဲလိုလူမျိုးကမှ တကယ် ရက်ရောတာပါလို့ ပြောတာပေါ့"

"ဟင်း. . ဟင်း. . ကိုယ့်တွက်ကျန်အောင် စဉ်းစားနေမှတော့ အချစ်ဘယ်ဟုတ်တော့မှာလဲ ဈေးကွက်စီးပွားရေး ဖြစ်သွားတော့မှာပေါ့ ချစ်ဆွေရ. . သူဌေးသားထက် သူဌေးကိုပဲ ကြိုက်တယ်ဆိုသလိုပေါ့"

"အေးလေ မမိုက်ပါဘူး စုစုရာ. . နော်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါကြောင့် ပြောတာလေ အချစ်ဆိုတာ အတ္တကို အရောင်ဆိုးတာပါလို့၊ ရှိသေးတယ်ဟေ့ တစ်သက်လုံး မိန်းမမယူတော့ဘူးလို့ ထင်ရတဲ့ ငါ့ဘကြီးတစ်ယောက် အသက်ခြောက်ဆယ်ပြည့်မှ တောက်ခါင်ကာ မိန်းမယူလိုက်တယ်လေ"

"ဟယ် အိုကြီးအိုမကြမှ"

"အားလုံး နားမလည်နိုင်ကြဘူးလေ၊ ဒါ ဒုက္ခရှာတာပဲဆိုပြီး ဝိုင်းပြောကြတာပေါ့၊ ဒါနဲ့ ငါလည်း ဘကြီးကို တိုးတိုးတိတ်တိတ် မေးကြည့်မိတယ်'

"အေး လုပ်စမ်းပါဦး၊ မင်းဘကြီး ဘယ်လိုဖြေလဲ"

"တော်တော် ပညာပါတယ်ကွာ၊ ကောင်းပြီတဲ့ ငါရှင်းပြမယ်တဲ့ ငါယူမိတဲ့မိန်းမဟာ မိန်းမဆိုးဖြစ်နေရင် သိပ်အကြာကြီး ဆက်ပေါင်း မနေရတော့ဘူးပေါ့ကွာတဲ့၊ အဲ. . တကယ်လို့များ ကြင်နာယုယမှုတွေ စာနာနားလည်မှုတွေ အပြည့်အသိပ်နဲ့ မိန်းမဖြစ်နေရင်လည်း အဲဒီလိုဖြစ်လာဖို့ သက်သက်အချိန် ပေးမနေရတော့ဘူးပေါ့ကွလို့ ဖြေတာဟေ့"

ချစ်ဆွေ ဘကြီး၏ ဖလော်ကို အားလုံးသဘောကျကြ၏။

ကောင်းမြတ်က. . .

"မိုက်တယ်ကွာ ဒုက္ခဖြစ်ဖြစ် သုခဖြစ်ဖြစ် (၅)နှစ် (၁၀)နှစ် လောက်ပဲ ခံစားမယ်ဆိုတော့ မျှမျှတတ ရှိတာပေါ့ကွာ"

"ကဲ. . တော်ပါတော့ ချစ်ဆွေရယ်၊ နင့် ဒက်ဖနေးရှင်းတွေကြောင့် အချစ်လည်း ရုပ်ပျက်ဆင်းပျက် ဖြစ်နေပါပြီဟယ်"

တွယ်တာ အချစ်အလုပ်ရုံဆွေးနွေးပွဲကို အဆုံးသတ်ရန် စင်ဝ



www.burmeseclassic.com

www.burmeseclassic.com



နယ် ပြလိုက်ချိန်မှာပင် ရန်နောင်ထွဋ်အား သူတို့အုပ်စု လှမ်းမြင်လိုက်ကြ၏။

"ဟဲ့ တွယ်တာ. . နင်မျှော်နေတဲ့ ကိုယ်တော် ကြွလာပြီ"

"ငါ မမျှော်ပါဘူး၊ နင်တို့ပဲ တနေကြပြီးတော့များ"

ကျွန်တော် ဆိုင်ထဲဝင်လာရင်း ဘော်ဒါများကို တစ်ချက်ရှိုးလိုက်သည်။ တွယ်တာမှလွဲ၍ အားလုံးကျွန်တော့်ကို ကြည့်နေကြ၏။

"ဟာ ဘာလိုင်းကြီးပါလား၊ ဘာလို့ ဝိုင်းရှိုးနေကြတာလဲ"

"မင်း ဘာတွေ ဒုက္ခပေးဦးမလဲဆိုတာ မျက်ခြည်မပြတ်ချင်တဲ့ သဘောပေါ့"

"ဟာ မင်းတို့ကလည်းကွာ၊ ငါ အဲဒါမျိုး လုံးဝမလုပ်တော့ဘူး မနေ့ကနောက်ဆုံးပဲ"

"ဟုတ်ပမလား မောင်ကာဠုရယ်"

"သိပ်ဟုတ်ပါ့ ငါကောင်းတာတွေပဲ လုပ်တော့မှာ လာမယ့် (၂၄)ရက် အင်္ဂါနေ့မှာ ငါ့အသက် နှစ်ဆယ်ပြည့်မှာ၊ မွေးနေ့ကျင်းပမယ် မင်းတို့ အားလုံးအတွက် အစီအစဉ်တွေက ရှယ်ပဲ အကုန်လုံးကို ဖိတ်တယ်နော်"

ကျွန်တော့် စကားအဆုံးတွင် အားလုံးဝိုင်းဟားကြသဖြင့် အ တော်တင်းသွား၏။

"တစ်ခါ အလိမ်ခံရရင် လိမ်တဲ့သူရဲ့အပြစ်၊ နှစ်ခါသုံးခါလောက် ဆိုရင်တော့ အလိမ်ခံရတဲ့သူရဲ့အပြစ်တဲ့၊ ငါတို့ ငပေါတွေ မဟုတ်ဘူး ရန်နောင်ထွဋ်"

"ဟာ စုစုစံကလည်း ငါတကယ်ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မွေးနေ့ လုပ်ရိုးထုံးစံလည်း မရှိဘဲနဲ့ ရန်နောင်ထွဋ်ရယ်၊ နင်ဘာတွေကြံနေတာလဲ"

'ဒီမယ် စုစုစံ၊ နှစ်ဆယ်ပြည့်တဲ့ ဆယ်ပြည့်မွေးနေ့မို့ ငါ့မိဘတွေက ဘုန်းကြီးပင့်ပြီး တရားနာမယ် မွေးနေ့ပွဲလေး လုပ်ပေးမယ်လို့ အတိအကျ ကတိပေးထားတာ"

"ဩော် လူတွေကို နောက်ရပြောင်ရတာ ရိုးသွားလို့ ဘုန်းကြီးတွေပင့်ပြီး ဒုက္ခပေးမယ်ပေါ့ ဟုတ်လား"

"ဟာ ချစ်ဆွေ ငါပြောတဲ့အထဲမှာ နောက်တာတစ်ခုမှ မပါဘူး။ ငါ့မွေးနေ့အတွက် အဖေက ငွေဆယ်သိန်းတောင် လျာထားပေးတာကွ သိရဲ့လား"

"ဟဲဟဲ. . ငွေနဲ့ မမျှားနဲ့ ရန်နောင်ထွဋ်၊ ဒါမျိုး ရိုးနေပြီ"

"ချစ်ဆွေ ငါကအားလုံးအတွက် လက်ဆောင်တွေဘာတွေ ပေးဖို့ စီစဉ်ထားတာ၊ မင်းတို့ပေးမယ့် မွေးနေ့လက်ဆောင်ထက်ကို သာစေရမယ်ကွာ တစ်ခုတော့ရှိတယ် အားလုံးငါ့အိမ်မှာ ညအိပ်ရမယ်"

"တော်ပြီ အဲဒါပိုဆိုးတယ်၊ ယုံလည်းမယုံဘူး လာလည်းမလာနိုင်ဘူး၊ ညအိပ်ဖို့ဆိုတာတော့ ဝေးရောပဲ"

အားလုံးက မယုံကြည်ကြသဖြင့် ကျွန်တော်ဘယ်လို သက်သေထူရမှန်းမသိဖြစ်နေ၏။ တွယ်တာကလည်း ကျွန်တော့်ကို ယောင်လို့တောင် လှည့်မကြည့်၍ ပိုပြီးစိတ်ဓာတ်ကျနေရသည်။ နောက်မှ အကြံရပြီး. .

"ကဲ. . မင်းတို့မယုံဘူးဆိုရင် ငါ့အမေဆီ ဖုန်းဆက်မေးကြည့်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အပြောကြောင့် အားလုံးငြိမ်သွား၏။ ချစ်ဆွေက ကျွန်တော့်ဖုန်းကို ကောက်ကိုင်ရင်း. .

"အဲ့ဒါကောင်းတယ် ဒီကောင့်စကားက မယုံရပေမယ့် အန်တီက အမှန်အတိုင်းပြောမှာ"

"ဒါဆိုလည်း ဆက်ကြည့်လိုက်လေ ချစ်ဆွေရဲ့"

စုစုစံတိုက်တွန်းသဖြင့် ချစ်ဆွေ နံပါတ်များနှိပ်၍ ဆက်သွယ်လိုက်သည်။ သူတို့ကိုကြည့်ပြီး ကျွန်တော် မေးပွတ်နေလိုက်၏။

"ဟဲလို အန်တီလား"

"အေး ဘယ်သူလဲ"

"ကျွန်တော် ချစ်ဆွေပါ အန်တီ"

"သား ကျောင်းသွားတယ်လေ ဘာလဲ ကျောင်းမတက်လို့လား"

"တက်ပါတယ် အန်တီ အခု သူ့ဖုန်းနဲ့ဆက်နေတာပါ၊ ဟိုလေ ရန်နောင်ထွန်း မွေးနေ့လုပ်မလို့ဆို သူက အမျိုးမျိုးနောက်နေကျဆိုတော့ မယုံလို့ အန်တီ့ကို လှမ်းမေးတာပါ"

"ဩော်. . အင်း. . ဟုတ်တယ်ကွဲ့ အသက်နှစ်ဆယ်ပြည့်တဲ့ မွေးနေ့မို့ အမှတ်တရလေး စီစဉ်လိုက်တာ မင်းတို့အားလုံး ညအိပ်လာခဲ့ရမယ်နော် သားလည်း ပြောတယ်မဟုတ်လား"

"ပြောပါတယ် အန်တီ အဲဒါကို အတည်ပြုချက် ယူတဲ့သဘော ပါ"

"စိတ်ချ မောင်ချစ်ဆွေရေ မွေးနေ့အစစ်လုပ်မှာ ရှယ်ပဲ"

"ဟုတ်ကဲ့. . ဟုတ်ကဲ့. . ဒါဆိုရင်တော့ စိတ်ချသွားပါပြီး ကျေးဇူးပဲအန်တီ ဖုန်းချလိုက်တော့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . အေး. . အေး"

ချစ်ဆွေ ဖုန်းပိတ်ပြီးတော့ ကျွန်တော်တို့ အုပ်စု သူ့ကိုဝိုင်းကြည့်ကြ၏။ မျက်ဝန်းဘာသာဗေဒနှင့် မေးခွန်းများကို ချစ်ဆွေက. . .

"အင်း ရန်နောင်ထွဋ် မွေးနေ့ဆိုတာတော့ အမှန်အကန်ပဲ အန်တီကိုယ်တိုင် တို့အားလုံးကို ဖိတ်လိုက်တာ ညအိပ်လာခဲ့ကြပါတဲ့"

"ဩော် နှစ်,နှစ်ဆယ်အတွင်း ရန်နောင်ထွဋ် အမှန်အတိုင်း ပြောတာ ကြားဖူးသွားပြီပေါ့"

"ဟော့ကောင် ကောင်းမြတ် မင်းပြောပုံက ငါကပဲ ဖိုးတွမ်တီဖြစ်နေသလိုလိုနဲ့"

"မဟုတ်လို့လား. . အေးလေ ထားလိုက်ပါတော့၊ ဒါနဲ့ မင်းတို့ကို လက်ဆောင်ပေးမယ်ဆိုတာ ဘာကိုဘယ်လိုပေးမှာလဲ"

"ဟဲဟဲ. . မင်းတို့ စိတ်ဝင်စားသွားကြပြီ မဟုတ်လား၊ ငါ့အစီအစဉ်တွေက ရေလည်မိုက်တာနော် ပျော်မယ်၊ ရင်ခုန်ရမယ်၊ ဝမ်းသာရမယ် အသေးစိတ်ကတော့ ငွေရောင်ပိတ်ကားပေါ်မှာ ဆက်လက်ရှုစားကြပေါ့ကွာ. . အခုတော့ အမြည်းပဲရမယ်"

"အမလေးဟဲ့ ဖြစ်နေလိုက်တာ တကတည်း၊ ဒါနဲ့ နေစမ်းပါဦး (၂၄)ရက်ဆို ကြားမှာ ရှစ်ရက်လိုသေးတာ. . ဘာလို့ အစောကြီး ဖိတ်ရတာလဲ"

"ဒါက ဒီလိုရှိတယ်လေ မိုးမိုးဆွေရဲ့၊ ငါ့မှာ အစီအစဉ်တွေက အများကြီးရယ် နင်တို့ဆီကလည်း အမှတ်တရလက်ဆောင် လိုချင်တယ်၊ ဒါကြောင့် နင်တို့ပိုက်ဆံစုလို့ရအောင် ကြိုပြီး မက်ဆေ့ချ်ပေးထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . ဟုတ်ပါပြီ . . ဟုတ်ပါပြီ၊ ဟဲ့ . . တွယ်တာ နင်ဘာလို့ ငြိမ်နေတာလဲ စကားလေးဘာလေး ပြောဦးလေဟာ"

တစ်ချိန်လုံး ငြိမ်နေသည့် တွယ်တာပခုံးကို ပုတ်၍ မိုးဆွေက ပြောလိုက်၏။ ကျိန်စာမိနေရာမှ ရုတ်တရက် အသက်ပြန်ဝင်လာသ လိုမျိုး တွယ်တာ လှုပ်ရှားလာသည်။ ပြီးတော့ ကျွန်တော့်ကို စူးစူးရဲရဲ ကြည့်ရင်း. . .

"ရန်နောင်ထွန်း နင့်မှာ မှတ်ပုံတင်ပါလား"

ဘာအဓိပ္ပါယ်နှင့် မေးမှန်းမသိသော်လည်း ကျွန်တော် တွယ် တာ့အား ကောင်းကောင်းမွန်မွန်ပင် အဖြေပေးလိုက်၏။

"မှတ်ပုံတင်တော့ ဘယ်ပါလာမလဲဟ၊ ကျောင်းသားကတ် ပါ တယ်လေ ဘာလုပ်မလို့လဲ"

"ခဏ ပေး"

တွယ်တာတောင်းဆိုသမျှ ကျွန်တော် အလွယ်တကူပင် လိုက် လျောနေမိ၏။

"ရော့ "

ကျွန်တော်လှမ်းပေးသည့် ကျောင်းသားကတ်ကို ယူ၍ တွယ် တာက ဖင်ပြန်ခေါင်းပြန် စစ်ဆေးနေ၏။ ကျေနပ်သွားမှ. . .

"အင်း . . မွေးသက္ကရာဇ်အရတော့ ဒီကောင့်မွေးနေ့ အမှန်ပဲ"

တွယ်တာ့စကားကြားတော့ ကျွန်တော်ရယ်ချင်သွား၏။ အား လုံးလည်း ပွစိပွစိဖြစ်ကုန်ကြသည်။ စုစုစံက. . .

"အမလေးဟဲ့ တွယ်တာရယ်၊ ဘာများလဲလို့ နင်လည်း တော် တော်တွေးတာပဲနော်၊ အင်း. . လိုက်ပါတယ် နင်တို့နှစ်ယောက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်းနော်. . ဒါက ဘာစကားလဲ ငါမကြိုက်ဘူး မနောက်နဲ့"

"အဲ့. . ဆောရီး. . ဆောရီး၊ ဟယ်. . ဟိုမှာ ဇော်လင်းခိုင် လာနေပြန်ပြီ၊ နင့်ကို ပရိုပိုဇ်လုပ်မလို့ထင်တယ် တွယ်တာ"

"ဟယ် ဟုတ်ပါရဲ့၊ ဒုက္ခပါပဲ ဘယ်လိုလုပ်မလဲ"

"စုစုစံနဲ့ မိုးဆွေက တွယ်တာ့ကိုခေါ်ပြီး စာသင်ဆောင်ကို အမြန်ပြေးတော့. . ဒါတွေ ငါရှင်းလိုက်မယ်. . သွား. . သွားတော့"

"အေး. . အေး. . ကျေးဇူးပဲ ရန်နောင်ထွဋ်"

တွယ်တာတို့အုပ်စု ကျောပိုးအိတ်ကိုယ်စီဆွဲကာ ဝရုန်းသုန်းကား ထွက်သွားကြ၏။ ကျွန်တော်တို့ ယောကျ်ားလေးသုံးယောက်သာ ကျန်ခဲ့သည်။ ဇော်လင်းခိုင် ကျွန်တော်တို့ရှိရာသို့ ရှူးရှူးရှဲရှဲနှင့် ရောက်လာ၏။

"ဘာဖြစ်လို့ တွယ်တာတို့ ထွက်ပြေးသွားကြတာလဲ ကိုယ်လာတာ မြင်လို့လား"

"ဟာ. . မဟုတ်တာ ဇော်လင်းခိုင်ရာ သူတို့မှာ ပြဿနာရှိလို့ လစ်သွားတာ"

"ပြဿနာ. . ဘာပြဿနာလဲ၊ တွယ်တာ့ ပြဿနာဆိုရင် သူ့ရှေ့စာဖက်ဖြစ်တဲ့ ကိုယ်ကပဲ ရှင်းပေးရမှာ မဟုတ်လား"

"အခုပြဿနာက ဇော်လင်းခိုင် ရှင်းပေးလို့ မရဘူးလေ"

"ဘာမို့လို့လဲ ကိုယ်မရှင်းနိုင်တဲ့ ပလော်ဘလမ်ဆိုတာ မရှိဘူး"

အပြောကြီးကြီးနှင့် ဖင်ခေါင်းစတားပြနေသော ဇော်လင်းခိုင်ကို အမြင်ကတ်သွားသလို စချင်နောက်ချင်သည့် ဗီဇက နိုးထလာသည်နှင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဒါဆိုလည်း အီတာဖြစ်ဖြစ် လေဒီဖြစ်ဖြစ် တစ်ထုပ်ဝယ်ပြီး မိန်းကလေး အိမ်သာကို လိုက်သွား၊ တွယ်တာရဲ့ မိန်းကလေးသဘာဝ အရ တစ်လတစ်ခါ ကြုံရတဲ့ပြဿနာကို သွားကူပြီး ရှင်းပေးလိုက်"

"ဟမ်"

"သွားလေကွာ"

"ဟာ. . ဒါ ဒါတော့"

"မင်းက ဖူးစာဖက်ပါ၊ ဒီလောက်တော့ လုပ်သင့်တာပေါ့ ဒီမှာတော့ ရမယ်မထင်ဘူး၊ ရပ်ကွက်ထဲကဈေးထဲ သွားဝယ်မှရမှာ"

"အေး. . အေး. . ငါကြိုးစားကြည့်မယ်"

ဇော်လင်းခိုင် ဒါပဲပြောပြီး လှည့်ထွက်သွား၏။ ထိုမှန်ကြောင် တစ်ခေါ်လောက် အကွာအဝေးရောက်သည်နှင့် ကျွန်တော်တို့ သုံး ယောက် မပြုံးဘဲ ဝါးလုံးကွဲ ရယ်လိုက်ကြသည်။ ချစ်ဆွေ ရယ်ရှိန်ကို တော်တော်နှင့် ဘရိတ်မအုပ်နိုင်၊ တခွိခွိတက်သလိုပင် ဖြစ်နေလေ တော့၏။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၈)

မနက်စောစောထ၍ မေမေနှင့်အတူ အစဉ်အဆက် ကိုး
ကွယ်လာခဲ့သည့် ဘုန်းကြီးကျောင်းသို့ဝင်ကာ ကျောင်းထိုင်နှင့်တကွ
သံဃာဆယ်ပါး ပင့်လျှောက်ကြ၏။ ရပ်ကွက်နှင့် ကျောင်းအနေအထား
မျှသာဖြင့် ကြိုတင်လျှောက်ထား၍ ရက်ချိန်းယူထားမှ အလှူအတွက်
စိတ်[illegible]

အပြန်လမ်းတစ်လျှောက် မေမေနှင့် ကားနောက်ခန်းတွင်
အတူထိုင်ရင်း မေမေ့လက်ကို ဆုပ်ကိုင်ကာ ကျေးဇူးတင်စကား တဖွဖွ
ပြောမိသည်။ လူပျိုဘဝရောက်ခါမှ ပထမဆုံး လုပ်ခွင့်ရသည့် မွေးနေ့



www.burmeseclassic.com

www.burmeseclassic.com



ပွဲမို့ ရင်ခုန်သံကလည်း မြန်ဆန်နေ၏။ မေမေကလည်း ကျွန်တော့်ကို ရင်ခွင်ထဲထည့်ကာ ပွေ့ဖက်ထားသဖြင့် ငယ်ဘဝကို သတိရဖြစ်ကြရသေးသည်။

အိမ်ပြန်ရောက်တော့ မွေးနေ့ပွဲတွင် သူငယ်ချင်းများနှင့် တွယ်တာ့အတွက် ရည်စူးလက်ဆောင်များကို စနစ်တကျ ထုပ်ပိုးပြင်ဆင်နေလိုက်သည်။ ကျွန်တော့်အချစ်များကို တွယ်တာသိအောင် ဖွင့်ဟပြဖို့လည်း ဆုံးဖြတ်ထား၏။ အိပ်ရေးပျက်ခံကာ ဖွဲ့နွဲ့ပြုစု ရင်ဖွင့်ထားသည့် ရည်းစားစာတစ်စောင်ကလည်း တွယ်တာ့အတွက် လက်ဆောင်ပက်ကင်ထုပ်ထဲတွင် အဆင်သင့်ဖြစ်နေခဲ့ပြီ။ ကျွန်တော့် အစီအစဉ်များကို စနစ်တကျ ပြန်လည်စစ်ဆေးရင်း ကျေနပ်သွားသဖြင့် ကျောင်းသွားဖို့ ရေချိုးပြင်ဆင်သည်။ မွေးနေ့က တစ်ပတ်တိတိ လိုသေးသော်လည်း အားလုံးအဆင်သင့် ဖြစ်နေပြီမို့ စိတ်ပေါ့ပါးလန်းဆန်းသွား၏။

ဖေဖေက ပွဲရုံသို့ထွက်သွားပြီမို့ မေမေ့ကိုပဲ အနမ်းဖြင့် နှုတ်ဆက်၍ ကျောင်းသို့ထွက်လာခဲ့၏။ ကျွန်တော့်စိတ်တွေ ဘယ်တုန်းကနှင့်မှ မတူအောင် ပေါ့ပါးလန်းဆန်းပြီး တက်ကြွပျော်ရွှင်နေသည်။ သူငယ်ချင်းများနှင့်လည်း အရမ်းတွေ့ချင်နေ၏။ အထူးသဖြင့် တွယ်တာ့ကိုပေါ့။ တွယ်တာရယ် နင့်ကိုငါတကယ်ချစ်တာပါ ဒီတစ်ခါ ရှုပေးမယ့်စာက နောက်တာမဟုတ်ဘူးဆိုတာ နင်အလွယ်တကူယုံရင် သိပ်ကောင်းမှာပဲဟာ. . .။

www.burmeseclassic.com

www.burmeseclassic.com



**ကျောင်း**ကင်န်တင်းတွင် အတင်းနိဒန် ၇၅% ပြည့်သူများကို စာမေးပွဲဖြေခွင့်ပေးလျှင် ကျောင်းသူကျောင်းသားတိုင်း ဖြေဆိုခွင့်ရကြမည်မှာ သေချာ၏။ စားကြသောက်ကြ စကားတွေပြောကြနှင့် အမြဲလိုလူပြည့်နေသည်မှာလည်း စားသောက်ဆိုင်တန်းများပင်ဖြစ်သည်။ (မယုံလျှင် တက္ကသိုလ်နောက်ခံ မြန်မာဗီဒီယိုဇာတ်ကားများကိုကြည့်ပါ၊ တန်ပေါင်နှင့် ကင်န်တင်းတွင်သာ ကျောင်းတက်ကြ၏။)

တွယ်တာတို့အုပ်စုလည်း အတန်းနှစ်ချိန်တက်ပြီးနောက် ကင်န်တင်းသို့ ဒုတိယအကြိမ်မြောက် ရောက်နေကြပြန်သည်။ သူတို့အထဲမှာ ရန်နောင်ထွဋ် တစ်ယောက်တော့မပါ။ အားလုံးတိတ်ဆိတ်စွာစားသောက်နေကြသော်လည်း ရန်နောင်ထွဋ်ကို မျှော်နေကြ၏။

ချစ်ဆွေက လည်တဆန့် ဆန့်လုပ်ရင်း မနေတတ်တော့ဟန်နှင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်. . ဘာလို့ ကျောင်းမတက်တာလဲ မသိဘူး"

"အေးလေ ကျောင်းလည်း မပြေးတတ်ဘဲနဲ့"

ကောင်းမြတ်ထံမှလည်း အသံထွက်လာ၏။ မိုးမိုးဆွေက ခေါင်းတညိတ်ညိတ်လုပ်ရင်း. . .

"အင်း. . ရန်နောင်ထွဋ်. . ရန်နောင်ထွဋ်၊ မလာတော့လည်း ပျင်းစရာကောင်းသား၊ ရှိနေတော့လည်း နောက်တာ,စတာက ကမ်းကုန်တယ်"

"အေးလေဟယ်၊ တွယ်တာ နင် သူ့ဆီ ဖုန်းဆက်ကြည့်ပါလား"

"အောင်မာ ဘာလို့ဆက်ရမှာလဲ စုစုစံ"

"ဟဲ့ နင့်ဆီမှာပဲ ဖုန်းပါတာလေ၊ ဒါကြောင့် ဆက်ခိုင်းတာပေါ့"

"နင်တို့ သိချင်တာ မဟုတ်လား၊ ရော့ ဆက်ကြည့်လိုက်ကြ"

တွယ်တာက ဖုန်းကို စုစုစံလက်ထဲ ထည့်ပေးလိုက်၏။ စုစုစံ နံပါတ်များ နှိပ်ရန်ဟန်ပြင်စဉ် ကောင်းမြတ်က အလန့်တကြားပြော သည်။

"ဟဲ့. . မဆက်နဲ့တော့၊ ဟိုမှာ ရန်နောင်ထွဋ် လာနေပြီ အားလုံး မမြင်ချင်ယောင်ဆောင်နေလိုက်ကြ ဒီကောင့်မှာ ဘာအစီအစဉ်တွေ ရှိမှန်း မသိဘူး"

"အေး. . ကောင်းတယ်"

အတိုင်အဖေါက်ညီစွာဖြင့် ပြောလိုက်ကြပြီး အဝင်ဝဘက်ကို မကြည့်ဘဲ ကော်ဖီသောက်လိုက် မုန့်စားလိုက်လုပ်နေကြ၏။ မုန့်တွေ ကော်ဖီတွေသာ ကုန်သွားသည်။ ရန်နောင်ထွဋ်က ပေါ်မလာ အချင်း ချင်း မျက်လုံးဝေ့ကြည့်ကာ အပြန်အလှန်မေးခွန်းထုတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ ဟန်မလုပ်နိုင်ကြတော့၊ မိုးမိုးဆွေက မအောင့်နိုင်တော့သလို စကားစ၏။

"ဟဲ့ သူ ရိပ်မိသွားပြီထင်တယ်၊ ဘယ်ရောက်နေလဲ ရှာကြည့်ကြပါဦး"

သူတို့ အဝင်ဝဘက်သို့ လှည့်အကြည့်တွင် ရောက်လာသူက ဇော်လင်းခိုင် ဖြစ်နေသည်။

ဇော်လင်းခိုင်က တွယ်တာ့ဘေးနား လာရပ်ရင်း. . .

"တွယ်တာ. . ကိုယ် မင်းကို ပရိုပို့စ်လုပ်ပါရစေ၊ အချိန်ငါးမိနစ်လောက်ပဲပေးပါ"

ဇော်လင်းခိုင်ကြောင့် တွယ်တာနှင့်တကွ အားလုံးစိတ်ညစ်သွားကြ၏။

"အသာနေစမ်းပါရှင်. . ဒီမှာအရေးတကြီးကိစ္စ ရှိနေလို့ပါ နောက်မှပြောတော့၊ ကဲ. . ကောင်းမြတ်နဲ့ချစ်ဆွေ ဟိုကောင့်ကို လိုက်ရှာရင် ကောင်းမယ် သူတစ်နေရာရာမှ ပုန်းပြီး တစ်ခုခုလုပ်ဖို့ကြံနေတာပဲဖြစ်ရမယ်"

ကောင်းမြတ်တို့ ထိုင်ရာမထ လှည့်ပတ်ရှာနေစဉ် ဇော်လင်းခိုင်က. . .

"တွယ်တာတို့ ဘယ်သူ့ကိုရှာနေတာလဲ ကိုယ်ပါကူရှာပေးမယ်လေ"

"ရန်နောင်ထွဋ်ကို ရှာတာ"

"ရန်နောင်ထွဋ် ဟုတ်လား. . . စောစောကလေးတင် တွေ့သေးတယ် ဖျတ်ခနဲ ကိုယ်ယောင်ဖျောက်သွားတာ နှုတ်တောင်မဆက်



www.burmeseclassic.com

www.burmeseclassic.com



ဘူး”

“ဟင် ဟုတ်လား”

“တဲ ငါစိတ်မရှည်တော့ဘူးဟာ၊ ပေး . . ဖုန်း လှမ်းဆက်ပြီး ကောပစ်လိုက်မယ်’

စုစုစံက တွယ်တာ့ ဖုန်းကို ကောင်းမြတ်လက်ထဲ ထည့်ပေးလိုက်သည်။ ကောင်းမြတ်က စိတ်မြန်လက်မြန်နှင့် ဖုန်းခေါ် လိုက်၏။ တစ်ဖက်မှ ဟဲလိုဟု အသံကြားသည်နှင့် ကောင်းမြတ်ပွဲကြမ်းတော့သည်။

“ဟေ့ကောင် ရန်နောင်ထွဋ်၊ မင်း ကျောင်းကိုလာတာ အားလုံးသိတယ်၊ မင်းဘယ်မှာ ပုန်းပြီး ဘယ်သူ့ကို ပြဿနာရှာဦးမလို့လဲ ခုထွက်ခဲ့”

“နေ . . နေပါဦး အခုပြောနေတာ ဘယ်သူလဲ”

“ဟေ့ကောင် ဒါမျိုးတွေ ရိုးနေပြီ၊ အသံဖျက်ပြောနေလည်း အလကားပဲ မင်းပြောတော့ ဘယ်သူ့ကိုမှ မစတော့ဘူးဆို”

“အခုပြောနေတာ သားရဲ့ သူငယ်ချင်းလား”

“ဗျာ . . ဟင် . . အန် . . အန်တီလား၊ ခုပြောနေတာ အန်တီလား”

“ဟုတ်ပါတယ်ကွယ်”

“ဆောရီးနော် အန်တီ၊ ကျွန်တော် ရန်နောင်ထွဋ် မှတ်လို့”

“သူ ဖုန်းမပြောနိုင်တော့ပါဘူးကွယ်”

“ဗျာ . . ဘာဖြစ်လို့လဲ ခင်ဗျ”

‘မင်းတို့ဘာမှ မသိကြသေးဘူးကိုး၊ မင်းတို့သူငယ်ချင်း ရန်



www.burmeseclassic.com

www.burmeseclassic.com



နောင်ထွင့်. . မရှိ. . မရှိတော့ဘူးကွဲ. . အဟင့်. . ဟင့်. . ဟင့်"

"ဗျာ အန်တီ ဘာပြောတာလဲ"

"သားလေး ဆုံးပြီ စောစောကပဲ၊ အဟင့်ဟင့်. . မနက်က ကျောင်းကို အသွားမှာ ကားအက်ဆီးဒင်န့်ဖြစ်လို့ ဆေးရုံရောက်နေတာ ဒဏ်ရာပြင်းပြီး သွေးထွက်လွန်လို့ ခုလေးတင် ဆုံးသွားတာပါကွယ်. . အဟင့်. . ဟင့်. . ဟီး"

"ဗျာ မဖြစ်နိုင်တာ၊ ခုလေးတင် သူ့ကိုတွေ့လိုက်သေးတယ် အန်တီရဲ့"

"သားလေးတကယ် ဆုံးသွားတာပါကွယ်၊ အခု မြောက်ဥက္ကလာဆေးရုံက ရေခဲတိုက်မှာပါ သားတို့လာနိုင်ရင် လာခဲ့ကြပါလား"

"ဗျာ. . ဟုတ်. . ဟုတ်ကဲ့၊ ခုပဲ လာခဲ့ပါ့မယ် အန်တီ ဒါပါပဲနော်"

ဖုန်းပိတ်ပြီး ကြက်သေသေနေသော ကောင်းမြတ်အား ဘော်ဒါတွေ ဝိုင်းကြည့်နေကြသည်။ ရုတ်တရက် ဆွံ့အသွားသလို ဖြစ်နေသည့် ကောင်းမြတ်အပေါ် စိတ်မရှည်တော့ဟန်နှင့် တွယ်တာက. . .

"ဟဲ့. . ကောင်းမြတ် ဘာလဲ၊ ဘာဖြစ်တာလဲ နင်ပြောနေတာ သူ့အမေနဲ့လား ဘာတဲ့လဲ"

"ဟုတ်တယ် တွယ်တာ၊ ငါ အန်တီနဲ့ပြောတာ ရန်နောင်ထွင့် ဆုံး. . ဆုံးသွားပြီတဲ့"

"ဟင်"

"ဘာ"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်တာကွာ ဘာကြောင့်တဲ့လဲ"

"အက်ဆီးဒင်နဲ့ ကားတိုက်ခံရတာတဲ့"

"ဘုရား . . ဘုရား"

"ဟာ. . ဒါ. . ဒါဆို စောစောက တွေ့လိုက်တာ ကိုယ်ထင်ပြတာပေါ့၊ သရဲ . . သရဲခြောက်တာပေါ့"

ဇော်လင်းခိုင်၏ မှတ်ချက်ကြောင့် အားလုံးတုန်လှုပ်ချောက်ချားသွားကြ၏။ အဖြစ်ကို ဘယ်သူမှ မယုံနိုင်ကြ. . .။

"ဟုတ်. . ဟုတ်ရဲ့လားဟယ် ကောင်းမြတ်ရယ်"

"ငါလည်း မဟုတ်ပါစေနဲ့လို့ ဆုတောင်းတာပဲ တွယ်တာ၊ ဒါပေမဲ့ အန်တီက မြောက်ဥက္ကလာဆေးရုံ ရေခဲတိုက်ကို လာခဲ့ဖို့ခေါ်နေတယ်၊ စိတ်ထဲမှာ ရှင်းသွားအောင် လိုက်သွားရင်ကောင်းမယ် ထင်တယ်"

"သွားရမှာပေါ့ကွာ ရန်နောင်ထွဋ်က တို့သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးလေ"





www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၉)

တိမ်ထူထပ်လွှမ်း၍ ကောင်းကင်သည် အုံ့မှိုင်းညို့ဆိုင်းနေသဖြင့် နေ့ခင်းကြောင်တောင် မှောင်ရိပ်သန်းနေသည်။ ဖုန်တွေသဲတွေ အမှိုက်တွေကို စုယူသယ်ဆောင်လာသည့် လေပွေငယ်တစ်ခု ရွေ့လျားလာတာ တွေ့နေရ၏။ အခါမဲ့ တွန်ကျူးနေသော ဥဩငှက်၏ လွမ်းချင်းကြောင့် အဆွေးဓာတ်ခံရှိသူတို့အတွက် လွမ်းချင်စရာမြင်ကွင်းဖြစ်လို့နေသည်။

တွယ်တာတို့ အတန်းထဲမှ ကျောင်းသူကျောင်းသား အားလုံးကော်ရစ်ဒါသို့ ရောက်နေ၏။ ရန်နောင်ထွဋ်နှင့် သိပ်မရင်းနှီးသူများက တီးတိုးတီးတိုး ပြောနေကြသည်။ ကောင်းမြတ်နှင့် ချစ်ဆွေ ခေါင်းငိုက်



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကျနေ၏။ တွယ်တာ၊ စုစုစံနှင့် မိုးမိုးဆွေတို့ မျက်ဝန်းတွင် မျက်ရည်ဥတို့ ဝေသီနေ၏။ နေ့ခင်းတစ်နာရီ ထိုးခါနီးတွင် ကျောင်းထဲသို့ BM ဘတ်စ်ကားနှစ်စီး ဝင်လာသည်။ ကျောင်းသူကျောင်းသားများ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ တွယ်တာက. . .

"ကျောင်းမြတ်နဲ့ချစ်ဆွေ ဘတ်(စ်)ကား ရောက်လာပြီလေ"

"အေး. . အေးပါ"

ကောင်းမြတ်နှင့်ချစ်ဆွေ စာရွက်လိပ်များကိုင်၍ ကားဆီသို့ သွားကြသည်။ ဇော်လင်းခိုင်လည်း ကပ်ပါလာ၏။ စာရွက်ကိုဖြန့်လိုက်တော့ မောင်ရန်နောင်ထွဋ်. . အသက် (၂၀) တတိယနှစ် (စိတ်ပညာ) ဒဂုံတက္ကသိုလ်ဟူသော စာတန်းပေါ်လာသည်။ ညစ်ဘူးထဲမှ ကော်သုတ်၍ ဘတ်(စ်)ကားမှန်တွင် ကပ်လိုက်ကြသည်။ လေတိုက်၍လားမသိ စာရွက်ကို ကပ်၍မရ ပြန်ကွာကျနေသည်။ ကော်ကလည်း အကောင်းစား၊ ဘာလို့များ မကပ်တာပါလိမ့် ဟုတွေးရင်း အချင်းချင်းကြည့်မိကြ၏။ ဇော်လင်းခိုင်က မျက်မှန်ကို ပင့်တင်ရင်း တီးတိုးလေသံနှင့်. . .

"ရန်နောင်ထွဋ် သူငယ်ချင်း မနောက်နဲ့တော့လေ၊ ငါတို့အားလုံး မင်းဆီကိုလာကြမလို့ မင်းနဲ့တွေ့ချင်ကြလို့ပါ"

ထိုသို့ပြောပြီး စာရွက်ကို ကပ်လိုက်မှ အဆင်ပြေသွား၏။ ပြန်မကွာ မကျတော့၊ ရန်နောင်ထွဋ်၏ နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်မည့် အတန်းသားများ ကားနှစ်စီးပေါ် မျှ၍တက်ကြသည်။ အသုဘကားနှစ်နာရီမှာချမည်။ ကောင်းမြတ်တို့အုပ်စု ပါသည့်ကားက ရှေ့မှဦးဆောင် ထွက်လာခဲ့၏။ သူတို့ကားဘေးတွင် (ဒု)ကျောင်းအုပ်နှင့် စိတ်



www.burmeseclassic.com

www.burmeseclassic.com



ပညာဌာနမှူးလည်းပါသည်။

အဖြစ်က မယုံချင်၍ မရတော့၊ အသုဘပို့မည့် ကားပေါ်ပင် သူတို့ ရောက်နေကြပြီ။ အခင်းဖြစ်သည့်နေ့က သူတို့အုပ်စု ရေခဲတိုက် သို့ လိုက်သွားခဲ့ကြသေးသည်။ ပဋ္ဌာမြေလူးဖြစ်နေသည့် ရန်နောင်ထွဋ် ၏ မိဘနှစ် ပါးအဖြစ်က ရင်နင့်စရာ တစ်ဦးတည်းသောသား ဆုံးပါး သွားရခြင်းအတွက် ဖြေမပြေနိုင်အောင် ပူဆွေးကြေကွဲနေကြသည်။

ရန်နောင်ထွဋ် တစ်ကိုယ်လုံး ဒဏ်ရာဗလပွနှင့်ဖြစ်သော်လည်း မျက်နှာတွင် ပွန်းပဲ့ရာလောက်သာရှိ၍ ရုပ်မပျက်ဟုပင်ပြောရမည်။ ရန်နောင်ထွဋ်ကို တိုက်သွားသည့် ကုန်ကားယာဉ်မောင်းက ထွက်ပြေး သွားသလို အမှုပတ်မည်စိုး၍ ကူညီရန် ဝန်လေးကြသည့် သူတို့ကြောင့် ဆေးရုံအရောက် နောက်ကျခဲ့သည်။ ကျောပိုးအိတ်ထဲမှ ရန်နောင်ထွဋ် ဖုန်းနှင့်ပင် အိမ်ကိုအကြောင်းကြားခဲ့သည်။ ဦးအောင်သူ တို့ရောက် တော့ ရန်နောင်ထွဋ် မဆုံးသေး၊ အရေးပေါ် သွေးသွင်းကာ အစွမ်းကုန် ကုသခဲ့ကြသေးသည်။ နံရိုး၊ ခြေထောက်၊ လက်ကျိုးသည့် ဒဏ်ရာ၊ ပေါက်ပြဲသည့် ဒဏ်ရာများမှ သွေးထွက်လွန်ပြီး ဆုံးခဲ့ရခြင်း ဖြစ်သည် ဟု သိရ၏။

ပြုံးယောင်သမ်းနေသော သူငယ်ချင်း၏ သက်မဲ့ခန္ဓာကို ကြည့် ပြီး သူတို့အုပ်စု ရှိုက်ကြီးတငင်ငိုခဲ့ကြ၏။ ရန်နောင်ထွဋ် သူတို့ကို တကယ်ပင် ခွဲခွာသွားခဲ့ပြီ၊ ဒါနောက်နေတာမဟုတ်၊ ရန်နောင်ထွဋ် ဟန်ဆောင်နေတာမဟုတ် ရုပ်နှင့်နာမ်အမှန်ပင် အိုးစားကွဲခဲ့ခြင်း ဖြစ် သည်။ ကောင်းမြတ် တစ်ယောက် ရန်နောင်ထွဋ် ဆုံးသည့်နေ့က မြင် ကွင်းကို ပြန်တွေးရင်း မျက်ရည်ဝေ့လာပြန်သည်။ ထိုအခိုက် ခေါင်းခန်



www.burmeseclassic.com

www.burmeseclassic.com



မြည်သံနှင့်အတူ ချစ်ဆွေ ခေါင်းငိုက်စိုက်ကျသွားတာ တွေ့လိုက်ရသည်။

"ဟေ့ကောင် ဘာဖြစ်တာလဲ၊ ဘာလို့ နားရင်းအုပ်ရတာလဲ"

"ငါ. . ငါ. . ဘာမှ မလုပ်ဘူးချစ်ဆွေ"

ချစ်ဆွေက ချက်ချင်းလှည့်ကြည့်ကာ သူ့နောက်မှ ခုံတန်းတွင် ထိုင်နေသည့် ကောင်းမြတ်ကို ကော၏။ ကောင်းမြတ်နှင့်အတူ တွဲထိုင်နေသည့် ဇော်လင်းခိုင်ကလည်း ထောက်ခံသည်။

"ဟုတ်တယ် ချစ်ဆွေ၊ ကောင်းမြတ် ဘာမှမလုပ်ဘူး"

"ဒါ. . ဒါဆို"

"ဟုတ်တယ်. . သူ ကားပေါ် ပါလာပြီ"

"ဘုရား. . ဘုရား"

ကောင်းမြတ်တို့အုပ်စု ကားပေါ် ဟိုဒီကြည့်ရင်း အထိတ်တလန့် ဖြစ်သွားကြသည်။ ထိုအချိန်မှာပင် တွယ်တာ နောက်သို့ လှည့်ကြည့်ပြီး. . .

"ငါ့ခေါင်းကို ဘယ်သူ ပုတ်တာလဲ"

တွယ်တာ့ နောက်တန်းမှ ကျောင်းသားများ ခေါင်းခါကြ၏။ တွယ်တာနှင့် ကပ်ထိုင်နေသော စုစုစံ၏ ကျစ်ဆံမြီးက လေထဲ ထောင်တတ်လာ၏။ ထိုအဖြစ်ကို အားလုံးမြင်လိုက်ကြသဖြင့် ကားပေါ်တွင် ပွက်လောရိုက်သွားသည်။ ထိုအခိုက်မှာပင် ချစ်ဆွေ လွယ်ထားသော ကျောပိုးအိတ် ဗုန်းခနဲ ပြုတ်ကျသွားပြန်သည်။

"အောင်မလေးဗျ"

ချစ်ဆွေ ထခုန်ပြီး ရှေ့တန်းတွင် ထိုင်နေသည့် ဘုန်းမျိုး ဦးမြင့်



www.burmeseclassic.com

www.burmeseclassic.com



မြတ်သူကို ပြေးဖက်သည်။

"ဆရာ. . ဆရာ. . လုပ်ပါဦး၊ ရန်နောင်ထွဋ် သောင်းကျန်းနေတယ် ဆရာ"

ဆရာကြီးလည်း အဖြစ်အပျက်ကို အားလုံးမြင်တွေ့သည်မို့ တန်းကိုကိုင်၍ ထရပ်လိုက်ပြီး အခြေအနေကို အကဲခတ်သည်။ ကျောင်းသားကျောင်းသူများ ဝရုန်းသုန်းကားဖြစ်နေ၍ ရန်နောင်ထွဋ် လှုပ်ရှားနေကြောင်း သိသိသာသာ မမြင်တွေ့ရ။

"ကဲ. . အားလုံး ကိုယ့်နေရာကိုယ် ငြိမ်ငြိမ်ထိုင်နေကြစမ်း"

ဆရာကြီး ပြောလိုက်၍ အားလုံး ငြိမ်သွားကြ၏။

"ရန်နောင်ထွဋ် ဆရာ တောင်းပန်ပါတယ်ကွာ၊ မင်း သူငယ်ချင်းတွေ အားလုံး ထိတ်လန့်ကုန်ကြပြီ မနောက်ပါနဲ့တော့၊ တို့အားလုံး မင်းကို နှုတ်ဆက်ဖို့လာခဲ့ကြတာပါ"

ထိုသို့ပြောလိုက်မှ ကားပေါ်တွင် ငြိမ်သက်သွား၏။ သို့သော် အားလုံးက မလုံမလဲနှင့် နောက်ကိုသာ မကြာမကြာလှည့်ကြည့်နေကြ၏။ ဤသို့နှင့် ရေဝေးသို့ရောက်လာခဲ့သည်။ ကောင်းမြတ်တို့အုပ်စု ကျောချမ်းချမ်းနှင့်ပင် ကားပေါ်မှ ဆင်းကြ၏။ သူတို့ငါးယောက်လုံး၏ လက်ထဲတွင် ပန်းခွေနှင့်ပန်းခြင်းများ ပါလာသည်။

ရန်နောင်ထွဋ်နာမည် ချိတ်ဆွဲထားသည့် ခန်းမထဲသို့ ဝင်ခဲ့ကြ၏။ ရန်နောင်ထွဋ်၏ နောက်ဆုံးဧည့်ခံပွဲက စည်ကားလှ၏။ အခေါင်းပတ်လည်တွင် ပန်းခွေပန်းခြင်းများ ချထားလိုက်သည်။ ရန်နောင်ထွဋ်၏မိဘများမှာ ဖွင့်ထားသည့် အခေါင်းတွင်းမှ သားမျက်နှာကို ကြည့်ကာ မျက်ရည်ဖြိုင်ဖြိုင်ကျပြီး ဖြေမဆည်နိုင်အောင်ဖြစ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း တစ်သိုက်လည်း ရန်နောင်ထွဋ်ကို နောက်ဆုံးနှုတ်ဆက်သလို ကြည့်ကြသည်။ သေပန်းပွင့်နေလိုက်တာ သူငယ်ချင်းရယ်. . . ။

ထို့နောက်တော့ ထုံးတမ်းစဉ်လာအတိုင်း ဆရာကြီးက အမိန့်ပြန်တမ်းထုတ်ပြန်သည်။ ရန်နောင်ထွဋ် သင်နဲ့ ဒဂုံတက္ကသိုလ်ကြီးနဲ့ ဘယ်လိုမှ မပတ်သက်တော့ဘူး၊ မသက်ဆိုင်တော့ဘူး၊ ဒါကြောင့် ကျောင်းကိုလာဖို့ မလိုတော့ဘူး သင်သွားလိုရာသွားလို့ရပြီဟု ပြော၍ အမိန့်ပြန်တမ်းကို အခေါင်းထဲသို့ ထည့်ပေးလိုက်၏။ မိဘများနှင့် သူငယ်ချင်းများအားလုံး မျက်ရည်မဆည်နိုင် ငိုကြွေးမိကြသည်။

အချိန်က နှစ်နာရီအတိ၊ တာဝန်ရှိသူက သင်္ဂြိုဟ်စက်ပို့ဖို့ လာအကြောင်းကြား၏။ အခေါင်းကို ပိတ်လိုက်ကြသည်။ အန်တီက အခေါင်းကို ဖက်တွယ်၍ ငိုပြီး တက်မလိုချက်မလို ဖြစ်နေ၏။ အန်ကယ်က ကောင်းမြတ်အား အကူအညီတောင်းသည်။

"မောင်ကောင်းမြတ် သားကို တရားနာဖို့ အိမ်ပြန်ခေါ်ရဦးမယ် အဲ့ဒါ ကူညီပါဦးကွယ်"

"ခင်ဗျာ ဟုတ်ဟုတ်ကဲ့"

ကောင်းမြတ်ကြောက်နေသည်။ သို့သော် တာဝန်ပေးလာတော့ ရှောင်လွှဲ၍မရ၊ ပြင်ဆင်ထားသည့် ရန်နောင်ထွဋ် ခါတ်ပုံရှေ့ ဖန်ခွက်ထဲမှ ပန်းတစ်ပွင့်ကိုယူကာ အခေါင်းကိုလက်နှင့်ပုတ်ပြီး. . .

"သူငယ်ချင်း ရက်လည်တရားနာဖို့ အိမ်ကိုခဏ ပြန်လိုက်ခဲ့ဦးနော်"

ဟုပြောပြီးသည်နှင့် ပန်းကို ဇော်လင်းခိုင် လက်ထဲသို့ထည့်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"ဟင်. . ဒါ. . ဒါ"

"ဒီအချိန်ကစပြီး အိမ်ကိုရောက်တဲ့အထိ စကားပြောလို့ မရတော့ဘူး ဇော်လင်းခိုင်၊ ဒါ ရန်နောင်ထွန်းကို ခဏပြန်ခေါ်လာတာ အဲ့ဒါ မင်းတာဝန်ပဲ"

ဇော်လင်းခိုင် ကြောက်လွန်း၍ တဆတ်ဆတ်တုန်နေသည်ကို မသိယောင်ဆောင်ရင်း အခေါင်းကိုဝိုင်း၍ ထမ်းလိုက်ကြသည်။ မိန်းကလေးအုပ်စု ပန်းခွေနှင့်ပန်းခြင်းများကိုင်၍ ရှေ့မှဦးဆောင် ထွက်လာခဲ့ကြသည်။ အခေါင်းထမ်းလာသူများဘေးမှ ချွေးသီးချွေး ပေါက်များကျပြီး နတ်ဝင်သည်လို တုန်ယင်နေသော ဇော်လင်းခိုင် လိုက်ပါလာ၏။

အန်တီကတော့ သတိလစ်သွားပြီမို့ ဆွေးမျိုးတစ်စုက ဝိုင်းဝန်းနှာနှပ်နေကြသည်။ မီးသဂြိုဟ်စက်ထဲသို့ အန်ကယ်နှင့်အတူ ကောင်းမြတ်၊ ချစ်ဆွေတို့ ပါသွားကြသည်။ လူသားတစ်ယောက်၏ နောက်ဆုံးခရီးက ဘယ်သူ့ကိုမှ အကျိုးမပြုဘဲ လောင်စာအဖြစ်နှင့် ပျောက်ကွယ်ရသည်မှာ လွန်စွာတရားရစရာကောင်း၏။

ဒီလို အရွယ်ကောင်း နွားတွေဝက်တွေသာဆိုလျှင် လူအတော်များများကို အာဟာရဒါန ပြုသွားနိုင်သေး၏။ တိရစ္ဆာန်အသား ပေါင်းစုံကို ရေခဲသေတ္တာထဲ နှစ်ရက် သုံးရက်ထည့်ထားပြီး စားလို့ရသည်ဆိုလျှင် ရန်နောင်ထွန်းကိုလည်း ရေခဲတိုက်မှာ နှစ်ညသိပ်ထားခဲ့သည် မဟုတ်လား၊ စားလို့ရသေးသည်ပေါ့၊ ကောင်းမြတ် အသုဘ ကန်တော့ ရှုရင်း ပေါက်ကရတွေ တွေးနေခိုက်. . သူတင်ပါးကို လာပုတ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လန့်ပြီးလှည့်ကြည့်လိုက်သည်။ ကောင်းမြတ်နောက်တွင် ဘယ်သူမှ မရှိတာ သိရတော့ လန့်ဖျပ်သွား၏။ ကောင်းမြတ် ခေါင်းနားပန်းကြီးပြီး ဖင်ဆီဘူးခါအောင် ကြောက်သွားသဖြင့် သင်္ချိုဟ်ခန်းထဲမှ ကသော တမျော ပြန်ထွက်လာခဲ့၏။

ကောင်းမြတ် ချွေးတပြိုက်ပြိုက် ကျနေသည်။ သူအလွန် ကြောက်နေ၏။ လူအုပ်ကြားထဲတိုးဝင်ကာ ဟိုဟိုဒီဒီ ကြည့်သည်။ ရန်နောင်ထွန်း၏ အငွေ့အသက်ကို မခံစားရ၊ သင်္ချိုဟ်စက် ခေါင်းတိုင်မှ မီးခိုးများ အလိပ်လိုက် အဆုပ်လိုက် ထိုးထွက်လာ၏။ ဒါ ရန်နောင်ထွန်းကို ဘာဘီကျူးလုပ်ရာမှ မီးကျွမ်းပြီးထွက်လာသည့် အခိုးအငွေ့များပဲ ဖြစ်လိမ့်မည်။ ဒီလိုနှင့်ပဲ လောကကြီးထဲမှ လူတစ်ယောက် အပြီးတိုင် နှုတ်ဆက်ထွက်ခွာခြင်းအခမ်းအနားက အောင်မြင်စွာ ပြီးဆုံးသွားခဲ့သည်။

ကားတွေပြန်ထွက်တော့မည်မို့ အလုအယက် ပြေးတက်ကြရပြန်သည်။ သူငယ်ချင်းတွေအားလုံး ရင်ထဲမှာ တစ်ဆို့ဆို့ကြီး ဖြစ်နေကြ၏။ ရန်နောင်ထွန်း ရုတ်တရက်ခွဲခွာသွားပုံက မြန်ဆန်လွန်းသဖြင့် အားလုံး မယုံမရဲ ဖြစ်နေကြဆဲပင်ဖြစ်သည်။ ဘယ်သူမှ စကားမပြော ဖြစ်ကြဘဲ တိတ်ဆိတ်စွာ လိုက်ပါလာခဲ့ကြ၏။ ဇော်လင်းခိုင် တစ်ယောက်တော့ သူ့လက်ထဲက ပန်းကို မကြည့်ဖြစ်အောင် လမ်းဘက်သို့ မျက်နှာလွှဲထားသည်။ သူ့ဒုက္ခကလည်း မသေး။

နာရီဝက်လောက် ကားစီးပြီးမှ ရန်နောင်ထွန်းတို့ အိမ်သို့ ရောက်၏။ အိမ်ရှင်တို့နောက်မှ အရင်ဆုံးလိုက်ဝင်သွားသည်မှာ ဇော် လင်းခိုင်ပင် ဖြစ်သည်။ ရှင်းလင်းထားသော ဧည့်ခန်းထောင့်မှ စားပွဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးပေါ်တွင် ရန်နောင်ထွဋ်၏ ခေါက်ပုံတစ်ပုံ ထောင်ထား၏။ ထို ခေါက်ပုံရှေ့မှ ပန်းအိုးထဲသို့ သူယူလာသည့် ပန်းကို ထိုးစိုက်လိုက်ပြီး ဇော်လင်းခိုင်က. . .

"ကဲ သူငယ်ချင်း. . ခဏနားလိုက်ဦး၊ ရက်လည်တရား နာပြီး သွားရင် မင်းကောင်းရာသုဂတိလားမှာပါကွာ"

စိတ်ပင်ပန်းပူဆွေးနေကြသည့် အိမ်ရှင်များကို ဒုက္ခမပေးလို၍ သူတို့အုပ်စု နှုတ်ဆက်ပြီး ပြန်လာခဲ့ကြ၏။ အန်ကယ်က ရက်လည် တရားနာဖိတ်စာ တစ်ထပ်ပေးလိုက်သည်။ ရန်နောင်ထွဋ် အိမ်မှအပြန် အားလုံး ဗိုက်ဆာသည်ဆို၍ အနီးအနားမှ စားဖွယ်စုံဆိုင်ထဲ ဝင်လာ ခဲ့ကြသည်။ တစ်ယောက်တစ်မျိုးမှာပြီးနောက် ဂေါင်းမြတ်က ရက် လည်ဖိတ်စာ တစ်ရွက်စီ ဝေပေးလိုက်၏။ မိဘမှလွဲ၍ ညီအစ်ကို မောင်နှမလည်းမရှိ မိန်းမလည်းမရှိသော ရန်နောင်ထွဋ်၏ ဖိတ်စာက စာလုံးအရေအတွက် နည်းလွန်းနေ၏။ ထိုဖိတ်စာကို ဖတ်ပြီး စုစုစံက အလန့်တကြားလေသံနှင့်. . .

"ဟယ်. . ကြောက်စရာကောင်းအောင် တိုက်ဆိုင်လိုက်တာ ဟယ်၊ ရက်လည်နေ့က သူ့မွေးနေ့ဟ"

အားလုံး ဖိတ်စာကို ပြန်ကြည့်ကြသည်။ စုစုစံပြောတာ မှန်နေ ၏။ (၂၄) ရက် အင်္ဂါနေ့၊ ဒါ ရန်နောင်ထွဋ် သူကိုယ်တိုင်အားရဝမ်းသာ တက်ကြွစွာနှင့် ဖိတ်ကြားထားခဲ့သော ကွယ်လွန်သူ၏ မွေးနေ့ပင်ဖြစ် သည်။

"တိုက်ဆိုင်မှုကလည်း အံ့သြစရာကြီး စုစုစံရယ်"

"ဟုတ်တယ် တွယ်တာ ကြက်သီးတောင် ထတယ်၊ ဒါနဲ့သူက



www.burmeseclassic.com

www.burmeseclassic.com



ညအိပ်လာပြီး အားလုံးကူလုပ်ပေးရမယ်လို့ မှာခဲ့တာနော် နင်တို့သွားမှာလား ဘယ်လိုလဲ”

တညီတညွတ်တည်း ခေါင်းယမ်းကြသည်မှာ ယိမ်းကနေသလား ထင်ရ၏။ ကောင်းမြတ်က. . .

“ဒါတင်ကမလားဟာ တို့ဆီက မွေးနေ့လက်ဆောင် တောင်းထားသလို တို့အတွက်လည်း ပျော်စရာ ကံစမ်းမဲလည်း ဖေါက်ပေးဦးမှာတဲ့”

“အေး အဲ့ဒီကံစမ်းမဲက ရွှေနှစ်ကျပ်သားပဲဖြစ်ဖြစ်၊ နှစ်ညအိပ်သုံးရက် စင်ကာပူခရီးစဉ်ပဲဖြစ်ဖြစ် ငါတော့ လုံးဝမသွားဘူး”

ဇော်လင်းခိုင်က သူ့သဘောထားအမှန်ကို ဖွင့်ဟကြေညာ၏။ ဆန္ဒတွေ တစ်ထပ်တည်းကျသည်က အများစုဖြစ်နေသည်။

“ဟုတ်ပြီလေ ရက်လည်နေ့ မနက်ကိုးနာရီလောက် အားလုံးစုပြီးသွားလိုက်ကြတာပေါ့”

“အဲ့ဒါ အကောင်းဆုံးပဲ”

ထိုဆုံးဖြတ်ချက်က (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေလို ကန့်ကွက်မဲ အနည်းဆုံးနှင့် အတည်ဖြစ်သွား၏။ စိတ်နွမ်းလူပမ်း ဖြစ်နေကြသော သူတို့အုပ်စု အိမ်ပြန်နားကြဖို့ ဟန်ပြင်ပြီး ပိုက်ဆံရှင်းနေခိုက် လေပူလှိုင်းတစ်ခု ဖြတ်သန်းတိုက်ထိသွားတာကို အားလုံးခံစားသိရှိလိုက်ကြရသည်။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၀)

ရေမိုးချိုးထမင်းစားပြီးသည်နှင့် တွယ်တာ အခန်းထဲဝင်လဲ့ နေလိုက်၏။ တစ်နေကုန် စိတ်မောခဲ့ရသဖြင့် ခြေကုန်လက်ပန်းကျပြီး မလှုပ်ချင်အောင်ဖြစ်နေသည်။ ထုရိုက်ခံထားရသလို တစ်ကိုယ်လုံး နာကျင်နေ၍ တီဗွီကြည့်ဖို့ပင် အိပ်ရေးမထွက်နိုင်တော့၊ တွယ်တာ့ အတွေးထဲမှာ အခေါင်းထဲမှ ရန်နောင်ထွင့် မျက်နှာကို ဖျောက်ဖျက်မရ အောင် ပြန်မြင်နေသည်။

ကြိုးစားမေ့ဖျောက်ကြည့်လိုက်တော့ ရန်နောင်ထွင့် သက်ရှိ ထင်ရှားရှိစဉ်က ပုံရိပ်များကို ရုပ်ရှင်ကြည့်ရသလို ပြန်မြင်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ရော့ . . တွယ်တာ၊ နင့်အတွက် ငါ့ရဲ့ အိုအေစစ်လေး' လို့ပြောပြီး ထီး စုတ်ကြီးပေးခဲ့တာတွေ့ . . မှန်ကြောင် ဖော်လင်းခိုင်နှင့် ပြဿနာတက် ခဲ့တာတွေကို အစီအရီ ပြန်သတိရနေပြန်သည်။

မျက်နှာပြောင်ပြောင်နှင့် ရည်းစားစကားပြောခဲ့တာကလည်း အကြိမ်ကြိမ်၊ သို့သော် တစ်ခါမှ တည်တည်တံ့တံ့မဟုတ်ခဲ့၊ နောက်သလို ပြောင်သလိုနှင့် အဖျားရှူးသွားခဲ့တာပဲဖြစ်သည်။ တော်တော်ဆိုးတဲ့ ရန်နောင်ထွဋ် ဖြစ်၏။ သူ့အနောက်အပြောင်များနှင့် လွတ်သူဟူ၍ တစ်ယောက်မှ မရှိခဲ့။ အသုဘပို့တုန်းကတောင် အားလုံးကို တို့ထိ ရိုက်ပုတ်ပြီး နောက်သွားသေးသည်။ ဝိညာဉ်ဘဝရောက်တာတောင် စတာနောက်တာ အကျင့်ပါသွားသည်လား မပြောတတ်။

ထမင်းစားပြီးခါစ ပြည့်အင့်နေသလို တစ်နေကုန်လည်း ပင်ပန်းထားသည်မို့ မှေးခနဲအိပ်ငိုက်သလို ဖြစ်သွားသည်။ နိုးတစ်ဝက် အိပ်တစ်ဝက် အနေအထားတွင် အခန်းတံခါးပွင့်လာတာ သတိပြုမိ လိုက်၏။ တံခါးကြားမှ အလင်းတန်းတစ်ခု တိုးဝင်လာသည်။

ထိုအလင်းတန်းကို စူးစိုက်ကြည့်မိရာမှ သတိလွတ်သလို ဖြစ် သွား၏။ ပြီးတော့ တိမ်စိုင်တိမ်လိပ်များထဲသို့ ရောက်သွားပြန်သည်။ တအံ့တဩနှင့် လှည့်ပတ်ကြည့်ရှုမိတော့ ဆန်းကြယ်သော ပန်းဥယျာဉ် ကြီးတို တွေ့ရသဖြင့် ကြည်နူးရွှင်မြူးသွား၏။ ဥယျာဉ်တွင်းမှ ထူးထူး ဆန်းဆန်း ပန်းမန်များကိုကြည့်ရင်း တဖြည်းဖြည်းနှင့် အတွင်းပိုင်းသို့ ရောက်လာသည်။ ထိုအတွင်းပိုင်း ဥယျာဉ်မြင်ကွင်းက မြင်ဖူးတွေ့ဖူး နေသော ရင်းနှီးနေသော မြင်ကွင်းဖြစ်၏။ ရင်နှီးသောမြင်ကွင်းများတင်း စွာ ဆက်ဝင်လာခဲ့သည်။ ရှေ့တွင် ရေကန်နှင့်တံတားကိုတွေ့မှ ကန်



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးထဲ ရောက်လာမှန်းသိရ၏။

ကန်စပ်မှ ခုံတန်းတွင် ဝင်ထိုင်ပြီး ရှုခင်းအလှအပကို ကြည်နူးစွာ ခံစားနေလိုက်သည်။ ကန်ရေပြင်ကို ဖြတ်သန်းလာသော ရေငွေ့ပါသည့် လေအေးကြောင့် အမောအပန်းတွေ ပြေသွား၏။ စိမ်းစိုသည့် ဝန်ကျင်မှ ကျေးငှက်များ သစ်ပင်ပန်းမန်နှင့် လိပ်ပြာတို့ကိုကြည့်ပြီး နှလုံးစိတ်ဝမ်း အေးချမ်းမှုကို ကျေကျေနပ်နပ် ခံစားနေမိသည်။ ထိုအခိုက် တွယ်တာ့ဘေးသို့ လူတစ်ယောက် ဝင်လာထိုင်သည်။ လှည့်ကြည့်လိုက်တော့. . .

"ဟယ်. . နင်. . နင်"

"ငါ ရန်နောင်ထွဋ်လေ၊ ဘာလဲ နင့်နားကို လာခွင့်မရှိဘူးလား"

"မဟုတ်ပါဘူး ဒီကိုဘယ်လိုလုပ် ရောက်လာတာလဲ"

"ငါက နင့်အရိပ်ပဲဟာ"

"သွား"

"မသွားပါရစေနဲ့ဟာ၊ ဒီနေ့ နင့်ကို ချစ်ရေးဆိုဖို့လာခဲ့တာ"

"ရန်နောင်ထွဋ်. . နင် နောက်ပြန်ပြီလား"

"မနောက်ဘူး တွယ်တာ၊ ငါ အတည်ပြောတာ နင့်ကို ငါချစ်တယ် အရမ်းကိုချစ်တယ် တွယ်တာ"

"မယုံဘူး ရန်နောင်ထွဋ်၊ နင်က ဒီစကားကို နောက်သလိုလိုနဲ့ ခဏခဏ ပြောနေတာ"

"နောက်သလိုလို လုပ်တယ်ဆိုတာ နင်စိတ်ဆိုးပြီး သူငယ်ချင်းဆက်ဆံရေးကိုပါ ရပ်ပစ်လိုက်မှာစိုးလို့ပါ"

ရန်နောင်ထွဋ် မျက်နှာက မကြုံစဖူး တည်ကြည်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အလေးအနက်အသွင်ကိုလည်း ဆောင်နေ၏။ တွယ်တာ ယုံချင်သလို ပင် ဖြစ်သွားသည်။

"တွယ်တာ တစ်ခုခုပြောပါဦးဟာ"

"ဘာပြောရမှာလဲ"

"ငါ့ အချစ်ကို နင်ဘယ်လို တုံ့ပြန်မလဲ ဆိုတာပေါ့"

တွယ်တာ ဘာမှပြန်မပြောဘဲ ခေါင်းငုံ့ထားလိုက်သည်။

ရန်နောင်ထွဋ် မချင့်မရဲဖြစ်လာဟန်နှင့် သူ့လက်ကို ဆုပ်ကိုင် လိုက်ရင်း. . .

"ငါ့မွေးနေ့ ရောက်တော့မှာလေ. . နင့်ရဲ့ တုံ့ပြန်မေတ္တာကို မွေးနေ့လက်ဆောင်အဖြစ် ငါ့ကိုပေးပါလားဟင်"

တွယ်တာ ရှက်ရှက်နှင့်ရုန်းကန်ကာ သူ့လက်ကို ပြန်ဆွဲယူ၏။ ရန်နောင်ထွဋ်က လွှတ်မပေးသည့်အပြင် အတင်းဖက်၍ ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။ တွယ်တာ တအားထိတ်လန့်သွားပြီး အတင်းရုန်း ကန်မိသည်။

ထိုအခါမှ ဖျတ်ခနဲ အသိဝင်လာကာ ခုတင်ပေါ်မှာ တစ် ယောက်တည်း ရုန်းကန်နေမိသည့် အဖြစ်ကို သတိပြုမိသွား၏။ ရှက်ရွံ့ ထိတ်လန့်စွာနှင့် ငုတ်တုတ်ထထိုင်လိုက်၏။ ခုထိ ရင်ခုန်မပြေသေး၊ ချွေးများပင် ပျံနေသည်။

"ဒါ. . ဒါ. . အိပ်မက်လား တကယ်လားဟယ်၊ အိပ်မက်ပဲ ဖြစ် မှာပေါ့၊ ရန်နောင်ထွဋ်က သေသွားပြီပဲ၊ ဒါဆို သူ့မွေးနေ့ကို မမေ့ဖို့ သတိပေးတာပေါ့. . ဘုရားဘုရား"

တွယ်တာ တွေးရင်း တစ်ယောက်တည်း မနေရဲတော့သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အခန်းပြင်သို့ ပြေးထွက်လာခဲ့၏။ ဒီည မေမေနှင့်အတူအိပ်မှ ဖြစ်မည် ထင်သည်။

ထိုအချိန်တွင် ကောင်းမြတ်မှာ သူ့အိပ်မ်တွင် တစ်ယောက်တည်း အခွေကြည့်နေ၏။ ကြည့်ချင်၍တော့မဟုတ် ရန်နောင်ထွဋ်၏ အကြောင်းကို သတိရစရာတွေ တွေးမိမှာစိုး၍ အာရုံပြောင်းနေခြင်းသာဖြစ်သည်။ ဘယ်လိုပင် အာရုံပြောင်းပြောင်း ရေခဲတိုက်နှင့် အခေါင်းထဲမှာ တွေ့ခဲ့ရသည့် ရန်နောင်ထွဋ်၏ ရုပ်သွင်ကို ဖျောက်ဖျက်၍မရအောင် ဖြစ်နေ၏။ သူ့အမြင်အာရုံတွင် ဗွီဒီယိုဇာတ်ကားထဲမှ သရုပ်ဆောင် နီကိုလပ်ကေ့(ခ်ျ)အစား ရန်နောင်ထွဋ် ဝင်သရုပ်ဆောင်နေသလို ထင်နေမိသည်။ သို့သော်လည်း အိပ်ချင်စိတ်ပေါက်လာအောင် ပေပြီး ဆက်ကြည့်နေ၏။

ဆယ့်ငါးမိနစ်ခန့်အကြာတွင် ကောင်းမြတ်မျက်လုံး မှေးစင်းချင်သလို ဖြစ်လာသည်။ ထိုအချိန်တွင် တီဗွီစကရင်ပေါ်မှာ နီကိုလပ်ကေ့(ခ်ျ)က နောက်ပြန်လမ်းလျှောက်၏။ လမ်းပေါ်မှ ကားများလည်း နောက်ပြန် မောင်းနေကြသည်။ ကောင်းမြတ်မျက်လုံး ပြန်ကျယ်သွား၏။ DVD အပြား ကြောင်တာလား၊ အောက်စက်ပဲ ကြောင်တာလား မသိ သေချာကြည့်တော့မှ နောက်ပြန်ရစ်နေမှန်း သိလိုက်၏။ နောက်ပြန်ရစ်ခြင်း X4 နှင့် သွားနေသော အရုပ်များက ချာလီချက်ပလင်ခေတ် ပြန်ရောက်သွားသလို ခံစားရသည်။

ကောင်းမြတ် ရီမုဒ်ကိုလှမ်းယူ၏။ လက်ထဲပါမလာ၍ သေချာကြည့်တော့မှ ရီမုဒ်ရွေ့နေတာတွေ့ပြီး လန့်သွားသည်။ ကိုယ်ကိုကိုင်း၍ အမိအရ လှမ်းယူလိုက်သည်တွင် ရီမုဒ်က သိသိသာသာပင် ဖင်ထွာခန့်



www.burmeseclassic.com

www.burmeseclassic.com



ရွေ့သွား၏။ ကောင်းမြတ်ဆံပင်တွေ ထောင်ထမတတ် လန့်သွားသည်။ ခြေဖျားစေးတွေပျံလာပြီး မမြင်ရသည့် အရိပ်အယောင်ကို အခန်းထဲ လှည့်ပတ်ရှာမိ၏။

"ရန်. . ရန်နောင်ထွဋ်. . မင်း. . မင်းလား မင်းရောက်နေတာလား"

ဘာတုံ့ပြန်သံမှ မကြားရ၊ ကောင်းမြတ်ထရပ်ပြီး အခန်းထဲမှ ထွက်ရန် ကြိုးစားသည်။ တံခါးပေါက်နားအရောက် သူ့တင်ပါးကို ပိတ်ရိုက်တာ ခံလိုက်ရ၏။

"အောင်မလေးဗျ"

ကောင်းမြတ် ငယ်သံပါအောင်အော်၍ အိမ်ပြင်သို့ ဒရောသောပါး ပြေးထွက်သွားတော့သည်။ ကောင်းမြတ် အလန့်တကြား ပြေးလွှားနေသည့်အချိန်တွင် အိမ်နီးချင်းများဖြစ်သည့် စုစုစံနှင့် မိုးမိုးဆွေတို့ အတူရှိနေကြ၏။ စုစုစံက မိုးမိုးဆွေထံ အလည်လာ၍ အတူ လက်ဖက်သုပ် စားနေကြသည်။

"ငါ ရန်နောင်ထွဋ်ကို သနားလိုက်တာဟယ်"

"အေးဟာ တစ်ချိန်လုံး ဟာသဖေါက်လာပြီး မထင်မှတ်တဲ့အချိန်မှာ ဒရမ်မာ ချိုးလိုက်တဲ့ ဗွီဒီယိုကား ကြည့်ရသလိုပဲ မျက်ရည်တို့ ချူယူနေတာ"

'အင်း. . စတတ်နောက်တတ်တာကလွဲပြီး ခင်စရာကောင်းပါတယ်ဟယ်"

"ငါ့မွေးနေ့မှာ မြေအိုးထဲ ဖားထည့်ပြီး နောက်ခဲ့သေးတာလေ"

အမှတ်ရစရာများ ပြန်ပြောရင်း လွမ်းတသဖြစ်နေကြ



www.burmeseclassic.com

www.burmeseclassic.com



နိုက်. . .

“ဟဲ့. . သမီးတို့ အိမ်ရှေ့မှာ သူငယ်ချင်းရောက်နေတယ်”

“ဟုတ်လား မေမေ ဘယ်သူတဲ့လဲ”

“ရန်နောင်ထွဋ် တဲ့”

“ရှင်”



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်နှင့် တစ်ပြိုင်တည်းလို ချစ်ဆွေအဖြစ်ကလည်း တစ်မျိုး ရန်နောင်ထွဋ် လာနှောက်မှာကြောက်၍ အဖေအမေတို့ကြား အတင်းဝင်ထိုင်နေ၏။ ကိုရီးယားကား ကြည့်နေကြသည့် မိသားစုထံမှ ပွစိပွစိအသံတွေ ထွက်လာသည်။ ချစ်ဆွေ၏ ညီမက. . .

"ကိုကြီး ဘယ်လိုဖြစ်နေတာလဲ၊ ဘွဲ့ရခါနီးမှ နို့စို့ချင်လို့ အမေ့နား အတင်းဝင်တိုးနေတာလား၊ တကယ်ပဲ ဘာမှန်းကို မသိဘူး"

"ဟုတ်သားပဲ ချစ်ဆွေရာ၊ ငါလည်း ခုမှ မင်းအမေနား ကပ်ခွင့်ရတာကို"

"ဩော်. . ရှင်ကလည်း တစ်မျိုး၊ ဘာတွေပြောနေမှန်းကို မသိဘူး"

"မဟုတ်ဘူး အဖေရ၊ ဟိုကောင် ရန်နောင်ထွဋ်က အရမ်းနောက်တတ်တာ သားဆီလာနေမှာ စိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ အသုဘချတယ်ဆိုတဲ့ သူငယ်လေးလား"

"ဟုတ်တယ် ဖေဖေ"

"ဘုရားတရားလုပ်ရင် ဘာမှကြောက်စရာမလိုဘူး ကိုကြီး"

"အောင်မာ ငါ့မျာ့း တိတ္ထိမှတ်နေလား"

"မမှတ်ပါဘူး ဘုရားရှိခိုး အစအဆုံးမရတာလောက်ပဲ ရှိတာပါ"

ချစ်ဆွေက သူ့ကိုနှိပ်ကွပ်နေသည့် ညီမအား နားရင်းအုပ်လိုက်၏။ အဖေက မောင်နှမနှစ်ယောက်ကြားထဲ ဝင်ထိုင်လိုက်သဖြင့် ပဋိပက္ခ ရေမရှည်ဘဲ ချုပ်ငြိမ်းသွားသည်။ အားလုံး ကိုရီးယားကားဆီ အာရုံ ရောက်သွားကြပြန်၏။ ဇာတ်လမ်းကို စိတ်ဝင်တစား ကြည့်နေခိုက် မသတီစရာ ပုပ်အဲ့အဲ့အနံ့ဆိုးကြီး ပေါ်လာသည်။ အားလုံး နှာခေါင်းရှုံ့ကုန်၏။

"ဟာ. . ပုပ်စော်နံလိုက်တာကွာ"

"အင်း မဟုတ်မှလွဲရော၊ သား သူငယ်ချင်းအနံ့ပေးပြီး ကျီစယ်တာများလား"

"ဟင် အဲ့ဒါဆို သမီးကြောက်တယ်"

မိသားစုဝင်တွေ တစ်ယောက်တစ်ပေါက် မှတ်ချက်ပေးနေသော်လည်း ချစ်ဆွေက စပ်ဖြဲဖြဲ။

"အဟီး မဟုတ်ပါဘူး မေမေရ၊ သား ထုလိုက်တာ"

"ဘာကွ၊ ဟား. . ယုတ်မာလိုက်တဲ့ကောင်ကွာ"

"အေးလေဟယ် လေလည်ချင်တာများ ဝေးဝေးသွားရောပေါ့"

"ဆောရီးမေမေရာ ကြောက်လို့ပါ၊ အခုတောင် အား. . အင်း အိမ်သာတက်ချင်လာပြီ တစ်ယောက်ယောက် လိုက်ခဲ့ကြပါ"



www.burmeseclassic.com

www.burmeseclassic.com



"မလိုဘူး ကိုယ့်ဟာကိုယ်သွား"

တညီတညွတ်တည်း မောင်းထုတ်တွန်းလှတ်ကြသဖြင့် ချစ်ဆွေ ကြောက်ကြောက်နှင့် ထွက်လာရ၏။ လောလောဆယ်မှာ ရန်နောင်ထွဋ်ထက် ပို့ပြီးဒုက္ခပေးနေသည့် ဗိုက်ထဲက တော်လှန်ပုန်ကန်မှုကို ဖြေရှင်းရန် ရေအိမ်သို့ ပြေးခဲ့ရသည်။ ဝမ်းသွားချင်တာကတစ်မျိုး ကြောက်တာကတစ်ဖုံနှင့် ဇော်ချွေးပျံနေသည်။

ရေအိမ်ထဲရောက်၍ တစ်ဆို့နေတာတွေ ထွက်သင့်သလောက် ထွက်သွားမှ စိတ်အိုက်သက်သာသွား၏။ ကိစ္စတစ်ခုငြိမ်းတော့ ကြောက်စိတ်က ခေါင်းထောင်လာပြန်သည်။ ကိစ္စမြန်မြန်ပြီးအောင် အတွင်းအား သုံးလိုက်စဉ် ထွက်လာသည်က ဘုံဘိုင်ခေါင်းထဲမှ ရေများ ဖြစ်နေ၏။ သူလည်းမဖွင့်ဘဲနှင့် ရေတွေထွက်လာသည်ဆိုတော့. . .

"ရန်နောင်ထွဋ်. . ရန်နောင်ထွဋ်၊ မင်း. . မင်းရောက်နေတာလား. . မနောက်. . မနောက်နဲ့လေကွာ"

ရေဘုံဘိုင်ခေါင်း ပြန်ပိတ်သွားပြီး အိမ်သာထဲက မီးလုံးက ဖွင့်လိုက်ပိတ်လိုက် ဖြစ်လာပြန်၏။ မဟာဗန္ဓုလနှင့် ဘယ်လိုမှ အမျိုးမတော်သော ချစ်ဆွေ တုန်တက်အောင် ထိတ်လန့်သွားပြီး ကိစ္စမပြီးတပြီးမှာပင် ဆေးကြောသုတ်သင်၏။ သန့်ရှင်းခြင်းရှိမရှိ ဂရုမပြုအားဘဲ ထိုင်ရာမှ ထလိုက်စဉ်မှာပင် အိမ်သာတစ်ခုလုံး မှောင်ကျသွားသည်။

"အား"





www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၁)

ဒီဂိုတက္ကသိုလ်ကြီးကတော့ ထူးထူးခြားခြား ဘာမှပြောင်းလဲမသွား၊ အရင်တုန်းကအတိုင်း ဥပက္ခာတရားများနှင့် အထီးကျန်နေဆဲဖြစ်သည်။ တက္ကသိုလ်ဝင်းထဲမှ လူအစည်ဆုံးနေရာတစ်ခုဖြစ်သည့် စားသောက်ဆိုင်တန်းများလည်း ရန်နောင်ထွင့် မလာနိုင်တော့၍ ပူဆွေးသောက ဖြစ်မနေကြ။ အမြဲလို ထိုင်နေကျ ဆိုင်တွင် ရန်နောင်ထွင့်မှလွဲ၍ အားလုံးစုံညီရောက်ရှိနေကြပြီ။ ညကအတွေ့အကြုံများကို အလုအယက် ဖေါက်သည်ချကြ၏။ အဖွဲ့ဝင်သစ် ဇော်လင်းခိုင်က မျက်မှန်ထူကြီးကို ချွတ်လိုက်ရင်း. . .

☺ ဘောကြမြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့အတွေ့အကြုံတွေကြားရတာ ကြောက်စရာကြီးကွာ ငါ့ဆီတော့ မလာဘူး၊ ဒါပေမဲ့ အိပ်မက်ပေးတယ်"

အားလုံး၏ အကြည့်က ဇော်လင်းခိုင်ထံ ရောက်သွားကြ၏။ ထိုအကြည့်များတွင် ထိတ်လန့်ကြောက်ရွံ့မှုများ စွန်းထင်းနေသည်။

"သူ့ မွေးနေ့ပွဲအတွက် အားလုံး ညအိပ်လာခဲ့ကြရမယ်လို့ ပြောသွားတယ်"

တစ်ဖွဲ့လုံး ခေါင်းတယမ်းယမ်းဖြစ်သွား၏။ တွယ်တာက သူ့ဆုံးဖြတ်ချက်ကို ပွင့်ပွင့်လင်းလင်းပြော၏။ ညက အိပ်မက်လိုလို တကယ်လိုလိုနှင့် ခြောက်လှန့်ခံရပုံကို ပြန်ပြောပြရင်း. . .

"ငါတော့ ညအိပ်ဖို့ မပြောနဲ့ ရက်လည်နေ့တောင် မသွားတော့ဘူး"

"ဟာ တွယ်တာကလည်း မဟုတ်တာ၊ ဒါ လူမှုရေးလေ သာရေးထက် နာရေးကို ပိုပြီးဂရုစိုက်ရမှာ"

"ဒါပေမဲ့ သူက တခြားလူ မဟုတ်ဘူး၊ ရန်နောင်ထွဋ်လေ ဝိညာဉ်ဘဝရောက်တာတောင် နောက်နေတုန်း မဟုတ်လား"

တွယ်တာ အရမ်းကြောက်နေပြီဆိုတာ အားလုံးသိသွား၏။ ကောင်းမြတ်က. . .

"ရက်လည်က သန်ဘက်ခါ ဒီညတစ်ညလုံး ငါတို့ကို ဘယ်လို သတိပေးဦးမလဲ မသိဘူး၊ အားလုံးဆီ သူရောက်လာတယ်ဆိုတာလည်း အတိအကျပဲ မဟုတ်လား၊ ပြီးတော့ သူကနင့်ကို သံယောဇဉ်အရှိဆုံး နင်မလာရင် သူစိတ်ဆိုးလိမ့်မယ်"

"ကောင်းမြတ် ပြောတာ မှန်တယ် တွယ်တာ၊ အခုဆို့လုပ်ရမှာ



www.burmeseclassic.com

www.burmeseclassic.com



က သူ့အတွက် မွေးနေ့လက်ဆောင် ဝယ်ဖို့နဲ့ မနက်ဖြန် အလုပ်အကိုင်မှာ ကူလုပ်ပေးရင်း ညအိပ်ဖို့ပဲ၊ အဲ့ဒီလိုမှ သတ္တိမမွေးရင် ဘာတွေဖြစ်မလဲဆိုတာ မပြောနိုင်ဘူးနော်"

"ဟုတ်တယ်တွယ်တာ တို့လည်းကြောက်တာပဲ ဒါပေမဲ့ ရင်ဆိုင်လိုက်တာအကောင်းဆုံးဖြစ်မယ်"

"ကဲ. . ဒါဆို၊ မနက်ဖြန်ညနေ လေးနာရီအရောက် ရန်နောင်ထွင့်အိမ်ကို မွေးနေ့လက်ဆောင်နဲ့တကွ ကြွကြပါဗျို့၊ ဒါပဲပေါ့ ဟုတ်တယ်မို့လား"

"အေး. . . ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



**ရန်**နောင်ထွဋ်တို့ တိုက်ကြီးရှေ့တွင် ရယ်ဒီမိတ်ခေါက်သိမ်းလို့ရသည့်ရွက်ဖျင်တဲ သုံးလုံးရှိနေ၏။ အဒေါ်ကြီးလေးယောက် ကြက်သွန်တွေ ခွါနေကြသည်။ တွယ်တာတို့သူငယ်ချင်းတစ်စု အထုပ်အပိုး ကိုယ်စီနှင့် ဝင်လာကြ၏။ ရန်နောင်ထွဋ်အမေက နွမ်းနွမ်းလျလျနှင့် ဆီးကြိုသည်။

"သားတို့သမီးတို့ ရောက်လာကြပြီပေါ့။ လာ. . လာ. . အိမ်ထဲဝင်ကြအုံး"

"ဟုတ်ကဲ့"

ညှိခန်းထဲအရောက် ရန်နောင်ထွဋ်ဓါတ်ပုံရှေ့တွင် သူတို့ယူလာကြသည့် မွေးနေ့လက်ဆောင်များကို တစ်ယောက်ချင်းသွားထားလိုက်ကြသည်။ ကောင်းမြတ်က. . .

"သူငယ်ချင်း တို့အားလုံး မင်းရဲ့မွေးနေ့ကို လာတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



အန်တီကြီး မျက်ရည်မဆည်နိုင်အောင် ဖြစ်ရပြန်၏။ အန်ကယ်က အန်တီကိုဖေးမ၍ ဆိုဖာတွင်ထိုင်စေပြီး နှစ်သိမ့်ပေးနေသည်။ ခဏနေမှ. . .

"အင်း. . မိဘထက်စောပြီး တမလွန်ခရီးထွက်တယ်ဆိုတာ ရှိတော့ရှိပြီး ရှားပါးတဲ့အဖြစ်ပါ"

"ဟုတ်ပါတယ် အန်ကယ်"

"သားတို့သမီးတို့ကို မွေးနေ့ဆိုပြီး ဖိတ်ထားတာ ရက်လည်ဖြစ်သွားလိမ့်မယ်လို့ ဘယ်သူကထင်မှာလဲ"

"မှန်ပါတယ် ခင်ဗျာ"

"အင်း. . သားသူငယ်ချင်းတွေကတော့ မွေးနေ့လက်ဆောင်တိုယ်စီပေးလို့ တာဝန်ကျေခဲ့ကြပြီ၊ မင်းတို့အတွက် သားစီစဉ်ခဲ့တဲ့လက်ဆောင်တွေ ပြန်ပေးဖို့ပဲလိုတော့တယ်"

"ဟုတ်ကဲ့. . ရှင်ခုန်စရာပျော်စရာအကောင်းဆုံး အစီအစဉ်လို့. . သူ ပြောခဲ့ပါတယ်အန်ကယ်"

"ဟုတ်တယ်. . . သူဆယ်ရက်လောက် ကြိုစီစဉ်ခဲ့တာလေ"

အန်ကယ်ကြီးက အိမ်အကူအမျိုးသမီးကို ရန်နောင်ထွန်း၏ အခန်းထဲမှ လက်ဆောင်ထုပ်များ ယူခိုင်းသည်။ အိမ်အကူက ပျာပျာသလဲငြင်း၏။

"အစ်ကိုလေး အခန်းထဲတော့ မသွားပါရစေနဲ့ ဆရာရယ်"

"ဟာ မအေးမိ၊ ခင်ဗျား ဘာစကားတွေ ပြောနေတာလဲ. . . ခင်ဗျားယောက်ျား ကိုမြင့်ကို အဖော်ခေါ်ပြီး အခုသွားယူလာခဲ့"

"ဟုတ်. . ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖော်က အထိတ်တလန့်မျက်နှာနှင့် အပြေးအလွှား ပြန်ထွက်သွား၏။ ကောင်းမြတ်တို့အုပ်စု အချင်းချင်းကြည့်ပြီး မျက်ဝန်းစကားပြောမိ ကြသည်။ အိမ်ဖော်၏ အမူအရာအရ ဒီအိမ်မှာလည်း ရန်နောင်ထွင်၏ လှုပ်ရှားမှုများ ရှိနေသည်ဟု မပြောရုံတစ်မည်သာ ဖြစ်သည်လေ။

ငါးမိနစ်ခန့်အကြာတွင် အိမ်ဖော်စုံတွဲ အထုပ်များနှင့် ပြန်ရောက်လာကြ၏။ ဧည့်ခန်းမှ စားပွဲပေါ် တင်ပေးပြီး ပြန်ထွက်သွားသည်။ အန်ကယ်က ပက်ကင်ထုပ်တစ်ထုပ်ကို ရွေးချယ်ကောက်ယူလိုက်ရင်း. . .

"သမီးတို့ထဲက တွယ်တာဆိုတာ ဘယ်သူလဲ"

အန်ကယ်အမေးကြောင့် တွယ်တာ ဆတ်ခနဲတုန်သွား၏။ သူငယ်ချင်းများကို အကူအညီတောင်းသလို ကြည့်သော်လည်း ဘယ်သူကမှ အဖြေမပေးကြသဖြင့်. . .

"တွယ်. . တွယ်တာဆိုတာ. . သ. . သမီးပါ အန်ကယ်"

"ဟုတ်လား ဒါဆို ဒီပက်ကင်ထုပ်က သမီးအတွက် နာမည်ရေးပြီး သီးသန့်ထားထားတာ. . . ရော့ သမီး"

တွယ်တာ အူကြောင်ကြောင်နှင့် လှမ်းပေးလာသောပက်ကင်ထုပ်ကိုယူထားလိုက်၏။

အန်တီက. . .

"သမီးအတွက် ရည်ရွယ်ပြီး ဘာတွေပေးခဲ့သလဲဆိုတာ ဖွင့်ကြည့်ပါဦးကွယ်"

အန်တီကတောင်းဆိုသလို အန်ကယ်နှင့်သူငယ်ချင်းများက



www.burmeseclassic.com

www.burmeseclassic.com



လည်း ဝိုင်းဝန်းခေါင်းညိတ်ပြကြ၍ တွယ်တာပက်ကင်ထုပ်ကို ဖြည်လိုက်သည်။ အားလုံးက စိတ်ဝင်တစား ဝိုင်းကြည့်နေကြ၏။ ဘူးကိုဖွင့်လိုက်သည့်အခါ စာအိတ်လှလှနှင့်ထည့်ထားသော စာတစ်စောင်အပြင် ဇယ်လင်တိုင်း အမှတ်တရ စာတန်းပါသော အနမ်းပေးနေသည့်ဗာလေးစုံတွဲ ကြွေသားရုပ်တုတစ်ခုကို တွေ့ရသည်။ တွယ်တာ့ ရင်ထဲလှိုက်ဖိုတုန်ရင်သွား၏။ စာအိတ်ကို ကိုင်ကြည့်လိုက်စဉ် အန်ကယ်တ. . .

"စာကိုဖတ်ကြည့်လိုက်ပါဦးတွယ်တာ သူ့ဆန္ဒဒါမှမဟုတ် သူ့အတွက် လုပ်ပေးစရာတစ်ခုခု ရှိမလားလို့ သိချင်တာပါ"

မတုတ်သာတော့သလို စာကိုဖေါက်ဖတ်လိုက်ရ၏။ ပထမတစ်ကြောင်းနှစ်ကြောင်း ဖတ်မိသည်နှင့် တွယ်တာ့မျက်နှာတစ်ခုလုံးရဲတက်လာသည်။ စာကို ပြီးအောင်ဖတ်၍ ပြန်သိမ်းထားလိုက်၏။ သူ့ကိုအားလုံး ဝိုင်းကြည့်နေကြမှန်း တွယ်တာသိ၍ မျက်နှာမဖေါ်ရဲတော့. . .

"ဘာများလဲသမီး ကိုယ်ရေးကိုယ်တာကိစ္စပဲလား၊ ဒါမှမဟုတ်တစ်ခုခုမှာခဲ့တာလား"

"ဟို. . ဟို. . ကိုယ်ရေးကိုယ်တာကိစ္စပါအန်ကယ် ဘာမှမမှာခဲ့ပါဘူး"

"ဪ. . ဟုတ်လား ဒါဆိုရင်တော့ ကျန်တာဆက်လုပ်လိုက်ကြတာပေါ့၊ မောင်ကောင်းမြတ် စက္ကူဘူးခွံ အလွတ်တစ်ခုထဲမှာမဲလိပ်တွေရှိတယ် အဲဒါကို ကျန်တဲ့လူတွေ တစ်ယောက်တစ်ခု နှိုက်ဆိုက်ကြပါ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမြတ်က ဘူးလွတ်ကိုရှာ၍ တစ်ယောက်စီမဲနှိုက်ခိုင်း၏။ ထိုင်နေသည့်အစီအစဉ်အတိုင်း ဖော်လင်းခိုင်မဲလိပ်ကိုဖြည်တော့ နံပါတ်လေးဂဏန်းဖြစ်နေ၍ လေးဂဏန်းကပ်ထားသော ပက်ကင်ထုပ်ကို ရွေးယူလိုက်၏။ တစ်ယောက်တစ်ခုစီ ရသွားပြီမို့ ကျန်သည့်အထုပ်ကို ကောင်းမြတ်က ကောက်ယူ၍ ပြန်ထိုင်လိုက်သည်။

အန်ကယ်က. . .

"ဒါ သားက ငါ့တူတို့ကိုပေးခဲ့တာ၊ ဆန္ဒရှိသလိုလုပ်ကြ ဒီမှာပဲဖေါက်ဖေါက် အိမ်ကိုပဲယူယူ ကြိုက်သလိုသာဆုံးဖြတ်ကြပါ"

ကောင်းမြတ်ဦးဆောင်၍ တိုင်ပင်ညှိနှိုင်းလိုက်ပြီး တစ်ခါတည်းဖေါက်ကြည့်ဖို့ ဆုံးဖြတ်လိုက်ကြသည်။ တစ်ဂဏန်းအထုပ်ပိုင်ရှင် စုစုစံအတွက်လက်ဆောင်က နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးရိတ်သည့် ဂျုတ်တစ်စုံနှင့် နက်(ခ်)တိုင်တစ်ခုဖြစ်နေ၏။ နာရေးကိစ္စဖြစ်နေသော်လည်း မအောင့်နိုင်ပဲ စုစုစံရယ်မိသည်။

နှစ်ဂဏန်း လက်ဆောင်ရသူ ချစ်ဆွေ ဘူးကိုဖွင့်လိုက်တော့ ယိုးဒယားဘာရာစီယာအိမ်ပျော့တစ်ထည်နှင့် အမျိုးသမီးဝတ် အတွင်းခံတစ်ထည် ထွက်လာ၏။ အသစ်များမို့သာ တော်တော့သည်။ ချစ်ဆွေကို ကြည့်ပြီး ခိုးခိုးခစ်ခစ်ရယ်မိကြ၏။

"သိပ်နောက်တဲ့ ရန်နောင်ထွင့်ပဲကွာ၊ ကဲ နံပါတ်သုံး မိုးမိုးဆွေ ဖွင့်ကြည့်လိုက်ဦး"

မိုးမိုးဆွေ အထုပ်ဖြည်တာကို အားလုံး ဝိုင်းကြည့်နေကြသည်။ ပက်ကင်ဖြည်ပြီး ဂျပ်ဘူး အဖုံးဖွင့်လိုက်သည်နှင့် မြွေဟောက်တစ်ကောင် ခေါင်းထောင်ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"အား. . . မြွေ. . မြွေ. . မြွေကြီး"

မိုးမိုးဆွေ အထိတ်တလန့် အော်၍ ဂျပ်ဘူးကြီးကို လွှင့်ပစ်လိုက်၏။ ဘူးနှင့်မြွေ တခြားစီလွင့်ထွက်သွားပြီး မြွေက အန်ကယ့်ရှေ့ သွားကျသည်။ အန်ကယ်လည်း အလန့်တကြား ခုန်ထကာ ဆိုဖာပေါ် တက် မတ်တတ်ရပ်ပြီး တရှူးရှူးအော်၍ မောင်းထုတ်နေရှာသည်။ မြွေကမလှုပ်သော်လည်း အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။ နောက်တော့မှ အရုပ်မှန်းသိပြီး စိတ်အေးလက် အေးဖြစ်ရသည်။ ဆိုဖာတွေအနား ပတ်ပြေးနေကြသည့် အန်တီနှင့် မိန်းကလေးများလည်း ပြန်ထိုင်ပြီး အမောဖြေကြ၏။ အန်တီက. . .

"သားလေးက တအားနောက်တာပဲကွယ် တောင်းပန်ပါတယ် နော်"

"ရပါတယ် အန်တီ၊ ဒါတွေကို ကျွန်တော်တို့ မျှော်လင့်ထားပြီး သားပါ၊ ပျော်ရမယ် ရင်ခုန်ရမယ်လို့ ပြောသွားတာပဲလေ ဒီလောက် တော့ ရှိမှာပေါ့"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ သား မပျော်ရတော့ဘူးလေ"

အန်တီက ငိုတော့မလိုဖြစ်နေပြီ၊ ကိစ္စမြန်မြန်ပြီးရန် ဇော်လင်း ခိုင် သူ့အထုပ်ကိုဖွင့်၏။ သူ ရသည့်ပက်ကင်ဘူးက အရှည်ဆုံး အကြီး ဆုံး၊ အထဲမှာ သူနှင့် တွယ်တာကို ဖူးစာရှင်ဖြစ်စေခဲ့သည့် ထီးစုတ်ကြီး နှင့် ရှင်မတောင်သနပ်ခါးတစ်တုံးကို တွေ့ရ၏။ ဇော်လင်းခိုင် တပြုံး ပြုံးဖြစ် သွားသည်။ နောက်ဆုံးကျန်တာက ကောင်းမြတ်၊ သူ၏ အသေး ဆုံး ပက်ကင်ထုပ်ထဲမှ တစ်ဒါဇင်ခန့်ရှိမည့် ကွန်ဒုံးအထုပ်တွေ တသီး ကြီး ထွက်လာ၍ ကမန်းကတန်း ပြန်ထည့်ထားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"တဲ သားလေးရဲ့ လက်ဆောင်တွေလည်း ရကြပြီဆိုတော့ မြန်ကြမလား ညအိပ်ဦးမှာလား"

အန်ကယ် အမေးကို ကောင်းမြတ်ကပင် ဖြေ၏။

"အန်ကယ့်သားက ဒီမှာ ညအိပ်ပြီး ကူလုပ်ရမယ်လို့ မှာသွားခဲ့တာပါ"

"ဪ. . ဒီလိုလား၊ အင်း သားက မှာခဲ့တယ်ဆိုပေမယ့် မင်းတို့ ဆန္ဒအတိုင်းပဲ လုပ်ကြပါ"

"ရပါတယ် အန်ကယ်၊ ကျွန်တော်တို့အားလုံး စုအိပ်ကြမှာပါ အိမ်ကိုလည်း ပြောပြီးခဲ့ကြပါပြီ"

"ဒါဆိုလည်း ပြီးရော၊ သက်သာသလိုသာ နေကြ"

အန်ကယ်ပြောပြီးတော့ အန်တီက စကားဆက်ပြန်သည်။

"ဒါနဲ့ သမီးလေးတွယ်တာ၊ မဟုတ်မှလွဲရော သားပေးခဲ့တဲ့စာက သမီးကို ချစ်ရေးဆိုတဲ့စာများလားဟင်"

"ရှင်. . ဟို. . ဟို"

"ဟာ. . မိန်းမကလည်း ဘာတွေလျှောက်မေးနေတာလဲ"

"ဒီလောက်ချော ဒီလောက်လှတဲ့ သမီးလေးနဲ့ လွဲသွားရတဲ့ သားအဖြစ်ကို ရင်နာလွန်းလို့ပါရှင်"

အန်ကယ်နှင့်အန်တီ အပြန်အလှန်ပြောရင်း ရှိုက်ငိုနေကြသဖြင့် တွယ်တာလည်း ဘာလုပ်ရမှန်းမသိ ဖြစ်သွား၏။ အတန်ကြာမှ စိတ်ထိန်းရင်း အန်တီက. . .

"သမီး. . အန်တီ ထင်တာ မှန်တယ် မဟုတ်လားဟင်"

"ဟုတ်. . ဟုတ်ပါတယ် အန်တီ၊ အန်တီထင်တဲ့အတိုင်းပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



အန်တီက တွယ်တာ့ခုံသို့ ပြောင်းရွှေ့ထိုင်လိုက်ရင်း တွယ်တာ့ကို ဖက်၍ ရှိုက်ကြီးတငင် ငိုတော့သည်။ အပေါင်းအသင်းတစ်စုလည်း စိတ်မထိန်းနိုင်တော့ဘဲ ကြိတ်၍ ငိုရှိုက်နေကြ၏။

"ကဲ. . ကဲ. . ကလေးတွေလည်း စိတ်ပင်ပန်းကုန်ပါပြီကွာ တော်ပါတော့"

အန်ကယ်တောင်းပန်တော့မှ အန်တီ သူ့စိတ်ကိုသူထိန်း၍ မျက်ရည်ကိုသိမ်းရှာသည်။ စိတ်ကျဉ်းကျပ်လွန်းသဖြင့် သူတို့အုပ်စု ခြံထဲ ပြန်ဆင်းလာခဲ့ကြ၏။ လုပ်စရာတွေ တစ်ပုံကြီးရှိနေတာ သူတို့တွေ့သည်။ ငှက်ပျောပင် နှစ်တုံး၊ ကြက်သွန်တစ်တောင်း၊ ကြက်သွန်ဖြူ အထုပ်နှစ်ထုပ်၊ ဘဲဥတစ်ဇလုံနှင့် ပြုတ်ထားသော ငါးခူးငါးကြင်းများနှင့် လူ့အင်အားက မမျှမတဖြစ်နေ၏။

သူတို့ မုန့်ဟင်းခါး မချက်တတ်သော်လည်း အောက်ခြေသိမ်းတော့ ရ၏။ ခဏအတွင်းမှာ ကြက်သွန်အခွံနွာသူ၊ ငှက်ပျောအူလှီးသူ၊ ဘဲဥအခွံနွာသူ စသည်ဖြင့် အလုပ်တာဝန်များကို ခွဲဝေလုပ်ကိုင်နေကြပြီ စုစုစံက ကြက်သွန်နွာရင်း မျက်ရည်သုတ်ကာ တရှုံ့ရှုံ့လုပ်၍. . .

"တွယ်တာ ရန်နောင်ထွဋ်ရဲ့ ပရိုပို့စ်လုပ်တဲ့စာက ဖတ်လို့ကောင်းလားဟင်"

"ဟယ်. . စုစုစံကလည်း ဘာတွေမေးနေမှန်း မသိဘူး"

"သိချင်လို့ပေါ့ဟဲ့ နင်ဟတ်ထိသွားတယ် မဟုတ်လား၊ စာလေး ခံရတယ်ဆိုပေမယ့် အဖြေတောင်းမယ့်လူက မရှိတော့ဘူးလေ၊ ဒါနဲ့ မိန်းကလေးတိုင်း ကြုံရမှာမှ မဟုတ်တာ"

"အဲ့ဒါတော့ ဟုတ်တယ်၊ နင် ဘယ်လိုခံစားနေရလဲ တွယ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ လျှို့ဝှက်ချက်လေ၊ နင်တို့ သိစရာမလိုဘူး"

စုစုစံနှင့်တွယ်တာတို့ စကားဝိုင်းသို့ ဇော်လင်းခိုင်ဝင်ရောက်ဆွေးနွေးလာသည်။

"ဟုတ်တယ် . . ဟုတ်ပါတယ်၊ ဒါပေမဲ့ သူက ရုန်းထွက်သွားပြီး နင့်ကို ဒဏ်ရာတွေ ပေးထားခဲ့တာလေ"

"တော်ပါတော့ ဇော်လင်းခိုင်ရယ်၊ ငါ့ကို စိတ်ပင်ပန်းအောင် မလုပ်ပါနဲ့ သူ့အကြောင်း လုံးဝမပြောပါနဲ့"

"မဟုတ်သေးပါဘူး"

"ဖြောင်း"

"အောင်မလေးဗျ"

ဖွတ်စကားဆက်နေသော ဇော်လင်းခိုင် နားရင်းအုပ်ခံရပြီး ဘဲဥ ဇလုံကြီးထဲ ခေါင်းငိုက်စိုက်ကျသွား၏။ အားလုံးလန့်သွားကြသည်။ ဇော်လင်းခိုင်ပြန်မော့လာတော့ ပါးစပ်ထဲမှာ ဘဲဥတစ်လုံး ကိုက်လျက်သား သူလည်း အလွန်ထိတ်လန့်နေ၏။ ချစ်ဆွေက. . .

"ဇော်လင်းခိုင် မင်း ဆင်ဆင်ခြင်ခြင်နေလိုက်တော့၊ တွယ်တာ့ကို စိတ်ညစ်အောင်မလုပ်နဲ့"

"အေး. . အေး. . အေးပါကွာ"

သူတို့အနီးအနားတွင် ရန်နောင်ထွဋ် ရှိနေမှန်း သိသွားကြသဖြင့် ကြောက်စိတ်နှင့် ဟိုကြည့် ဒီကြည့် ဖြစ်ကုန်ကြသည်။ အလုပ်လုပ်ရတာလည်း မတွင်တော့၊ ကိုယ့်နောက်တွင် သူရှိနေလိမ့် နိုးနိုးနှင့် မလုံမလဲ ဖြစ်နေကြ၏။ ကောင်းမြတ်က. . .

"ချစ်ဆွေ တစ်ခါတုန်းက သူတစ္ဆေသရဲတွေ မယုံဘူးလို့ပြောခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်နော်"

"အေးလေ တို့နှစ်ယောက်က ယုံတယ်၊ သူက မယုံဘူးတဲ့"

"အခု မယုံတဲ့သူက တစ္ဆေဖြစ်နေပြီ ထင်တယ်"

"ဟဲ့. . မပြောကြနဲ့လေ၊ တော်ကြာ အလုပ်ခံရဦးမယ်"

မိုးမိုးဆွေ ဝင်ဟန့်လိုက်မှ စကားသံတိတ်ပြီး အလုပ်ဆက်လုပ်ဖြစ်ကြ၏။ ထိုစကားကို ကြားသွားသူမှာတော့ ရန်နောင်ထွဋ် ကိုယ်တိုင်ပဲ ဖြစ်သည်။

"ကောင်းမြတ်. . မင်း ဘာစကားပြောတာလဲ၊ ငါက တစ္ဆေဖြစ်နေပြီ ဟုတ်လား၊ အဲ့ဒါ ဘာအဓိပ္ပါယ်လဲ"

ကျွန်တော် ဒေါနှင့်မောနှင့် ပြောတာတောင် ကောင်းမြတ်က မကြား၊ ကျွန်တော့ကို တစ္ဆေလို့ သူငယ်ချင်းတွေက ပြောနေကြသည်။ တစ္ဆေဆိုတာ သေပြီးမှ ဖြစ်နိုင်တဲ့ နာနာဘာဝပါ။ ဒါ. . ဒါဆို ကျွန်တော့်ကို သေပြီလို့ ပြောတာပေါ့၊ ဘာကိစ္စ ကျွန်တော်ကသေရမှာလဲ မဖြစ်နိုင်ဘူး. . မဟုတ်ဘူး ကျွန်တော်မသေသေးဘူး။ ကျွန်တော် တစ်ယောက်တည်း အော်ဟစ်ပေါက်ကွဲနေမိ၏။ ထိုသို့ဆူညံအော်ဟစ်နေကြတာကို တွယ်တာလည်းမကြား၊ သူငယ်ချင်းတွေလည်း မကြားကြသလို ကိုယ့်အလုပ်ကိုယ်လုပ်နေကြ၏။ သူတို့ ညလာအိပ်ပြီး မွေးနေ့မနက်မှာ ကျွေးမွေးဖို့ ကူညီရမည်ဟု ကျွန်တော်ကိုယ်တိုင် ခေါ်ထား၍ သူတို့လာနေကြခြင်းဖြစ်၏။ ကျွန်တော် စိတ်တိုတိုနှင့် သူတို့ကို ဘုရှီးရှီးပစ်လိုက်သည်။

ထိုအခါမှ ထူးခြားမှုတစ်ခုကို သတိပြုမိ၏။ တွယ်တာတို့ အလုပ်ရှုပ်နေပုံက မယောင်ရာဆီလူးသလို ဖြစ်နေသည်။ မွေးနေ့တွင်



www.burmeseclassic.com

www.burmeseclassic.com



တွေးမည့်တ ထောပတ်ထမင်း ကြက်သားဟင်းနှင့် ချဉ်ပေါင်သီးစုံ တင်းချို ဖြစ်သည်ဟု မေမေပြောခဲ့၏။ သူငယ်ချင်းတွေ လုပ်နေတာက တခြားစီ၊ ငါးအသားပြုတ် နွှာသူနွှာ၊ ငှက်ပျောအူ လှီးသူလှီး၊ ဘဲဥ အခွံခွာသူခွာ၊ ကြက်သွန်အခွံ ချွတ်သူချွတ်နှင့်မို့ ကျွန်တော် နားမ လည်နိုင်တော့. . .။

"ငှက်ပျောအူ၊ ဘဲဥ၊ ငါးပြုတ်၊ ဟာ. . ဒါဒါ မုန့်ဟင်းခါးချက်မှ လုပ်ရတာတွေ မဟုတ်လား၊ မွေးနေ့မှာ မုန့်ဟင်းခါး ချက်ရတယ်လို့ မေမေ ဘယ်လိုလုပ်လိုက်တာလဲ၊ ဘာကိစ္စ မုန့်ဟင်းခါး ပြောင်းချက်ရ တာလဲ မွေးနေ့နဲ့ မအပ်စပ်လိုက်တာ"

ကျွန်တော် စိတ်တိုသွားသည်။ တိုက်ဘေးဘက်မှာလည်း မေမေ့မိတ်ဆွေ အဒေါ်ကြီးတစ်စုက မိုးဖြဲဒယ်ကို မီးဖိုပေါ်တင်ပြီး ကြက် သွန် ဆီသတ်ရန် ပြင်ဆင်နေသည်။ သေချာပါပြီ ဒါမုန့်ဟင်းခါး ချက်ဖို့က လွဲပြီး ဘာမှမဖြစ်နိုင်ဘူး။

"ဟာ. . မုန့်ဟင်းခါးဆိုတာ ရက်လည်မှ ကျွေးတာပဲ၊ အိမ်မှာ နာရေးဖြစ်လို့လား ဘယ်သူ့ရက်လည်လဲ၊ ဟင်. . ဒါ. . ဒါဆို ကောင်း မြတ်ပြောသလို ငါသေပြီဆိုတာ တကယ်ပဲလား၊ ဟား. . မဟုတ်ဘူး. မဟုတ်ဘူး ငါမသေဘူး. . ငါမသေသေးဘူး. . ငါသေတယ်ဆိုတာ မဖြစ်နိုင်ဘူး လုပ်ကြပါဦးဗျာ၊ ခုချိန်မှာ မသေပါရစေနဲ့ ကျွန်တော် သေလို့ မဖြစ်သေးဘူးလေ တွယ်တာ့ဆိက အဖြေတောင်းရဦးမှာ"

ကျွန်တော့် အတွေးတွေ ပရမ်းပတာဖြစ်ပြီး ဆောက်တည်ရာမဲ့ သွား၏။ ဘယ်သူကို အကူအညီတောင်းရင် ကောင်းမလဲတွေးတော့ အဖေနှင့်အမေကို သတိရသည်။ သို့နှင့် အိမ်ထဲသို့ ဝင်ပြေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ဘုရားစင်ရှေ့တွင် ဒူတုပ်တုတ်ထိုင်ပြီး ငိုင်တွေနေ၏။ မေမေက ကျွန်တော့် ခေါင်းပုံရှေ့မှာ ယောဂီပဝါနှင့် မျက်ရည်သုတ်ရင်း တသိမ့်သိမ့် ရှိုက်နေရှာသည်။

"ဟာ. . ပိုပြီးသေချာသွားပြီပေါ့၊ ငါ့ ခေါင်းပုံကိုကြည့်ပြီး အမေငိုနေမှတော့ ငါသေသွားလို့ပဲပေါ့၊ ဒုက္ခပါပဲ ငါမသေချင်သေးဘူး မသေချင်ဘူး. . ဟီး. . ဟီး"

ထိုစဉ်မှာပင် အိမ်အကူအဒေါ်ကြီးက ကျွန်တော် သိပ်ကြိုက်သည့် ကော်ဖီနှင့် ပေါင်မုန့်ထောပတ်သုတ် ပန်းကန်ကို ကျွန်တော့် ခေါင်းပုံရှေ့ လာချပေးသည်။ အမေက. . .

"သား. . သားလေး အဆာပြေ စားလိုက်ဦးနော်၊ အဟင့်ဟင့် သားကြိုက်တဲ့ ကော်ဖီနဲ့ပေါင်မုန့်လေ. . . အဟင့်. . ဟင့်. . ဟီး"

တရှုံ့ရှုံ့ငိုရင်း အမေက ကျွန်တော်ကို ကော်ဖီတိုက်နေ၏။ ခေါင်းပုံထဲက ကျွန်တော်ထွက်မသောက်နိုင်တော့ပါ။

"အမေ. . အမေ သားက ဒီမှာလေ အမေရဲ့"

ကျွန်တော် အမေ့ပခုံးကို လှုပ်ယမ်း၍ ပြောလိုက်၏။ အမေက ကျွန်တော့်အထိအတွေ့ကို မသိသလို. . ပြောတာကိုလည်း မကြား။

"အမေ သားပြောတာ မကြားဘူးလား၊ သားက ဒီမှာပါဆို"

ဘယ်လိုမှ ခေါ်ပြောဆက်သွယ်၍ မရသည့်အတွက် အဖေ့ကို အကူအညီတောင်းဖို့ လှည့်ကြည့်သည်။ အဖေလည်း လှမ်းကြည့်နေသည်။ ကျွန်တော့်ကိုကြည့်တာလား ကျွန်တော့်ခေါင်းပုံကိုကြည့်တာလားတော့ မသိ။ ကျွန်တော် အဖေ့ရှေ့ ဒူးထောက်ထိုင်လိုက်သည်။ အဖေက အနီးဆုံးမှ ကျွန်တော်ကို မမြင်သလို ကျွန်တော့်ကိုကျော်၍



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေ၏။

"အဖေ. . အဖေ"

ကျွန်တော် အဖေ့ကို ကိုင်လှုပ်၍ခေါ်သည်။ မတုန်မလှုပ်နှင့် လုံးဝ သိဟန်မတူ။

"အဖေ. . အဖေ သားကို မတွေ့ဘူးလား၊ သား ဒီမှာလေ သားကို ကြည့်ပါဦး အဖေရဲ့၊ သား အသက်ငယ်ငယ်လေးပဲရှိသေးတယ် သား မသေချင်သေးဘူးအဖေ၊ ကယ်ပါဦးအဖေရယ် တစ်ခုခုလုပ်ပြီး သားကို ကယ်ပါဦး"

အရေးမစိုက်တာလား၊ မသိတာလား မပြောတတ်။ အဖေ့ထံမှ မည်သည့် တုံ့ပြန်မှုကိုမှမရ။

"အဖေရယ်. . အဖေ ဘီယာဆိုင်သွားတာ၊ အဆိုတော်မလေး တွေ ပန်းကုံးစွပ်တာကို အကြောင်းပြုပြီး သားအကျပ်မကိုင်တော့ပါဘူး၊ မေမေ့ကိုလည်း ပြောမပြပါဘူး၊ သားကို ကယ်ပါဦးဖေဖေ"

ဖေဖေ ရုတ်တရက် ထရပ်လိုက်သဖြင့် ကျွန်တော် အားတက် သွား၏။ ကျွန်တော့်ကို အကူအညီပေးတော့မည်ပေါ့။ ကျွန်တော် ထင် တာမှားသွားမှန်း အဖေကျွန်တော့်ကို ဖေါက်ထွက်ပြီး ဖြတ်လျှောက် သွားမှ သိရ၏။ တိုက်မိမည်စိုး၍ အဖေ့ရင်ဘတ်ကို ဆီးကာတွန်း လိုက်သည့် ကျွန်တော့်လက်များ အဖေ့ရင်ဘတ်ထဲ နစ်ဝင်ပြီး တစ် ဖက်သို့ ကျွံထွက်သွား၏။

"ဟာ. . အဖေ အဖေ"

အဖေက ကျွန်တော့်ကို ဖြတ်ကျော်ပြီး ဖေါက်ထွက်၍ အမေ့ ထံ လျှောက်သွား၏။ အဖေဘာမှ မဖြစ်သလို ကျွန်တော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဖြစ်၊ ဒါကိုသိတော့ ကျွန်တော် ပိုပြီးထိတ်လန့်မိသည်။ ကျွန်တော့် ရုပ်က တကယ်မဟုတ်၊ ကျွန်တော့်မှာ ခန္ဓာမရှိတော့. . .။

"ဘုရား. . ဘုရား၊ ငါဘယ်လိုဖြစ်သွားပါလိမ့်"

မယုံနိုင်အောင် ထိတ်လန့်ပြီး ကျွန်တော် အိမ်ထဲမှ ဒရောသော ပါး ပြေးထွက်လာခဲ့သည်။ ကျွန်တော့်အဖြစ်ကို အဖေနှင့်အမေတောင် မကယ်နိုင်မှတော့ သူငယ်ချင်းများလည်း ကယ်နိုင်မည်မဟုတ်တော့။

"ငါ သေပြီဆိုတာ မဖြစ်နိုင်ဘူး၊ မျောနေတာပဲဖြစ်မှာ၊ ဒါဆို ခန္ဓာကိုယ်ကြီးက ဘယ်မှာလဲ၊ တွေ့အောင်ရှာပြီး ရအောင်ပြန်ဝင်မယ်"

တစ်ကိုယ်တည်း အရူးလိုပြောရင်း ခြံဦးတည့်ရာသို့ ပြေးထွက် လာခဲ့သည်။ ကျွန်တော့်ရှေ့တွင် ပိတ်ထားသည့် သံတံခါးကြီး၊ အချိန်မီ ကိုယ်ရှိန်သတ်လိုက်သော်လည်း မမီတော့၊ ကျွန်တော့် ကိုယ်ခန္ဓာက သံတံခါးကိုဖြတ်ထွက်၍ အပြင်ဘက်လမ်းပေါ် ရောက်သွား၏။

ကျွန်တော်အကြီးအကျယ် တုန်လှုပ်သွားရပြီး ခန္ဓာကိုယ်ကို ပြန်စစ်ဆေးကြည့်တော့လည်း ဘာဒဏ်ရာမှမရှိ။ အံ့ဩလွန်း၍ သံတံခါးကို လက်နှင့် တို့ထိကြည့်လိုက်သည်။ ကျွန်တော့်လက်က သံတိုင်များကို ဖြတ်သန်းသွားသည့်တိုင် ဘယ်လို အထိအတွေ့ကိုမှ မခံစားရ။

"သွားပြီ. . သွားပြီ၊ ဒါဆို ငါဟာ ဝိညာဉ်တစ်ခုဖြစ်သွားပြီပေါ့၊ ငါသေပြီဆိုတာ အမှန်ပဲပေါ့၊ တွယ်တာတဲ့ ချက်နေတဲ့ ရက်လည် မုန့် ဟင်းခါးက ငါ့အတွက်ပေါ့"

ကျွန်တော့် အဖြစ်ကို ကျွန်တော် မယုံကြည်နိုင်သလို ခံစားနိုင် စွမ်းလည်း မရှိတော့သဖြင့် ဆက်လက်ပြေးထွက်လာခဲ့၏။ ထိုအခါမှ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ခြေထောက်များ မြေကြီးနှင့် မထိတာကို တအံ့တဩ သိလိုက်ရပြန်သည်။

"ဘုရား . . ဘုရား၊ ငါလေထဲမှာ အရှိန်နဲ့ မျောလွင့်နေတာပါလား"

အံ့ဩစိတ်များနှင့် ငုံ့ကြည့်နေမိစဉ်မှာပင် ကျွန်တော့်ကို ကားတစ်စီးဝင်တိုက်သွား၏။ ထိခိုက်ဒဏ်ရာရဖို့နေနေသာသာ ဝင်တိုက်သွားတာကို ပင်မသိလိုက်. . .

"ဟား. . ဟား. . ငါ. . ငါ ဘာမှမဖြစ်ဘူး"

ကျွန်တော် လေထဲ ဆက်လက် ရွက်လွင့်နေလိုက်သည်။

"လေထဲမှာကော ပျံလို့ရမလား မသိဘူး"

ထိုသို့တွေးမိသည်နှင့် ကျွန်တော်စူပါမင်းကဲ့သို့ လေထဲမှာပျံသန်းနေပြီးသားဖြစ်သွားသည်။ ,အထာမနပ်သေးသဖြင့် လေထဲမှာ အရှိန်နှင့်သွားရင်း လူးလိမ့်နေသည်။ သစ်ပင်တွေဓါတ်ကြိုးတွေနှင့် တိုက်မိသော်လည်း ဘာမှမဖြစ်၊ ကျွန်တော်ပျံသန်းနေသည့် လမ်းတစ်လျှောက်ရှိ အရာဝတ္ထုမှန်သမျှလည်း ကျွန်တော့်ကိုတားဆီး နိုင်စွမ်းမရှိကြ။ ထိုသို့ပျံသန်းနိုင်သည်ကို ကျွန်တော်သဘောကျသလို ဖြစ်သွားသော်လည်း ခဏသာဖြစ်၏။

"အင်း. . ဒါ ဂုဏ်ယူစရာမှ မဟုတ်တာ တွယ်ရာမဲ့ ဝိညာဉ်တစ်ကောင်ဖြစ်နေတာပဲလေ၊ ငါ အခုလုပ်ရမှာက ငါ့ကိုယ်ငါ ပြန်ရှာတွေ့ဖို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



**အ**ဆိုးထဲက အကောင်းဟုပြောရမည့် ပျံသန်းနိုင်သည့်စွမ်းအားများကို အသုံးပြုရင်း ခန္ဓာပျောက် ရှာပုံတော်ဖွင့်မိသည်။ ဆေးရုံဆေးခန်းမှန်သမျှ ကျွန်တော်ရောက်သွားသည်။ ကျွန်တော့်ကိုယ် ကျွန်တော်ရှာသည်။ သေကောင်ပေါင်းလဲ မျောနေသူများထဲတွင် ကျွန်တော့်ကိုမတွေ့သလို ရေခဲတိုက်များတွင်လည်းမတွေ့. . . ။

"ငါ ဘယ်ရောက်နေပါလိမ့်"

ကိုယ့်ကိုယ်ကိုယ် ရှာမတွေ့သဖြင့် တဖြည်းဖြည်း ကျွန်တော်အားငယ်လာသည်။

"ငါ့ဘော်ဒီကို ရှာတွေ့မှဖြစ်မယ် ရအောင်ပြန်ဝင်မယ်၊ ငါမသေသေးဘူးဆိုတာ အားလုံးသိအောင် သက်သေပြမယ်"

မသေချင်သည့်စိတ် ပြင်းပြစွာနှင့် ဆေးခန်းအသေးလေးများအပြင် အချုပ်ခန်းများထဲအထိပါ ဝင်ကြည့်သည်။ ကျွန်တော့်ခန္ဓာကို



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ မှောင်ရီပျိုးချိန်လောက်တွင် စိတ်ဓာတ်လည်းကျ အားပြတ်သလို လည်း နွမ်းနယ်လာသဖြင့် ခဏတစ်ဖြုတ်နားဖို့ ဆုံးဖြတ်လိုက်သည်။

အဆင်ပြေမည့်နေရာ ကြည့်လိုက်တော့ ဘုန်းကြီးကျောင်း အိုတစ်ဆောင်ကို တွေ့၏။ ဖြည်းညင်းစွာရှပ်တိုက်၍ ကျောင်းထဲသို့ ကျွန်တော်ဝင်ခဲ့သည်။ အိုမင်းယိုင်နဲ့နေသော ကျောင်းကြီးက ချောက် ချားစရာ၊ ကျွန်တော်ကျောင်းထဲ တရွေ့ရွေ့တိုးဝင်လာရင်း ညောင်မုတ် ဆိတ်ပင်ကြီးအောက်အရောက်တွင် ပြင်းထန်အားကောင်းလှသည့် စွမ်းအားတစ်ခုနှင့် ရင်ဆိုင်တွေ့ပြီး ကျောင်းပြင်သို့ ကျွန်တော်လွင့်ထွက် သွားသည်။

လေထဲမှာပင် ကျွမ်းပစ်၍ ပြန်ခုန်ထပြီး စူးစမ်းလိုက်တော့ ရုက္ခစိုးက ကျွန်တော်နား တရွေ့ရွေ့တိုးကပ်လာပြီး. . .

"အညတရ ဝိဇ္ဇာဥ်၊ သင် ကျောင်းထဲကိုဝင်လို့မရဘူး သင်ဟာ လားရာအနာဂတ် မရှိသေးတဲ့ သာမည ဝိဇ္ဇာဥ်အဆင့်ပဲ"

"ခင်ဗျာ. . ဒါ. . ဒါဆို ရုက္ခစိုးမင်းကပါ ကျွန်တော်သေပြီလို့ ပြောချင်တာလား"

"မှန်ပေတယ် သင်ကွယ်လွန်သွားတာ မနက်ဖြန်ဆို ခုနစ်ရက် တင်းတင်း ပြည့်ချေပြီ"

"ဗျာ. . ဒါ ဒါဆို ကျွန်တော်ဘာလို့ သတိမပြုခဲ့မိတာလဲ၊ ဘာကြောင့် ရှင်းရှင်းလင်းလင်း မသိရတာလဲ"

"သင်က ခန္ဓာအဟောင်းကို အစွဲအလမ်းကြီးနေခဲ့တာကိုး"

"ဒါ. . ဒါဆို. . ကျွန်တော် ဘယ်လိုဖြစ်ပြီး သေခဲ့ရတာလဲ ကျွန်တော့် ခန္ဓာကြီး ဘယ်ရောက်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ခာတ်လိုက်ခံရသလိုဖြစ်ပြီး လွန်ခဲ့သော ခြောက်ရက်မှ အဖြစ်အပျက်များကို ရုပ်ရှင်ကြည့်ရသလို ပြန်မြင်ခွင့်ရခဲ့သည်။ ခြောက်ရက်မှ အဖြစ်အပျက်များကို ရုပ်ရှင်ကြည့်နေရသလို ပြန်မြင်ခွင့်ရခဲ့သည်။

ကုန်ကားတစ်စီးနှင့် လမ်းပေါ်မှာ သွေးစွန်းနေသော ကျောပိုးအိတ်တစ်လုံး၊ ဆေးရုံမြင်ကွင်းနှင့် အဖေအမေတို့ပုံရိပ်၊ ကျွန်တော့်ခန္ဓာကိုယ်ထဲမှ တိုးထွက်လာသည့် ကျွန်တော် တစ်ယောက်၊ အခေါင်းထဲမှ ကျွန်တော်နှင့် မီးသင်္ဂြိုဟ် စက်ခေါင်းတိုင်မှ အခိုးအငွေ့များ၊ အားလုံးလိပ်ပတ်လည်သွားသောအခါ သေခြင်းတရားကို ကျွန်တော် အကြွင်းမဲ့ လက်ခံလိုက်သည်။ ရှာမတွေ့နိုင်သည့် ကျွန်တော်ခန္ဓာကိုယ် ဘယ်ရောက်သွားသလဲဆိုတာလည်း ရှင်းရှင်းလင်းလင်း သိလိုက်ရသည်။

ခန္ဓာမရှိတော့သည့် ဝိညာဉ်အနေနှင့် ဘဝတစ်ပါးသို့သာ ကူးရတော့မည်။ ဒီဘဝ ဒီခန္ဓာ ဒီရုပ်က ဂိမ်းအိုဗာ ဖြစ်သွားခဲ့ပြီ။ ယခုဘဝတွင် တော်စပ်ခဲ့ရသော အဖေအမေတို့နှင့်လည်း ခွဲခွာရတော့မည်။ ချစ်သော တွယ်တာနှင့် ပေါင်းဆုံခွင့်ရနိုင်တော့မည် မဟုတ်သလို သူငယ်ချင်းများကိုလည်း တွေ့ခွင့်ရတော့မည်မဟုတ်။

"ဒါ. . ဒါဆို ကျွန်တော် ဘာလုပ်ရမလဲ ရှက္ခစိုးမင်း"

"သင့်ဘဝတစ်လျှောက်လုံး သင်ပြုခဲ့တဲ့ ကုသိုလ်အမှုတွေကို မြန်စဉ်းစားပြီး အာရုံပြုနေပေါ့"

"အဲဒါပြီးရင်ကော"

"ကျန်ရစ်သူတွေက သင့်အတွက်ရည်စူးပြီး ဒါနကုသိုလ်ပြုကြ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်၊ အဲဒီတရားကို သင် ကောင်းစွာနာယူပြီ အမျှပေးဝေတဲ့အခါ လေးလေးနက်နက် သာဓုခေါ်ပါ"

"အဲဒီလို သာဓုခေါ်လိုက်ရင်"

"သင်လားရမယ့်ဂတိတစ်ခုကို ရပြီပေ့ါ"

ထို့နောက် ရက္ခစိုးနတ်မင်းက ကုသိုလ်ပြုသဖြင့် ကောင်းရာသုဂတိ လားရပုံ၊ အကုသိုလ်ကြောင့် ငရဲ တိရစ္ဆာန်ပြိတ္တာ အသူရကာယ် ဘုံသို့ ရောက်ရပုံများကို D.V.D တစ်ချပ်စာလောက် ကျွန်တော်ရှိုးလို့ရအောင် သူတန်ခိုးနှင့်ပြ၏။ ဒါတွေကြည့်ပြီး ကျွန်တော်ညစ်သွားသည်။ ကျွန်တော့် ဘဝမှာ ဘာကုသိုလ်တွေ လုပ်ခဲ့သလဲဆိုတာ အပြေးအလွှား စဉ်းစားမိ၏။ ထိုအချိန်မှာပင် ရက္ခစိုးကြီးမေးသည်။

"သင်ဘဝမှာ ဘာကုသိုလ်အမှုတွေရှိခဲ့လဲ"

"ခင်ဗျာ. . . အဲ. . ဟို. . ဟိုဒင်း"

ဂိမ်းအိုဗာဖြစ်သွားသည့်နေ့မှစ၍ နောက်ကြောင်းပြန်ပြီး ကုသိုလ်ရှိလိုရှိငြား ပိုက်စိပ်တိုက်ရှာမိ၏။ ကြီးကြီးမားမားမဟုတ်သော်လည်း နိစ္စဓူဝ ပြုဖူးသည့် ကုသိုလ်ဒါနတစ်ခုကို သတိရလိုက်သည်။ ဒါကလည်း မေမေခိုင်း၍ လုပ်ဖြစ်ခဲ့ခြင်းသာဖြစ်၏။

"သတိ. . သတိရပြီ ရက္ခစိုးနတ်မင်းကြီး၊ ကျွန်တော် စာကလေးတွေကို နေ့စဉ်အစာကျွေးခဲ့ပါတယ်၊ နှစ်နှစ် သုံးနှစ်နီးပါးပေါ့"

"အင်း. . အဲဒီလောက်ဆို အထောက်အကူဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ လူ့ဘဝနဲ့ အထက်ဘဝင်ရောက်ဖို့ဆိုရင်တော့ လိုသေးတယ် ထပ်စဉ်းစားဦး"

ဒီလောက်နှင့် လူပြန်မဖြစ်နိုင်သေးဟု ရက္ခစိုးကြီးသင်ပေးလာ



www.burmeseclassic.com

www.burmeseclassic.com



၍ အထိတ်တလန့်နှင့် ထပ်စဉ်းစားရသေးသည်။

"ဩော်. . ဟုတ်ပြီ၊ စာကလေးတွေကို ဆန်ပက်ပြီးကျွေးတော့ အဲဒီဆန်ကို စာကလေးတွေအပြင် ခိုတွေ ပုရွက်ဆိတ်တွေလည်း လာစားကြပါတယ် ရက္ခစိုးမင်း"

ရက္ခစိုးကြီးက ခေါင်းယမ်းရင်း. . .

"ဒါ စောစောက ကုသိုလ်အုပ်စုပဲ"

မျက်နှာမရသဖြင့် ကျွန်တော်ခေါင်းခြောက်သွား၏။ ကုသိုလ်ရှားပါးခဲ့သော ကိုယ့်ဘဝကို အားမလိုအားမရဖြစ်ရသည်။ ကျောင်းသွားတိုင်းကြုံရသော အဖြစ်ကို ရုတ်တရက်သတိရပြီး. . .

"အဟား နောက်ကုသိုလ်တစ်ခု သတိရပြီ ရက္ခစိုးကြီး"

"ပြောစမ်းပါဦး"

"ကျွန်တော် ကျောင်းသွားတိုင်းဆုံရတဲ့ မျက်မမြင် သူတောင်းစားကြီးကို နေ့တိုင်း ငွေနှစ်ရာ စွန့်ကျဲခဲ့ပါတယ်ခင်ဗျာ"

"အင်း. . သိပ်အားမကောင်းပေမယ့် ဒါလည်း ဒါနကုသိုလ်ထဲမှာ အကျုံးဝင်ပါတယ်၊ ဒါပေမယ့် ဒီလောက်နဲ့တော့ ကောင်းရာသုဂတိလားဖို့ မသေချာသေးဘူး"

ကျွန်တော့်စိတ်တွေ အကွပ်မဲ့ကြမ်းလို ပရမ်းပတာ ဖြစ်ရပြန်ပြီ၊ ရက္ခစိုးက သူ့တန်းခိုးဏ္ဍိပါဒ်နှင့် ရုတ်တရက်ပျံတက်၍ သစ်ကိုင်းပေါ်တွင် ထိုင်လိုက်သည်။ ကျွန်တော်လေထဲ ချာလပတ်ယမ်းရင်း ခေါင်းခြောက်မတတ် စဉ်းစားနေမိ၏။ ထိုအခိုက် ဘုန်းကြီးကျောင်းထဲမှ ဘုရားရှိခိုးဝတ်ပြုသံကို ကြားလိုက်ရသည်။ ကျွန်တော်ခေါင်းထဲ အကြွေးတစ်ခု လင်းလက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ရက္ခစိုးကြီး ကျွန်တော် ကိုရင်ဝတ်ဖူးတယ် ရဟန်းခံဖူးတယ်"

"အေး. . ပြောစမ်း၊ အဲ့ဒါမှ အားကောင်းတာ သင် ရဟန်းဘဝ မှာကော အချိန်ကို အကျိုးရှိရှိ သုံးခဲ့ရဲ့လား၊ ဝိနည်းနဲ့အညီကော နေထိုင် ကျင့်ကြံခဲ့ရဲ့လား"

"ကျင့်ကြံနေထိုင်ခဲ့ပါတယ် ရက္ခစိုးကြီး၊ သက်န်းရုံပြီး ဘုရားသား တော်ဖြစ်သွားတာနဲ့ ကျေးဇူးရှင်မိဘနှစ်ပါးတောင် ကျွန်တော့်ကို ရှိခိုး ကြပါတယ်"

"အိမ်း. . . ဒါဟာ မြင့်မြတ်တဲ့ ရဟန်းဘဝနဲ့ သီလသမာဓိ ဝိနည်းသိက္ခာတွေကို ကန်တော့တာပဲဆိုတာ. . ကျွန်တော် သဘော ပေါက်ခဲ့ပါတယ်"

"မှန်ပေတယ် အသင်လူသား"

"ဒါကြောင့် မြင့်မြတ်တဲ့ဘဝကို ရတဲ့အခိုက်မှာ မိဘရဲ့ ကန် တော့ခြင်းနဲ့ထိုက်တန်အောင် ကျင့်ကြံမယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်"

"အိမ်း"

"ပိုကောင်းတာက သာသနာ့ရိပ်သာမှာ ရဟန်းဝတ်ခဲ့တာ ဆို တော့ ဝိနည်းသိက္ခာတွေအပြင် အာနာပါန အကျင့်မြတ်ကိုပါ အား ထုတ်ခွင့် ရခဲ့ပါတယ်"

"ဒါတော့ ကောင်းသွားပြီ"

"ရဟန်းဘဝနဲ့ နေခဲ့တဲ့ ဆယ်ရက်လုံး တရားအားထုတ်ရင်း အာပတ်ဖြေရတဲ့ ရဟန်းမဖြစ်အောင် စောင့်ထိန်းနိုင်ခဲ့ပါတယ် ရက္ခစိုး ကြီး"

"ကောင်းလေစွ ကောင်းလေစွ"



www.burmeseclassic.com

www.burmeseclassic.com



ရုက္ခစိုးကြီးက ချီးကျူးစကားဆို၍ သစ်ကိုင်းထက်မှ ပြန်ဆင်းလာ၏။ ရုက္ခစိုးကြီး အပင်ပေါ်တက်တာ ဆင်းတာက အဆင့်မြင့်တရုတ်သိုင်းကားထဲက သိုင်းသမားလို ပိရိသေသပ် ညင်သာလွန်းနေသည်။

"အင်း. . သင်ပြခဲ့သမျှ ကုသိုလ်ထဲမှာ ရဟန်းဘဝရောက်ဖူးတဲ့ကုသိုလ်က အားအကောင်းဆုံးပဲ၊ ပြီးတော့ ကျွန်ုပ်မြင်မိသလောက်သင့်မှာ အကုသိုလ်ကြီးကြီးမားမား မရှိခဲ့တဲ့အတွက် ကုသိုလ်ကို အားသာသွားစေတာဖြစ်တယ်"

"ဟုတ်ပါတယ် ရုက္ခစိုးကြီး၊ ပါဏာတိပါတာကံကတော့ အလုံခြုံဆုံးပါ ဘယ်သူ့အသက်ကိုမှ မသတ်ခဲ့ပါဘူး၊ နေတာကလည်း ခြင်လုံဇကာနဲ့ဆိုတော့ ခြင်တောင်မသတ်ခဲ့ပါဘူး"

"သာဓု သာဓု သာဓု. . . သင်ဘယ်ဘုံ ဘယ်ဘဝ ရောက်မယ်ဆိုတာ အတတ်မပြောနိုင်ပေမယ့် အပါယ်တံခါးတော့ ပိတ်လောက်ပါတယ်၊ ကိုင်း. . တရားနာဖို့ အချိန်ကပ်နေပြီ ပြန်ပေဦးတော့"

"ကောင်းလှပါပြီ ရုက္ခစိုးနတ်မင်း ဂါရဝပြုခဲ့ပါတယ် ခင်ဗျာ"

ရုက္ခစိုးကြီးကို နှုတ်ဆက်ပြီး ကျွန်တော်အိမ်ပြန်လာခဲ့သည်။ ရုက္ခစိုးကြီးနှင့် အင်တာဗျူးလုပ်ရင်း ကုသိုလ်ရှာပုံတော်ဖွင့်လိုက်တာ အချိန်တွေ အတော်ကုန်သွား၏။ သိပ်မကြာခင် အချိန်ကာလအတွင်း ကျွန်တော်ဘဝသစ်တစ်ခုသို့ ကူးပြောင်းရတော့မည်ဆိုတာ သိ၍ ဝမ်းနည်းကြေကွဲမှုက ဖိစီးနှိပ်စက်လာ၏။

"ငါ ဖေဖေမေမေတို့ကို ထားခဲ့ရတော့မယ်၊ တွယ်တာနှင့်ငြိချစ်သူဖြစ်ချင်လို့မရတော့ဘူး၊ အားလုံးနဲ့ ဘဝခြားသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်တည်းရေရွတ်ရင်း ကျွန်တော်မျက်ရည်ကျလာ၏။ ရန်နေခေါင်ထွင့်အမည်နှင့် လူ့ဘဝမှာ ကျင်လည်ခဲ့ရတာတွေ အဆုံးသတ်သွားခဲ့ပြီဖြစ်သည်။

'အင်း. . မေမေတို့ကလည်း ဂူတောင်မသွင်းတော့ဘူး တစ်ခါတည်း မီးသဂြိုဟ်ပစ်တော့တာပဲကို၊ အေးလေ ထူးမှမထူးတော့တာ ဘာမှအသုံးမဝင်တဲ့ ခန္ဓာကို ဒီလိုလုပ်ပစ်လိုက်တာ အကောင်းဆုံးပါပဲ"

ကျွန်တော် အိမ်ပြန်ရောက်လာ၏။ ခြံထဲက မုန့်ဟင်းခါး ဟင်းရည်အိုးကို ချစ်ဆွေနှင့်ဇော်လင်းခိုင် တစ်လှည့်စီ မွှေပေးနေကြသည်။

"ဂွတ်ဘိုင် သူငယ်ချင်းတို့ မင်းတို့အားလုံး တာဝန်ကျေကြပါတယ်ကွာ"

ကျွန်တော်ပြောတာ ဘယ်သူမှမကြား။ ဘာမှထပ်ပြောမနေတော့ဘဲ အိမ်ထဲသို့ ကျွန်တော်ဝင်လာခဲ့သည်။ မေမေ ဘုရားရှိခိုးနေ၏။ ဖေဖေက သံဃာတော်များကို လှူဒါန်းမည့် သင်္ကန်းနှင့်လှူဖွယ် ဝတ္ထုများကို ပြင်ဆင်နေသည်။

အဖေ့နားကျွန်တော်ကပ်၍ ထိုင်လိုက်ရင်း. . .

"ဖေဖေ ဒီအရွယ်ထိသားကို လိုလေသေးမရှိ ပြုစုစောင့်ရှောက်ပျိုးထောင်လာခဲ့တဲ့အတွက် ပြောမပြတတ်လောက်အောင် ကျေးဇူးတင်ပါတယ်၊ အဲဒီကျေးဇူးတွေ သား ပြန်မဆပ်နိုင်တော့ဘူးအဖေ၊ ဒါပေမယ့် နိဗ္ဗာန်မရခင်စပ်ကြား သံသရာတစ်ကွေ့မှာတော့ ပြန်တွေ့ကြဦးမှာ၊ ဘယ်လိုတော်စပ်မှုနဲ့ ပြန်တွေ့မယ်ဆိုတာ မသေချာပေမယ့် ကြုံရာဘဝမှာ မွေးကျေးဇူး ကျွေးကျေးဇူးတွေကို ဆပ်ခွင့်ရချင်ပါသေးတယ် ဖေဖေ"

ဖေဖေက နာရီကြည့်ပြီး ဒါရိုင်ဘာကိုမြင့်အား သံဃာတော်များ



www.burmeseclassic.com

www.burmeseclassic.com



ပင့်ဆောင်ရန် လွှတ်လိုက်သည်။ ကျွန်တော်ပြောတာ ဖေဖေလည်း မကြားမသိသဖြင့် စိတ်ပျက်ပြီး မေမေ့နားလျှောက်လာခဲ့၏။ မေမေက ဘုရားဝတ်ပြုပြီးနောက် ကျွန်တော့်ခေါင်းပုံရှေ့တွင် ကော်ဖီနှင့်မုန့်များ ချပေးနေသည်။ မေမေ ကျွန်တော့်ခေါင်းပုံကိုကြည့်ပြီး မျက်ရည်တွေတွေ ကျနေ၏။ မေမေ့ကို ကြည့်ပြီး ကျွန်တော်ပါ ငိုချင်လာသည်။ မေမေ့အား မြတ်နိုးလေးစားစွာနှင့် ဦးချကန်တော့လိုက်၏။

"ကိုးလလွယ် ဆယ်လဖွား အာဝေနိက ဒုက္ခတွေကြားက အသက်နဲ့ရင်းပြီး သားကိုလူ့လောကအရောက် ပို့ပေးခဲ့တဲ့မေမေ၊ သွေးကို မေတ္တာနဲ့ အောင်နိုင်ပြီး အဖြူရောင်နို့ရည်ကြည်အဖြစ် ပြောင်းလို့ နို့ချိုတိုက်ကျွေးခဲ့တဲ့မေမေ၊ ဥမမယ် စာမမြောက်ဘဝမှာ ရင်ခွင်ပိုက် စောင့်ရှောက်ခဲ့တဲ့မေမေ၊ လူတစ်လုံးသူတစ်လုံးဖြစ်အောင် ပညာအမွေ ပေးခဲ့တဲ့မေမေ၊ မေမေ့ကျေးဇူး မြင်းမိုရ်ဦးကို ဂါရဝတရားအပြည့်နဲ့ ရည်စူးပြီး သားကန်တော့ပါတယ် မေမေ"

တတွတ်တွတ်ပြောရင်း ရှိခိုးဦးချ၍ မဝနိုင်အောင် ဖြစ်မိသည်။ ကြည်လင်သန့်ရှင်း၍ ကျက်သရေအပြည့်နှင့်ခန့်ညားသော မေမေ့ မျက်နှာ ညှိုးနွမ်းနေတာကို ကျွန်တော်မကြည့်ရက်တော့။

"နို့တစ်စက်ဖိုးတော်င်ကျေအောင် ကျေးဇူးဆပ်ခွင့်မရဘဲနဲ့ သား သွားရတော့မယ်မေမေ၊ မေမေနဲ့တကွ ဘဝများစွာသံသရာက ဆုံခဲ့ရ တော်စပ်ခဲ့ရတဲ့ အမေအားလုံးရဲ့ ကျေးဇူးကို ရည်မှန်းပြီး သား ထပ်ကန်တော့ပါရစေ မေမေ"

မဝနိုင်အောင် ဦးချရင်း မေမေ့ကိုနှုတ်ဆက်ပြီးတော့ တွင်းတော့ကို သတိရသွားသည်။ တွယ်တာနှင့်ကောင်းမြတ်က အခိုးအတွက်



www.burmeseclassic.com

www.burmeseclassic.com



ကိုတ်မုန့်လိုးကာ ပြင်ဆင်နေကြ၏။ သူ့တစ်ဘဝလုံး ကျွန်တော့်ကို အမှတ်ရနေအောင် ကျွန်တော် နှုတ်ဆက်လိုက်ချင်သည်။

တွယ်တာ့အနားသို့ ကပ်လိုက်၏။ နားသယ်စပ်မှ ခွေလိပ်ကျနေသည့်ဆံနွယ်စလေးများကို လေနှင့်မှုတ်လိုက်သည်။ လေတိုးမှုကို ခံစားရသဖြင့် တွယ်တာ လှည့်ကြည့်၏။ လေလည်းမတိုက် ပန်ကာလည်း မဖွင့်ဘဲ ဆံနွယ်များလှုပ်ခတ်ရခြင်း အကြောင်းကို တွယ်တာ စဉ်းစားမိသွားသည် ထင်၏။ မျက်ဝန်းတို့ပြူးကျယ်ကာ ထိုင်ရာမှထ လိုက်သည်။ သရဲတစ်ကောင်ကို ကြောက်ရွံ့သည့် အမူအရာမျိုးတော့ မဟုတ်၊ သူမမြင်နိုင်သည့် ကျွန်တော့်အား ရှာဖွေနေရှာသည်။

"တွယ်တာ နင့်ကိုချစ်တဲ့အကြောင်း ငါကိုယ်တိုင် ဖွင့်ဟခွင့် မရတော့တာ စိတ်မကောင်းပါဘူးဟာ၊ တန်ဖိုးရှိတဲ့ အချိန်တွေကို နောက်ပြောင်တဲ့ ချစ်စကားတွေနဲ့ပဲ ဖြုန်းတီးမိခဲ့တဲ့အတွက် ငါနောင်တ ရလို့ မဆုံးပါဘူး"

တွယ်တာက ဟိုဟိုဒီဒီကြည့်ရင်း မမြင်ရသည့် ကျွန်တော့်ကို ရှာနေ၏။ ကျွန်တော် သူ့ပါးပြင်ကို လေနှင့်ထပ်၍ မှုတ်လိုက်သည်။'

"သိပ်ချစ်တယ် တွယ်တာ"

ကျွန်တော့် စကားကို သူမကြားသော်လည်း လေတိုးခံရသည့် သူ့ပါးသူ ညင်သာစွာ ပွတ်ရင်းပြုံးယောင်သမ်းသွား၏။ ဒီလောက်ဆို ကျွန်တော်ကျေနပ်ပါပြီ။

"နင် အထိတ်တလန့် မဖြစ်တော့ဘူးနော်၊ ဝမ်းသာလိုက်တာ ဟာ. . တကယ်ဆို ဝိညာဉ်တစ်ကောင် တွယ်ကပ်နေတာကို သိထားတဲ့ မိန်းကလေးတစ်ယောက်ဟာ ရုပ်ပျက်ဆင်းပျက်နဲ့ အကြီးအကျယ် ထိတ်



www.burmeseclassic.com

www.burmeseclassic.com



လန့်တုန်လှုပ်နေရမှာ"

"ရန်နောင်ထွင့် နင်ရှိနေတာငါသိတယ် တော်ကြာဆို တရားနာပြီး အမျှဝေတော့မှာလေ၊ နင့်အတွက် အမျှဝေတဲ့အခါ ကောင်းကောင်း သာဓုခေါ်ပါနော်"

"စိတ်ချပါတွယ်တာ အဲ့ဒီအတွက် ကျေးဇူးတင်ပါတယ်၊ သံသရာ ဖြစ်စဉ်တစ်နေရာရာမှာ နင်နဲ့ငါ ပြန်ဆုံကြဦးမယ်ဆိုတာ ငါလုံးဝယုံကြည်တယ်တွယ်တာ"

ကျွန်တော်ပြောတာ သူမကြားသော်လည်း သူပြောတာ ကျွန်တော်ကြားသည်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီလိုအပြန်အလှန် စကားပြောခွင့်ရတာကို ကျွန်တော် ကျေနပ်သည်။ ဘဝခြားခဲ့ပြီဖြစ်၍ သက်ဆိုင်ခွင့်မရှိတော့သော ချစ်ရသူကို ဒီထက်ပို၍ အထိတ်တလန့် မဖြစ်စေလိုပါ။ ကျွန်တော်ဆုံးဖြတ်ချက်အတိုင်း ဘယ်သူ့ကိုမှလည်း မစချင် မနောက်ချင်တော့ပါ။ ဒီနေ့သည် ကျွန်တော်၏ အသက်နှစ်ဆယ်ပြည့် မွေးနေ့ဖြစ်သလို ဘဝတစ်ပါးသို့ထွက်ခွာခွင့် ဗီဇာရမည့်နေ့လည်း ဖြစ်သည်လေ။

အရင်းနှီးဆုံး လူသားများကို မှတ်မှတ်ရရ နှုတ်ဆက်ပြီးသည့်နောက် အလုပ်ရှုပ်နေကြသည့် သူငယ်ချင်းများကို အနှောင့်အယှက်မပေးတော့ဘဲ ခြံထဲထွက်လာခဲ့၏။ ချစ်ဆွေနှင့်ဇော်လင်းခိုင် ဟင်းရည်အိုးဘေးမှာ ငိုက်နေကြသည်။ သူတို့ကိုလည်း မနောက်လိုတော့။ အပေါ်မော့ကြည့်မိတော့ အရှေ့ဦးကောင်းကင်တွင် လမင်းက ရွှေအော့(ဖ်)လုပ်ရန် အလှုပြင်နေပြီ။

လမင်းနှင့်ပိုပြီးနီးအောင် အိမ်ခေါင်မိုးပေါ် တက်ဦးမည်ဟု တွေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်နှင့် ကျွန်တော့် ခန္ဓာတစ်ခုလုံး မြောက်တက်၍ အမိုးပေါ် ရောက်သွား၏။ ဂျက်ကီချန်းတို့လို တရုတ်သိုင်းကား ရိုက်လို့ရပြီဟု တွေးရင်း သဘောကျမိသည်။ ရေတံလျှောက်အစွန်းတွင် ထိုင်ရင်း အပေါ်စီးမှ မြင်ရသမျှကို လှည့်ပတ်ကြည့်နေလိုက်၏။

"အင်း. . ဘဝကူးတဲ့အခါ ငါဘာဖြစ်မှာလဲ၊ အနာဂတ်ခန္ဓာက ဘာများလဲ၊ လားရမယ့် ဂတိကို ဆယ်တန်းအောင်စာရင်းလို ယမမင်း ရုံးရှေ့မှာ ကပ်ထားမယ်တော့ မထင်ဘူးဟာ၊ ဘဝကူးတယ်ဆိုတာ သေတာထက် ပိုအရေးကြီးပါလား ရင်တွေတောင် တုန်လာပြီ၊ ရုက္ခစိုး ကြီး မှာလိုက်သလို ရှိစုမဲ့စု ဒါနကုသိုလ်ကို အဖန်ဖန်အကြိမ်ကြိမ် အာ ရုံပြုနေမှ ဖြစ်မယ်"

ဘဝကူးကောင်းရန်အတွက် ကုသိုလ်ကိုအာရုံပြုပြီး သရဏဂုံ ဆောက်တည်နေလိုက်၏။ ဒါနနှင့်သီလ မပါ၊ သေခါမှ သိ. . ဆိုသည့် စကား၏ အဓိပ္ပာယ်လေးနက်ပုံကို ခုမှပဲ ရှင်းရှင်းပြတ်ပြတ် နားလည် တော့သည်။

"ငါ တိရစ္ဆာန်ဘဝတော့ မသွားချင်ဘူး၊ ခွေးတွေကြောင်တွေ အိမ်မြှောင်တွေလည်း မဖြစ်ချင်ဘူး၊ မပြီးသေးတဲ့ အလုပ်တွေ မဆပ်နိုင် ခဲ့တဲ့ ကျေးဇူးတရားတွေကို ပေးဆပ်နိုင်ဖို့ လူ့ဘဝပဲပြန်ရချင်တယ်"

လူ့ပြည်တွင်နေခွင့်ရခဲ့သည့် နှစ်,နှစ်ဆယ် ကာလတစ်လျှောက် လုံး. . စဟာယ်နောက်ဟာယ်နှင့် ပျော်ပျော်ပါးပါးနေခဲ့တာတွေကို အကြီး အကျယ် နောင်တရနေမိသည်။ သံသရာလည်မည့် ခန္ဓာအိမ်တို့ အကြိမ်ကြိမ်အဖန်ဖန်ရပြီး ဒုက္ခတောထဲမှာ နစ်နေခဲ့တာ ဘယ်နှကမ္ဘာ ရှိခဲ့ပြီမသိ၊ သို့ဖြစ်၍လည်း သံသရာပြတ်ပြီး ခန္ဓာရပ်အောင် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



အားထုတ်ခွင့်ရှိသည့် လူ့ဘဝကိုသာ ပြန်လိုချင်နေမိသည်။ ဒီတစ်ကြိမ် လူပြန်ဖြစ်လျှင်တော့ သာသနာ့မကွယ်ခင်မှာ မဂ်ဖိုလ် ဆိုက်အောင် ကြံဆောင်မည်ဟု ယတိပြတ်ဆုံးဖြတ်ချက် ချလိုက်သည်။

"ဟုတ်တယ် လူ့ဘဝပြန်ရရင် သံယောဇဉ်တွေ အကုန်ဖြတ်ပြီး ကိုယ်လွတ်ရုန်းနိုင်အောင် ကြိုးစားရမယ်"

ထိုဆုံးဖြတ်ချက်ကြောင့် ကျွန်တော် အားတက်ပျော်ရွှင်သွား၏။ ကျွန်တော် တမလွန်ကိုသွားရန် အဆင်သင့်ဖြစ်နေခဲ့ပြီ၊ ကျွန်တော် ပြုဖူးသမျှ ကုသိုလ်အဖို့ဘာဂများကို အကြိမ်ကြိမ်ရယ်ဗီရှင် ပြန်နေခိုက် သံတံခါးဖွင့်သံ တကျွီကျွီကိုကြား၏။ ကြည့်လိုက်တော့ အိမ်ကကား ခြံထဲဝင်လာတာ တွေ့သည်။ ကိုမြင့် သံဃာတော်များ ပင့်ကာ ပြန်လာခြင်းဖြစ်သည်။

ကျွန်တော် လက်နှစ်ဖက်ကို ဆန့်တန်းပြီး ခြေတစ်ဖက်အား ဗျိုင်းကဲ့သို့ ကွေး၍ တစ်ချောင်းထောက် အနေအထားနှင့် အပေါ်မှ ခုန်ချလိုက်၏။ စက်သီးကြိုးဆွဲရိုက်ကူးထားမှန်း လုံးဝမသိသာသော တရုတ်သိုင်းကား ရိုက်ချက်များအတိုင်း ကျွန်တော် မြေပြင်ထက်သို့ ဖြည်းညင်းစွာ ပြန်ကျလာသည်။

သံဃာတော်များ ကားပေါ်မှ အဆင်းနှင့် ကွတ်တိကြုံ၍. . . ရှိသေစွာ လက်အုပ်ချီရင်း. . .

"အိမ်ထဲကြွကြပါ သံဃာအရှင်သူမြတ်တို့ဘုရား"

ဘယ်ဆရာတော်မှ ကျွန်တော်ပြောတာ မကြား၊ ကိုမြင့် နောက်မှ လိုက်သွားပြီး ဝင်ပေါက်ဝမှ ခြေသုတ်ပုဆိုးနှင့် စောင့်နေသော အဖေထံ သံဃာများ ဦးတည်ကြွသွားကြသည်။ သံဃာဆယ်ပါး နောက်



www.burmeseclassic.com

www.burmeseclassic.com



မှ ကျွန်တော် ကပ်လိုက်ခဲ့၏။

သံဃာများ အိမ်ဦးခန်းတွင် နေရာယူပြီးနောက် ကျွန်တော်လည်း အဖေနှင့်အမေ့နား ကပ်၍ ထိုင်လိုက်သည်။ ဖေဖေ မေမေတို့ ဦးဆောင်ပြီး နမောတဿ အစချီ၍ ဘုရားရှိခိုး တရားတောင်းကြသောအခါ ကျွန်တော်လည်း လိုက်ဆိုသည်။ ဘုရားရှိခိုးပြီးသောအခါ ကျောင်းထိုင်ဆရာတော်က လွန်ခဲ့သော ခုနစ်ရက်ခန့်က ဘဝတစ်ပါးသို့ ပြောင်းသွား ကွယ်လွန်ခဲ့ပြီဖြစ်သော မောင်ရန်နောင်ထွဋ်ဟု ခေါင်းစဉ်တပ်၍ တရားချီးမြှင့်သည်။

ထိုတရားကို ကျွန်တော် သေချာနားစွင့်နာယူသည်။ ဒီတစ်ကြိမ် တရားနာရတာလောက် အရသာရှိတာ ကြည်နူးရတာမျိုး မကြုံဖူး၊ တရားအရသာကို ပီတိဖြစ်စွာ ခံယူနာကြားရင်း ဘဝကူး ခွန်အားတွေ တိုးပွားလာသလို ခံစားရ၏။ နောက်ဆုံးမှာတော့ ရေစက်ချ အမျှဝေဖို့ အချိန် ကျရောက်လို့လာသည်။ ဖေဖေ မေမေတို့ ရေစက်ခွက်ကိုယ်စီ ကိုင်လိုက်ကြသည်။ မေမေ့ထံမှ ရှိုက်သံနှင့် ငိုချလုလုအငွေ့အသက်ကို ခံစားရသည်။

"မေမေရယ် ဒီလောက်လည်း ပူဆွေးမနေပါနဲ့ သားနဲ့မေမေ အကြိမ်ကြိမ် ခွဲခဲ့ကြရပြီးပြီပဲ. . အဆန်းမှ မဟုတ်တော့တာ ရဲရဲသာ အမျှဝေ လိုက်ပါနော်"

မေမေ မကြားပါ၊ တဘက်နှင့် မျက်ရည်သုတ်ရင်း ရေစက်ချ တရားကို နာကြားသည်။ တရားအဆုံးမှာ ငွေကရားမှကျသည့် ရေစက်များနှင့်အတူ မေမေ့မျက်ရည်တို့ တသွင်သွင်ကျလာတော့၏။ ချည်ဖူး ပေးဝေသည့် အမျှကို လှိုက်လှိုက်လှဲလှဲ သာဓုခေါ် လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သာဓု သာဓု သာဓု"

ကျွန်တော် အားရကျေနပ်စွာဖြင့် သာဓုခေါ်ပြီးနောက် တောက်ပသော အလင်းတန်းတစ်ခု ပေါ်လာသည်။ ထိုအလင်းတန်းက ကျွန်တော့်ကို ညှို့ယူဆွဲခေါ်နေ၏။ ကျွန်တော် သွားရတော့မည်။ ယခုဘဝမှ မိခင်ဖခင်တော်စပ်သူများကို ကျွန်တော် လက်အုပ်ချီ၍ နောက်ဆုံး ဂါရဝ ပြုလိုက်သည်။

"နှုတ်ဆက်ခဲ့ပါတယ် ဖေဖေနဲ့မေမေ"

အားစိုက်မလုပ်ရှားရဘဲ ထိုအလင်းတန်းဆီ တရွေ့ရွေ့နှင့် ကျွန်တော်ရောက်သွားသည်။ တွယ်တာနှင့် သူငယ်ချင်းများထံ ကျွန်တော် အကြည့်ရောက်သွားသေးသည်။ ထူးခြားစွာပင် ဘယ်သူ့ကိုမှ သံယောဇဉ် နှောယ်မနေတာ သတိပြုမိ၏။ အားလုံးကို ထားရစ်ခဲ့ပြီး အလင်းတန်းဆီ ကျွန်တော် တိုးဝင်လိုက်၏။ ဘဝခြားသွားခဲ့ပြီဖြစ်သည်။ ရန်နောင်ထွဋ်ဆိုတာ ရုပ်ကော နာမ်ပါ မရှိတော့. . .



www.burmeseclassic.com

www.burmeseclassic.com



# ဇာတ်သိမ်း

ဥသြတို့ တာဝန်ကျေခဲ့ပြီ ဖြစ်သလို . . မိုးစွေငှက်တို့လည်း ကောင်းကင်ပြည့်မျှ လမ်းကြောင်းရှာ ပျံသန်းနေကြသည်။ ရက်ကို လစားခဲ့တာ ခြောက်ပတ်လည် ကာလသို့ပင် တိုင်ခဲ့ပြီ။ တွယ်တာတို့ အုပ်စုလည်း ဖိုင်နယ်စာမေးပွဲဖြေပြီးပြီမို့ ဘွဲ့မရတရ အလုပ်လက်မဲ့များ အဖြစ် တစ်ဆင့်မြင့်သွားပြီဖြစ်သည်။

စားမေးပွဲပြီးကတည်းက သူတို့သူငယ်ချင်းဖတွေ မဆုံဖြစ်တော့။ တစ်ခါတလေ ဖုန်းဆက်ချိန်းမှသာ တွေ့ဖြစ်ကြသည်။ သူငယ်ချင်း အဖြစ်မှ အရင်ဆုံး နှုတ်ထွက်သွားသော ရန်နောင်ထွဋ်ကိုတော့ တွယ်တာ



www.burmeseclassic.com

www.burmeseclassic.com



အထူးတလည် သတိရနေမိ၏။ တွယ်တာ့ဘဝတွင် အဖြေမပေးလိုက်ရသည့် ရည်းစားစာပေးသူတစ်ယောက်အနေနှင့် ရန်နောင်ထွဋ်တစာရင်းဝင်ခဲ့သည်။

ရန်နောင်ထွဋ်မှလွဲပြီး စာပေးသူ ရည်းစားစကား ပြောခဲ့သူများကို မချစ်နိုင်ပါ မဖြစ်နိုင်ပါဟုသာ အဖြေပေးခဲ့မိ၍ တွယ်တာ သူကိုယ်သူပင် နားမလည်ချင်သလို ဖြစ်လာရသည်။ ဒါဆို. . သူ ရန်နောင်ထွဋ်ကို ချစ်နေမိလို့များလား။ ဒီလိုမေးကြည့်တော့လည်း မရေရာ၊ မသေချာ။ အဖြေပေးချင်သည်ထားဦးတော့ စာပေးသူက မရှိတော့။ ထိုစာကရန်နောင်ထွဋ် ဆုံးပြီးခြောက်ရက်ပြည့်သည့်နေ့ကျမှ တွယ်တာ ဖတ်ခွင့်ရခဲ့ခြင်းဖြစ်သည်။ ထိုစာဖတ်ပြီး အများရှေ့မှာ တွယ်တာဟန်လုပ်၍တည်ငြိမ်ချင်ယောင် ဆောင်ခဲ့ရ၏။ တကယ်တော့ ရင်ထဲမှာ ဗလောင်ဆူအော်င် လှုပ်ရှားပေါက်ကွဲနေခဲ့သည်။

စသလို နောက်သလို ပြောင်ခဲ့သမျှ ရည်စားစကားတိုင်းအတည်ဖြစ်သည်ဟု စာထဲတွင် ဖွင့်ဟဝန်ခံထားခဲ့၏။ နောက်သလိုပြောင်သလို လုပ်ရခြင်းက တွယ်တာဒေါပွပြီး သူငယ်ချင်းအကန့်ကိုပါရုပ်သိမ်းသွားမှာ စိုးလို့ပါဟု ဆိုထားပြန်သည်။ မနောက်ပါနဲ့ ယုံချင်တယ်လို့ ပြောရမှာလားဟင်. . .။

တွယ်တာ တစ်ယောက်တည်း လူးလူးလိမ့်လိမ့်နှင့် တွေးတောရင်း ပျင်းကြောဆွဲနေမိသည်။ အတွေးတိုင်းမှာ ရန်နောင်ထွဋ်က ပါနေ၏။ အံ့သြစရာကောင်းစွာပင် ရက်လည်နေ့နောက်ပိုင်း ရန်နောင်ထွဋ်လုံးဝပျောက်သွားခဲ့သည်။ စသလို နောက်သလို ခြောက်လှန့်မှုများလည်း ငြိမ်သက်သွား၏။ တကယ်ပင် ကျွတ်တမ်းဝင်၍ ဘဝကူး



www.burmeseclassic.com

www.burmeseclassic.com



ကောင်းခဲ့သည်လား မသိ။ ဘာမှ မကြုံမတွေ့ရတော့လည်း လွမ်းချင်သလိုလိုပင် ဖြစ်မိ၏။ တကယ်လည်း လွမ်းလောက်ပါသည်လေ။

တစ်ခါက ဒုတိယနှစ် သင်တန်းအစတွင် တွယ်တာတစ်ယောက်တည်း ပတ္တမြားအဝိုင်းတွင် ထိုင်ပြီး ကျောင်းသူကျောင်းသားများကို ငေးနေမိ၏။ ထိုအခိုက် သူနားရောက်လာတာ ရန်နောင်ထွဋ် ဖြစ်သည်။ နောက်နောက်ပြောင်ပြောင် ပေါ့ပေါ့ပါးပါးနှင့် ခပ်ချောချော ရန်နောင်ထွဋ်က သူ့အရင်းနှီးဆုံး သူငယ်ချင်းများထဲမှတစ်ယောက်. .

"တွယ်တာ တစ်ယောက်တည်းလား ဟိုကောင်တွေကော"

"မလာသေးဘူးဟ ငါလည်းစောင့်နေတာ"

"ဟုတ်လား. . အတော်ပဲ ငါလည်းနင့်ကို တစ်ယောက်တည်း တွေ့ချင်လို့. . ချောင်းနေတာ ကြာပြီ. . ဟဲ. ဟဲ. ဟဲ. "

"ဘာ . . ဟဲ. ဟဲ. ဟဲ. . လဲ"

"ဟဲ. ဟဲ. ဟဲ. ဆိုတာ အသည်းထဲက စကားပြောဖို့ အစပျိုးတာ၊ ဟိုလေ. . နင် ရည်းစားစကားတွေဘာတွေ အပြောမခံချင်ဘူးလားဟင်"

စကားစလာကတည်းက နောက်ဖို့ပြောင်ဖို့ ဦးတည်နေသည်မို့ တွယ်တာ မျက်နှာကြော တင်းပစ်လိုက်ရင်း. . .

"ရန်နောင်ထွဋ်. . နင် ပါးကောင်းလို့ လက်ဝါးတောင်းတာလား"

"နင်ကလည်းဟာ ဒေါသချည်းပဲ ရည်းစားစကားနားထောင်ဖို့ အဆင်သင့် မဖြစ်သေးပါဘူးလို့ ပြောလည်း ရတာပဲဟာ"

"တော်စမ်းပါဟယ် ဗိုက်ဆာတယ်ဟာ ကင်န်တင်းသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကောင်းတယ် နင်ကြိုက်တဲ့ မြီးရှည်ထဲကို ငါ့အချစ်တွေပါ ထည့်သုပ်ပြီး ကျွေးမယ် စားမလား"

"ရန်နောင်ထွင်ရှ"

တွယ်တာ့ အသံတုန်း(TONE)က ကီးမြင့်နေ၍ ရန်နောင်ထွင်ရှ မျက်နှာပိုး သတ်လိုက်ရသည်။ ဒီလိုနှင့် စားသောက်ဆိုင်တန်းသို့ သူတို့ ရောက်ခဲ့ကြသည်။ မြေအိုးမြီးရှည်နှစ်ပွဲ မှာထားပြီး ရန်နောင်ထွင်ရှ စကားစပြန်၏။

"ညက နင့်ကို. . အိပ်မက် မက်တယ်. . သိလား တွယ်တာ"

"ရန်နောင်ထွင်ရှ. . နင် စကားကောင်းကောင်း မပြောတတ်ဘူးလား"

"အကောင်းပြောမှာပါ တွယ်တာရ၊ ဒီလိုဟာ ညက ငါတောင်တက်တယ်လို့ အိပ်မက်မက်တာ၊ တောင်ပေါ်မှာ နင်နဲ့တွေ့တယ်၊ ဒီတော့. . တွယ်တာ တို့တစ်တွေ တောင်တက်တုန်း တစ်တီတူးတွေ တောက်တဲ့တွေ တွေ့တယ်တဲ့တော့. . ဖြစ်သွားတာပေါ့"

"ရန်နောင်ထွင်ရှ"

"ငါအကောင်းပြောနေတာ မပြီးသေးဘူး၊ အဲ့ဒီမှာ တောက်တဲ့က နင့်ကို ရည်းစားစကား ပြောတော့တာပဲ"

"ဟဲ့. . အကောင်"

"တွယ်တာရယ် နင့်ကို သိပ်ချစ်တာပဲ သိလား. . "

အဲ့ဒီစကားအဆုံးမှာ ရန်နောင်ထွင်ရှက ခဏရပ်လိုက်သည်။ တွယ်တာ မျက်စောင်းထိုးလိုက်တော့မှ. . .

"တောက်တဲ့က အဲလိုပြောပြီးတော့ လူဖြစ်သွားသတဲ့ တောက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ မင်းသားလေးပေါ့၊ သူလူဖြစ်သွားတော့ ဘယ်သူနဲ့တူလဲ စဉ်းစား ကြည့်စမ်း"

"မစဉ်းစားဘူး"

"အေးလေ နင်မစဉ်းစားချင်လည်း ငါပြောပြမယ်၊ အဲ့ဒီ တောက်တဲ့မင်းသားလေးက ငါနဲ့ ချွတ်စွပ်တူတဲ့ ရန်နောင်ထွဋ် နောက် တစ်ယောက်ပဲ"

တွယ်တာ ရန်နောင်ထွဋ် လက်မောင်းကို ဖြန်းခနဲ မြည်အောင် ရိုက်ပစ်လိုက်သည်။

"အေး အဲ့ဒီပုံပြင်ကို ငါဆက်ပြောမယ်"

"ပုံပြင် မဟုတ်ဘူး အိပ်မက်"

"ဘာဖြစ်ဖြစ်ဟာ အဲ့ဒီမှာ ရည်းစားစကားပြောတဲ့ တောက်တဲ့ ကို တွယ်တာက မချစ်ဘူးလို့ ပြန်ပြောတော့ လူယောင်ဆောင်ရာက တောက်တဲ့ ပြန်ဖြစ်သွားသတဲ့"

"ဟုတ်လား"

"အေး. . ဒါနဲ့ အသာဖမ်းပြီး နယ်စပ်မှာ သွားရောင်းတာ သိန်း သုံးရာရတယ်၊ တောက်တဲ့က သုံးဆယ်သားကျော်နေတာကိုး. . အဲ့ဒီ တောက်တဲ့ကို ဘီလျံနာတရုတ်သူဌေးတစ်ယောက် ဝယ်ပြီး ချက်စား လိုက်တော့ တောက်တဲ့ ဘဝဆုံးရော. . ကဲ. . ပြီးပြီ"

"ဟား. . ဟား. . ဟား. . တောက်တဲ့ဘဝ ဆုံးပေမယ့် ရန် နောင်ထွဋ် သူ့ရဲ့အချစ်တွေက ခုမှစတာပါ"

အတိတ်ကအကြောင်းတွေ ပြန်တွေးပြီး တွယ်တာ ပြုံးမိသည်။ ရည်းစားစကားကို ထိုပုံစံမျိုးနှင့်သာ ခဏခဏပြောတတ်သော ဘယ်



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ယုံကြည့်တော့မှာလဲ၊ နောက်တယ်ပဲ ထင်ကြမှာလေ၊ ဒါကြောင့် တွယ်တာလည်း ရန်နောင်ထွဋ်ရဲ့ ပြောသမျှ နောက်နေတာ လို့ပဲ ယူဆခဲ့သည်။ ရန်နောင်ထွဋ် မကွယ်လွန်ခင် ထားခဲ့သည့်စာ၊ လက်ထဲရောက်ခါမှ သူတကယ်ချစ်ခဲ့တာပါလားဟု သိခဲ့ရ၏။ သို့သော် ရန်နောင်ထွဋ်ကား မရှိတော့။

'မှားတာရှိရင် တောင်းပန်ပါတယ်' အောင်လ သီချင်းသံ ထွက်လာ၍. . တွယ်တာ ဖုန်းကောက်ကိုင်လိုက်၏။

"တွယ်တာလား"

"အေး. . ဘာကိစ္စရှိလို့လဲ ကောင်းမြတ်"

"မနက်ဖြန် အောင်စာရင်းထွက်မယ်တဲ့ အတိအကျပဲ"

"ဟုတ်လား. . အမလေး ရင်တွေခုန်လိုက်တာ ကောင်းမြတ် ရယ်"

"အဲ့ဒါ. . မနက်ဖြန်မနက် ရှစ်နာရီ ကျောင်းမှာဆုံကြမယ်"

"အေး. . အေး. . အောင်ရုံလေးပဲလား ကွာလီဖိုင်း ဖြစ်မလား ဆိုတာ တွေးပြီး ကြောက်လိုက်တာဟယ်"

"ကြောက်မနေနဲ့ မေ့လည်းမနေနဲ့ မနက်ရှစ်နာရီ၊ ဒါပဲနော် တို့အားလုံး ပြန်ဆုံရအောင်"

"အေး. . အေး. . ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒဂုံတက္ကသိုလ်ကြီးသည် ကျောင်းသားတစ်ပတ်နွှမ်းများကို စိမ်းကားစွာ ကြိုဆိုနေသည်။ စိတ်လှုပ်ရှားစွာ စိတ်စောစွာနှင့် ထွက်လာခဲ့သဖြင့် ကျောင်းသို့ အစောကြီး ရောက်နေ၏။ အောင်စာရင်း ကပ်ထားသည့်နေရာတွင် ကျောင်းသားလေးငါးယောက်သာ အောင်စာရင်းကြည့်နေကြသည်။ တွယ်တာ ရင်ခုန်စွာနှင့် အောင်စာရင်းကြည့်လိုက်သည်။ တွယ်တာ အပါအဝင် သူငယ်ချင်းအားလုံး အောင်ကြ၏။ ဂုဏ်ထူးတန်း တက်ဖို့တော့ တစ်ယောက်မှ ကွာလီဖိုင်းမဖြစ်။

တွယ်တာ စိတ်မကျေနပ်သလို အောင်စာရင်းကို နောက်တစ်ခေါက် ပြန်ကြည့်၏။ အောင်စာရင်းအောက်နားတွင် ရန်နောင်ထွန်းနာမည်ကို တွေ့မိသလို ထင်၏။ မျက်လုံးများကိုပွတ်သပ်၍ သေချာပြန်ကြည့်တော့ ကော်ရက်ရှင်နှင့် ဖျက်လိုက်သလို တဖြည်းဖြည်းပျောက်ကွယ်သွားတာ တွေ့လိုက်ရသည်။ တွယ်တာ ထိတ်လန့်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



အနီးအနားကို လှည့်ပတ်ကြည့်မိသည်။ ထူးထူးခြားခြား ဘာတိုမှမတွေ့။

စိတ်ချောက်ချားစွာဖြင့် တွယ်တာ လှည့်ထွက်လာခဲ့သည်။ စာသင်ဆောင်တစ်ခု၏ လှေကားထစ်တွင် ထိုင်၍ သူငယ်ချင်းများကို စောင့်၏။

"ဟိုကောင်တွေကလည်း နောက်ကျလိုက်တာ"

"နောက်မကျပါဘူး ငါရောက်နေတာကြာလှပြီ"

"ဟင်"

လှည့်ကြည့်လိုက်တော့ ရန်နောင်ထွန်း. . .

"ဟယ်. . နင်. . နင်. . နင်ဘာလုပ်တာလဲ၊ နင်သေပြီ မဟုတ်လား"

"ဟား. . ဟား. . ဟား. . နင်တို့လည်း တော်တော် တုံးတယ်နော် တစ်တက်စားလည်း ကြက်သွန်မှန်းမသိ နှစ်တက်စားလည်း ကြက်သွန်မှန်မသိနဲ့ ခုထိ ငါနောက်သမျှ ခံနေရတုံးပဲ"

"ဘာပြောတယ် နင်နောက်တာ ဟုတ်လား"

"ဟုတ်တယ်လေ ငါသေပြီဆိုပြီး နောက်ခဲ့တာ၊ ဒါလည်း နင်တို့ဆုံတာကိုး"

"မဟုတ်သေးပါဘူး အသုဘလည်းလိုက်ပို့"

"အဲ့ဒါခက်တာပေါ့. . ငါနောက်ရင် အကွက်ဆင်ပြီး ပိပိရိရိ နောက်တတ်တယ်ဆိုတာ သိရဲ့သားနဲ့"

"ဒါဆို နင် မသေဘူးပေါ့"

"အေး"



www.burmeseclassic.com

www.burmeseclassic.com



"အခု ဘာလာလုပ်တာလဲ"

"နင့်ဆီက အဖြေလာတောင်းတာ"

"ဟင်"

"ဟုတ်တယ် တွယ်တာ၊ တို့တွေ ကျောင်းပြီးပြီလေ ပညာစုံရင် ကြင်ယာစုံဖို့ပဲ ကျန်တော့တာမဟုတ်လား ငါနင့်ကို လက်ထပ်ချင်ပြီ တွယ်တာ"



www.burmeseclassic.com

www.burmeseclassic.com



**ထို**အခိုက် ကောင်းမြတ်၊ ချစ်ဆွေ၊ စုစုစံနှင့် မိုးမိုးဆွေတို့ အောင်စာရင်းကြည့်ပြီးသည်အထိ တွယ်တာကို မတွေ့သေးသဖြင့် လိုက်ရှာကြသည်။

တစ်နေရာအရောက် အုံ့ဩစရာ မြင်ကွင်းကို မြင်လိုက်သဖြင့် အားလုံးမှင်တက်မိပြီး ငေးကြည့်နေမိကြသည်။

"ရန်နောင်ထွဋ် နင်နောက်နေတာလား"

"နောက်စရာလား တွယ်တာရယ်၊ တို့တွေ လူကြီးဖြစ်နေပြီလေ ပြီးတော့ ငါသိပ်ချစ်တဲ့နင့်ကို တစ်ဘဝလုံး တာဝန်ယူစောင့်ရှောက်ချင် ပြီလေ၊ ခွင့်ပြုပေးပါ တွယ်တာရယ်နော်"

တွယ်တာ ဝမ်းသာကြည်နူးစိတ်များနှင့် ပြုံးပျော်ပြီး ရန်နောင် *ထွဋ်အား စကားဖေါင်ဖွဲ့* ပြောနေလိုက်၏။

ဒါကိုမြင်ရသည့် သူငယ်ချင်းများအနေနှင့် နားမလည်နိုင်သလို



www.burmeseclassic.com

www.burmeseclassic.com



ပူပင်စိတ်လည်း ဖြစ်မိကြသည်။

"တွယ်တာ ဘယ်သူနဲ့ စကားပြောနေတာလဲဟင်"

"အနားမှာ ဘယ်သူမှ မရှိဘူးလေ၊ သူတစ်ယောက်တည်း ပြောနေတာပေါ့"

"တစ်ယောက်တည်း ပြောရအောင် တွယ်တာက ရူးနေလို့လား"

"အဲ့ဒါတော့ ငါလည်း မပြောတတ်ဘူး မိုးဆွေ၊ သူနဲ့ မဆုံဖြစ်တာလဲ ကြာလှပြီလေ၊ သူဘာတွေ ဖြစ်နေလဲဆိုတာ ငါဘယ်လိုလုပ်သိမှာလဲ"

"အေးဟယ် ဒုက္ခပါပဲ၊ ဟောဟော. . ဟိုမှာ သဘောတကျနဲ့ ရယ်နေလိုက်တာ ကြည့်စမ်းပါဦး၊ သေချာပါပြီ သူ ရူးနေတာပဲဖြစ်မယ်ထင်တယ် သိလား"

မိန်းကလေး တစ်ယောက်ကို ခပ်လှမ်းလှမ်းမှ ဝိုင်းကြည့်နေကြသည့် ကောင်းမြတ်တို့အုပ်စုအား တခြားကျောင်းသူ ကျောင်းသားများ သတိပြုမိသွားပြီး ရပ်ကြည့်လာကြသဖြင့် ထိုနေရာတွင် တဖြည်းဖြည်း လူများလာ၏။ တစ်ယောက်တစ်ပေါက်လည်း တီးတိုးဝေဖန်လာကြသည်။

BURMESE CLASSIC

"တစ်ယောက်တည်း စကားပြောနေပါလား"

"သနားစရာပဲနော်၊ ရုပ်ကတော့ ရှယ်ပဲ ဘရိန်းကသာ မကျက်တကျက်ဖြစ်နေတာ"

"အေး ဟယ်"

ဒါတွေကို တွယ်တာမသိ၊ သတိမပြုမိ၊ မတွေ့တာကြာပြီဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည့် သူငယ်ချင်း ရန်နောင်ထွဋ် နှင့် စကားဖေါင်ဖွဲ့မဆုံးဖြစ်နေ၏။

သူ့ အသည်းထောင့်တစ်နေရာတွင် မသိမသာ ခိုအောင်းနေသည့် အချစ်တွေကို ရန်နောင်ထွဋ်ဆိုသည့် လူနောက်လေးအား ပုံအပ်လိုက်ရန် သင့်မသင့် စဉ်းစားရင်း မဝေခွဲနိုင်စွာဖြင့်. . . .

ရှင်လန်းချမ်းမြေ့ကြပါစေ...

WAIHZAR

www.burmeseclassic.com